The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 25 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 6 , 2015

## အရည်အသွေးခေတ်ကို ရှုထောင့်ကြမှာလား
မျိုးသူ (မွန်လေး) ၂၀



## ပွတ်သဘာင်ပွဲ ဆင်နွှဲနေလေပြီ



၁၄

## CP Land Plc. က မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မည်
၁၃

## LINE Messenger App ကို မြန်မာနိုင်ငံတွင် တရားဝင်အသုံးပြု၍ရပြီ
၂၆

## ပြည်ပဈေးကွက်အရောင်းအဝယ်သွက်နေသော ရောပုသိမ်ထီးဈေးကွက်
၂၇

# ROYAL Auto Car Sale Centre

ROYAL AUTO SERVICES

အမျိုးအစား စုံလင်သောကားများကို တစ်နေရာတည်းတွင် ကြည့်ရှုဝယ်ယူနိုင်ပါသည်။

## “အရည်အသွေးမှန်၊ ဈေးနှုန်းတန်၊ ဝန်ဆောင်မှုကမြန်
## Royal Auto ရောက်လျှင် စိတ်ချမ်းသာမှာဧကန်”

**Toyota Alphard**



2002 model
2400cc
AX-L edition
front and back camrea,
8 seater
160 သိန်း + slip

**Toyota Crown**



2004 model
Royal saloon G
3000cc, original TV,
Back camera
push start
240 သိန်း + slip

**Toyota Crown**



2002 model
Premium
pearl 1 tone
Original TV
2500cc
115 သိန်း + slip

**Toyota ipsum**



2002 model
U-G selection,
front and back camera
6 air bags, seat motor
130 သိန်း + slip

**Toyota Landcruiser (24 Valve)**



1997 model
2 air-bag
440 သိန်း +slip

**Toyota land cruiser**



1999 model
2007 ရုပ်ပြောင်း
TV, height control,
sunroof
580 သိန်း + slip

**Toyota mark II**



2002-2004 model
original TV
90 သိန်း-130 သိန်း + slip

**Toyota Landcruiser Prado**



2003 model
gasoline,3400cc
TZ-G edition
leather seat,original
TV+back camera
sunroof,height control,
8 seater,
420 သိန်း +slip

**NISSAN Clipper**



2007 model
PS ,AC ,
auto
63 သိန်း

**Toyota landcruiser prado**



1997 model
TX limited
8 seater
Sunroof
240 သိန်း + Slip

**Toyota Rav4**



2001 model
Silver/white
1.8 / 2.0
original TV +
back camrea
130 သိန်း-125 သိန်း+ slip




အမှတ် (၇၂)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉ ၄၉၂၄၃၄၆၃၊ ၀၉–၃၁၆၈ ၅၅၆၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
# (၃-၇-၂၀၁၅) နေပြည်တော်

၁။ နိုင်ငံတော်အစိုးရသည် အုပ်ချုပ်ရေးယန္တရား စွမ်းဆောင်ရည် ထိရောက်ထက်မြက်စေရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံအင်အားကိုကျစ်လျစ်ပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် စနစ်တကျပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည်လည်း ပြုပြင်ပြောင်းလဲရေး မူဝါဒများနှင့်အညီ ပြောင်းလဲဖွဲ့စည်းမှုများကိုဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအား ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဟူ၍ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ဝန်ကြီးဌာနဖွဲ့စည်းပုံအသစ်ဖြင့် လုပ်ငန်းများအား စတင်လည်ပတ်ဆောင်ရွက်မှုနှင့်အတူ ဝန်ကြီးရုံးအား ဦးစီးရုံးအပြင် အောက်ပါ ဌာနခွဲ ၅ ခုဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်လျက်ရှိပါသည်-

**(က) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ**
**(ခ) မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ**
**(ဂ) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ**
**(ဃ) ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ**
**(င) ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ**

တို့ ဖြစ်ကြပါသည်။

၄။ နိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ သဘောထားဆန္ဒ ဖြစ်ရပ်မှန်များကို သိရှိနိုင်ရန်နှင့် နိုင်ငံတော်၏ ရည်မှန်းဆောင်ရွက် လုပ်ကိုင်နေမှုများကို ပြည်သူများ သိရှိနားလည်သဘောပေါက်စေရန်အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများ၏ အခန်းကဏ္ဍကို အလေးထား၍ ဝန်ကြီးဌာနများ၏ မှန်ကန်သော သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့် ပြည်သူများသိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲကို ဝန်ကြီးဌာနအားလုံးတွင် ထည့်သွင်းဖွဲ့စည်းခြင်းဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်း ၎င်းဌာနခွဲကို ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၏ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိလိုသော သတင်းအချက်အလက်များကို တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ လူတွေ့မေးမြန်းခြင်းဖြင့်သော်လည်းကောင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်မှာ Website - www.commerce.gov.mm ဖြစ်ပါသည်။

**ဆက်သွယ်ရန် -**

- ဦးမြင့်စိုး၊ လက်ထောက်အတွင်းဝန်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
  ရုံးဖုန်း - ၀၆၇ ၄၀၈၂၃၉၊ လက်ကိုင်ဖုန်း - ၀၉ ၅၀၃၆၉၅၆
- ဒေါ်ခင်မျိုးရီ၊ လက်ထောက်အတွင်းဝန်၊
  ပြည်တွင်း/ ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ
  ရုံးဖုန်း - ၀၆၇ ၄၀၈၀၁၃၊ လက်ကိုင်ဖုန်း - ၀၉ ၄၂၀၇၁၄၄၄၀၊
  ဖက်စ် - ၀၆၇ ၄၀၈၀၀၄
- ဦးအောင်သူရ၊ ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊
  ကုန်သွယ်ရေးဦးစီးဌာန
  ရုံးဖုန်း - ၀၆၇ ၄၀၈၂၃၀၊ ဖက်စ် - ၀၆၇ ၄၀၈၄၈၄
  Email - aungthural12@gmail.com
- ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူး၊ ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်
  စားသုံးသူရေးရာဦးစီးဌာန
  ရုံးဖုန်း - ၀၁ ၃၇၁၂၀၃၊ လက်ကိုင်ဖုန်း - ၀၉ ၄၉၂၂၀၇၈၊
  ၀၉ ၇၉၉၆၇၇၀၁၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ရေးအဖွဲ့

# တတိယအကြိမ်မြောက် မြန်မာ့နိုင်ငံတကာဆေးဝါးနှင့် ဆေးပစ္စည်းလုပ်ငန်းများ ပြပွဲနှင့်တွေ့ဆုံပွဲ (The 3rd International Exhibition & Conference on Pharmaceutical & Medical Equipment Industry for Myanmar) ကျင်းပမည်

Minh Vi Exhibition & Advertising Service Co., Ltd. နှင့် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း (Myanmar Pharmaceutical & Medical Equipment Entrepreneurs' Association(MPMEEA) တို့ ပူးပေါင်းကျင်းပပြီး မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ ပံ့ပိုးမှုဖြင့် တတိယအကြိမ်မြောက် မြန်မာ့နိုင်ငံတကာဆေးဝါးနှင့် ဆေးပစ္စည်းဆိုင်ရာ လုပ်ငန်းများ ပြပွဲနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၉ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ၏ အမျိုးမျိုးသောထုတ်ကုန်များနှင့်နောက်ဆုံးပေါ် ကိရိယာများ၊ ဆေးဝါးထုတ်လုပ်ငန်းများ အပါအဝင် နောက်ဆုံးပေါ်နည်းပညာများ၊ မတော်တဆနှင့် အရေးပေါ်သုံးပစ္စည်းများ၊ အရိုးကုသခြင်းနှင့် သက်ဆိုင်သည့်ပစ္စည်း ကိရိယာများ၊ နည်းပညာအသုံးပြုခြင်းနှင့် ဝန်ဆောင်မှု၊ အစားအသောက်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာ၊ သွားနှင့်ပတ်သက်သည့်ပစ္စည်းများနှင့် အကူပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဆေးခန်းသုံးပစ္စည်းများ၊ ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ပိုးမွှားနှင့် ရောဂါကူးစက်မှုကာကွယ်ရေး၊ လျှပ်စစ်ပစ္စည်းသုံးဆေးကုသရေး ပစ္စည်းများ၊ ဆေးရုံသုံးပရိဘောဂနှင့် ပစ္စည်းများ၊ ဆေးကုသရေးကုထုံးများ၊ မျက်စိကုသရေးပစ္စည်းများ၊ ဓာတုဗေဒနှင့် အာဟာရဖြည့်စွက်စာများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံ PSP Corporation မှ PACS(Picture Archiving Communication System) ကိုလည်းကောင်း၊ မလေးရှားနိုင်ငံ Kossan Latex Industries(M) SDN BHD မှ ခွဲစိတ်ခန်းနှင့် စမ်းသပ်ခန်းသုံး လက်အိတ်များကို လည်းကောင်း၊ အမေရိကန်နိုင်ငံ Robison Pharma, Inc. မှ အာဟာရဖြည့်စွက်စာများကိုလည်းကောင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဆေးပညာရပ်နှင့်ပတ်သက်သည့်ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြပွဲ သုံးရက်စလုံးတွင် "Development of Clinics & Hospital in Myanmar"၊ "Demand of Myanmar Healthcare Industry- Discover your opportunities"၊ "Innovations in Medical Devices" ဟူသောခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ရာ ပရိသတ်များကလည်း ပြန်လည်ဆွေးနွေးခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲ၏ နောက်ဆုံးနေ့တွင် ပြပွဲ၌ ပါဝင်ပြသသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား မြန်မာနိုင်ငံ၏ဆေးရုံစနစ်ကို ပိုမိုနားလည်စေရန်ရည်ရွယ်၍ ဗဟန်းမြို့နယ်ရှိ ဇီဝတဒါနသံဃဆေးရုံကြီးသို့ သွားရောက်လေ့လာခြင်းအပြင် လှိုင်သာယာစက်မှုဇုန်ရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့လည်း သွားရောက် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.25 Monday July 6 2015

# တရုတ်ဘက် အဖမ်းအဆီးသတင်းကြောင့် မြန်မာ့ပြည်တွင်းဆန်ကြမ်းဈေးကွက် အနည်းငယ်အေးနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန် ဈေးကွက်မှာ ဇူလိုင်လ ၃ ရက်နေ့ဈေးနှုန်းများအရ ဆန်ချောဖြစ်တဲ့ ဖျာပုံဆန်ပေါ်ဆန်း လတ်စတစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ ထိပ်စ ၃၂၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၅၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့် ဈေးပြန်တက်လာတာ တွေ့ရသော်လည်း အခြားဆန်ချောအစများမှာ ဈေးငြိမ်နေတာ တွေ့ရပါတယ်။

ယခုလဆန်းရက်မှာ ယခင်လဆန်းရက်တွေလို အရောင်းအဝယ် ပြန်မကောင်းခဲ့သော်လည်း အဝယ်ပုံမှန်ရှိလာလို့ ကောင်းတဲ့ဆန်ချောစတွေ ဈေးနည်းနည်းပြန်တက်ရတာဖြစ်ကြောင်း၊ ဧည့်မထထိပ်စတစ်အိတ်ကို ကျပ် ၂၀၇၀၀၊ ရွှေဆန်ရှယ် ဈေးနှုန်း ကျပ် ၁၈၅၀၀ မှ ကျပ် ၁၉၃၀၀ ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ကျပ် ၁၀၀မှ ကျပ် ၄၀၀ အတွင်း ဈေးဆက်ကျလာ ကြောင်း၊ ရန်ကုန် FOB အရောင်းငြိမ်နေခြင်းနှင့် တရုတ်-မူဆယ် လိုင်းအဆွဲ လျော့လာခြင်းများကြောင့် ဆန် ကြမ်းဧည့်မထအများစုမှာ ဈေးဆက်ငြိမ်နေရခြင်းဖြစ်ကြောင်း၊ ဝါးတန်းဒိုင်သို့ ဆန်အဝင်နှင့် အရောင်းအဝယ် အခြေ အနေမှာ ပုံမှန်သာရှိနေရာ တရုတ်ဘက်မှ ဆန်အဖမ်းအဆီးသတင်းကြောင့် ပြည်တွင်းမြန်မာကုန်သည်များ မူဆယ်သို့သတိထား တင်ပို့လာကြကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်မြို့ဆန်ဈေးကွက်မှာ ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် (၅၀ ကီလို) ကို ကျပ် ၁၆၈၀၀ မှ ကျပ် ၁၇၁၀၀ ခန့်ရှိနေပြီး ဆန်သားနှင့် ဆန်ကွဲ Spec အပြည့်၊ အလေးချိန်အပြည့်ဆိုပါက တစ်အိတ်လျှင် ကျပ် ၁၈၃၀၀ မှ ကျပ် ၁၈၅၀၀ ခန့်ရှိနေကြောင်း EMATA MYANMAR 25 % FOB (YANGON) ဈေးမှာလည်း တင်ပို့မည့်နိုင်ငံနှင့် ဆန်သားပါဝင်မှုပေါ်မူတည်ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၁၀-၃၁၅) မှ အမေရိကန်ဒေါ်လာ (၃၃၀-၃၄၀) အထိဈေးနှုန်းရှိကြောင်း၊ သို့သော် ပြည်တွင်းဆန်ဈေးမြင့်နေသဖြင့် များများလည်း မရောင်းရဲဘဲ ကွန်တိန်နာဖြင့် အနည်းငယ်သာ ရောင်းချမှုရှိကြောင်း၊ အချို့မှာရောင်းထားပြီး အကြွေးပြန်ဆပ်ရန်အတွက်သာဈေးကွက်မှာဝယ်ယူမှု အချို့ရှိသော်လည်း ရန်ကုန် FOB ဆန်ဈေးကွက်အေးနေ ကြောင်းသိရှိရပါသည်။

တရုတ်-မူဆယ်လိုင်းရဲ့ ဆန်ဈေးကွက်မှာ ယနေ့ဈေးနှုန်းမထွက်နိုင်ဘဲ ဇူလိုင်လ ၂ ရက်နေ့ရှိမူဆယ်ဆန်ဈေးနှုန်းမှာ ဧည့်မထ ၅ မှတ် ရွှေရှယ်/စူပါတစ်အိတ်ကို ၁၃၆/၁၄၀ ယွမ်၊ မော်ဘီ ၁၃၆-၁၄၁ ယွမ်၊ ဧည့်မထ ၁၀ မှတ် 747 တစ်အိတ်ကို ၁၃၆-၁၃၉ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီ ၁၃၀-၁၃၃ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၅-၁၂၇ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခ ၁၂၂-၁၂၄ယွမ်၊ ငစိန် ၅ မှတ် ၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၂-၁၂၃ ယွမ်၊ B1,2 တစ်အိတ်ကို ၉၄-၉၈ ယွမ်၊ B1,ExTRA ၁၀၀-၁၀၅ ယွမ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၂ ယွမ်မှ ၆ ယွမ်အတွင်း ဈေးကျခဲ့ကြောင်း၊



ယနေ့မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၈၉ ဒသမ ၃၉ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်ယွမ်လျှင် ၁ ဒသမ ၇၈ ကျပ် ဈေးတက်ခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်း နယ်စုံမှ မူဆယ် သို့ ဆန်တန်ချိန် ၂၀၁၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ဆန်အဝင်မှာ ယခင်ရက်သတ္တပတ်များထက်လျော့နည်းလာ ကြောင်း၊ ယခုရက်ပိုင်း တရုတ်ဘက်မှာ လူနှင့်ဆန်ပါဖမ်းဆီး ခံရသည့် သတင်းကြောင့် မူဆယ်သို့ တရုတ်ဘက်မှ ကုန်သည် အလာ ထက်ဝက်ခန့်ကျသွားပြီး ဆန်အဝယ်လည်း သိသိသာ သာ လျော့ပါးကာ ဆန်ဈေးပါ လိုက်ကျလာခဲ့ကြောင်း၊ ရန်ကုန်-မူဆယ်ဆန်တင်ဆောင်ခမှာ တစ်တန်လျှင် ယနေ့ ဈေးနှုန်းမှာ သိုလှောင်ရုံနေရာကိုလိုက်၍ ကျပ် ၇၀၀၀၀ မှ ကျပ် ၇၃၀၀၀ ထိသာရှိတော့သဖြင့် ယခင်တစ်ပတ်ထက်တစ်တန်လျှင် ကျပ် ၁၂၀၀၀ ဈေးကျလာကြောင်း၊ တရုတ်ဘက်မှ ဆန်အဖမ်းအဆီးနဲ့ အခြားအခြေအနေများကြောင့် မူဆယ်မှာ ဆန်အရောင်းအဝယ်ပါးသွားကာ ဆန်အတင်လည်းပါးလာလို့ ကားခဈေးတွေပြန်ကျနေရတာဖြစ်ကြောင်း မူဆယ်ဆန်ဈေးကွက်နဲ့ ကုန်တင်ကားဂိတ်များမှ သိရှိရပါ တယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန်လ ၂၆ ရက်နေ့ထိတန်ချိန် ၄၉၄၆၄၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက်တန်ချိန် ၁၉၆၉၉၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ဖိုးပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ မြန်မာ့ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် အဓိကပြည်တွင်းဈေးကွက်သာရှိနေတဲ့ ဆန်ချောတွေက ပုံမှန်လေးသာဆက်သွားနိုင်ပြီး ပြည်ပအဓိက ဆန်ဈေးကွက်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့အဖမ်းအဆီးသတင်းကြောင့် မြန်မာပြည်တွင်းဆန်ကြမ်းဈေးကွက် အနည်းငယ်ဆက်အေးနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိနေကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး(ဆန်စပါး)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၇-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၉ | ၃၉၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၈၁ | △ | ၃၄၅ | ၃၄၅ | □ | ၃၇၅ | ၃၈၀ | ▽ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၆၈ | □ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၀ | ၃၃၅ | ▽ |
| ပေါင်းဆန် | ၃၆၅ | ၃၈၀ | △ | - | - | - | ၃၆၅ | ၃၆၅ | □ | ၃၉၅ | - | - |

Source: oryza.com

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂-၇-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၅၀ | ၄၅၀ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

Source: oryza.com

## ပြည်တွင်းမြို့ကြီးများ၏ (၃-၇-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၃၆ | □ | ၁၈၅၀၀ | □ | ၇၅၄၄ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၁၀၀၀ | □ | ၇၄၄၇ | ▽ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၅၅၀ | □ | ၁၉၅၀၀ | △ | ၆၇၀၀ | △ | ၃၀၅၀၀ | △ |
| ရွှေဘို | ၅၀၅၀ | △ | ၂၄၅၀၀ | △ | ၁၁၅၀၀ | △ | ၃၉၅၀၀ | □ |
| စစ်တွေ | ၄၈၀၀ | △ | ၁၉၀၀၀ | □ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၅၀ | □ | ၁၉၅၀၀ | □ | - | - | ၃၅၅၀၀ | △ |
| မန္တလေး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | △ | ၁၈၅၀၀ | □ | ၇၈၀၀ | △ | ၃၂၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | △ | - | - | ၄၂၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံသို့ ဆန်ပုံမှန် တင်ပို့လျက်ရှိ

မြန်မာ- တရုတ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံဖက်သို့ ဆန်တင်ပို့မှုမှာ ဇွန်လစတုတ္ထပတ်အတွင်း ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၈ ဒသမ ၄၇၆ သန်းဖိုးရှိ ဆန်တန်ချိန် ၂၃၀၃၆ တန်ကို တင်ပို့ခဲ့ရာမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၁၃၅၀၀၊ ဧည့်မထဆန် ၇၅၃၇ တန်နဲ့ လွယ်ဂျယ်မှ တန် ၂၀၀၀ အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ဆန်တန်ချိန် ၂၃၀၄၃ တန်တင်ပို့ခဲ့တဲ့အတွက် ပုံမှန်တင်ပို့လျက်ရှိပါတယ်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုများနေသော်လည်း မိုးစပါးမပေါ်မီ ဆန်ပြတ်လပ်မည်ကို စိုးရိမ်စရာမလိုကြောင်း၊ ဆန်လက်ကျန် အလုံအလောက်ရှိနေကြောင်း၊ ပြည်တွင်းမှာ ဆန်စပါးရှားပါးချိန်ဟာ ဇူလိုင်လနှင့် ဩဂုတ်လတို့ဖြစ်ပြီး လက်ရှိဆန်ဈေးကြီးမြင့်မှုကြောင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချခြင်းမရှိခဲ့ပါက စိုးရိမ်စရာမရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းမှ သိရှိရပါတယ်။ ယခုဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန်ရည်ရွယ်ထားပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ဆန်တန်ချိန် ၁ ဒသမ ၈သန်း တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ဆန်ပုံမှန်တင်ပို့နေသော်လည်း ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ လွယ်ဂျယ်စခန်းမှ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင်မှ ဆန်ကွဲ ၅၇၅၀ တန်သာတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်၄၆၀၀ ကျော်လျော့နည်းခဲ့ပါတယ်။ကောက်ညှင်းဆန် တန် ၄၀၀၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၉၂ သန်းဖိုးကို မူဆယ်မှတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၀၀ ကျော်လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၇-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၆ | ၃/၇ | ပြောင်းလဲမှု | ၂၆/၆ | ၃/၇ | ပြောင်းလဲမှု | ၂၆/၆ | ၃/၇ | ပြောင်းလဲမှု | ၂၆/၆ | ၃/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၄၉ | ၂၀၀၄ | ▼ | ၂၂၁၇ | ၂၀၀၀ | ▼ | ၂၀၅၀ | ၂၀၅၀ | ■ | ၁၉၅၀ | ၁၉၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၀၆၆ | ၂၀၇၄ | ▲ | - | ၁၉၆၇ | - | ၁၉၉၀ | ၁၉၇၅ | ▼ | ၁၉၅၀ | ၁၉၅၀ | ■ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၁၇၇၀ | ၁၉၅၆ | ▲ | ၁၉၅၀ | ၂၀၂၆ | ▲ | ၁၀၄၂ | ၁၀၄၃ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၀၀ | ၁၄၅၀ | ▼ | - | - | - | - | - | - | ၁၂၂၆ | ၁၂၂၆ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၂၀၀ | ၁၂၀၀ | ■ | - | ၁၀၀၃ | - | - | - | - | ၈၀၅ | - | - |
| ၆ | ထောပတ်ပဲ | ၇၀၀ | ၇၀၀ | ■ | ၈၀၉ | ၈၅၃ | ▼ | ၇၁၁ | ၇၁၁ | ■ | ၇၀၉ | ၆၅၇ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃-၇-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၅/၆ | ၂/၇ | ပြောင်းလဲမှု | ၂၅/၆ | ၂/၇ | ပြောင်းလဲမှု | ၂၅/၆ | ၂/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၃၀ | ၁၁၀၀ | ▼ | ၁၂၀၃ | ၁၁၇၂ | ▼ | ၁၁၄၀ | ၁၁၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၇၀ | ၁၀၆၀ | ▼ | ၁၁၃၂ | ၁၁၀၅ | ▼ | ၁၁၀၀ | ၁၁၀၉ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၄၉ | ၉၄၄ | ▼ | ၁၀၃၀ | ၉၆၀ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၆၉၂ | ၆၉၂ | ■ | ၆၇၆ | ၆၉၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၀.၆.၁၅)ထိ | ယခုတစ်ပတ် (၂၇.၆.၁၅)ထိ | (၁.၄.၁၅) မှ (၂၇.၆.၁၅) ထိ |
| မတ်ပဲ | ၂၇၃၁၄ | ၈၄၉၄ | ၂၇၈၅၉၉ |
| ပဲတီစိမ်း | ၁၉၄၄ | ၁၁၀၄ | ၆၀၀၀၄ |
| ပဲစင်းငုံ | ၃၃၇၆ | ၂၃၄၉ | ၇၄၅၇၄ |
| ကုလားပဲ | ၁၀၄၁ | ၆၅၅ | ၁၁၀၀၅ |
| ပဲလွန်းဖြူ | ၉၁၄ | ၄၁၄ | ၈၂၈၂ |
| မြေထောက်ပဲ | ၅၉၅ | ၄၆၉ | ၈၂၉၁ |

## ဈေးပြန်လျှော့သွားတဲ့ ပြည်ကုလားပဲ အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်ဈေးကွက်သို့ ဇွန်လအတွင်း နေ့စဉ်ဝင်ရောက်လျက်ရှိတဲ့ ကုလားပဲသီးနှံဟာ ယခုလဆန်းရက်မှာတော့ ရက်ခြားလောက်သာ အဝင်ရှိခဲ့ပါတယ်။ လက်ပံတန်း၊ ပန်းတောင်း၊ ကံမ၊ မင်းတုန်းမြို့နယ်များမှ အဝင်စုံသည့်ရက်တွင် အိတ် ၃၀၀ ကျော် ၄၀၀ အထိ ဝင်ရောက်ခဲ့သလို ခွဲစက်လုပ်ငန်းသမားများနှင့် လက်လီဝယ်သမားများ နေ့စဉ်အဝယ်ရှိတဲ့အတွက် ဝင်ရောက်လာသမျှရောင်းချမှုရှိသလို လှောင်ပဲများလည်း ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ဇွန်လအတွင်း ဈေးနှုန်းများ မြင့်တက်လာခဲ့ပေမယ့် ဇူလိုင်လဆန်းရက်မှာတော့ ဈေးပြန်လျှော့သွားတဲ့အတွက် တစ်တင်း ၂၄၅၀၀ ကျပ်ခန့်သာရရှိခဲ့တာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ပြည်စားတော်ပဲလက်လီရော လက်ကားပါ အဝယ်ရှိလို့ ဈေးမြင့်လာခဲ့

ယခုဇူလိုင်လဆန်း ပြည်ပဲဈေးကွက်မှာ အခြားပဲများ ဈေးလျှော့လာပေမယ့် စားတော်ပဲသီးနှံက ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်မရှိဘဲ လှောင်ပဲများသာရှိလို့ လက်လီသမားများ အရောင်းအဝယ်ဖြစ်ပြီး တစ်ရက်အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သလို လက်ကားသမားများအဝယ်ရှိတဲ့ ရက်မှာတော့ အိတ် ၁၅၀ ကျော်ထိ အရောင်းသွက်ခဲ့ပါတယ်။ ဒီလဆန်းမှာ လက်လီရော လက်ကားပါ အဝယ်ရှိလာလို့ ပဲဈေးမှာလည်း တစ်တင်း ၃၁၀၀၀ ကျပ်ထိ ဈေးကောင်းရလာခဲ့ကြောင်း သိရပါတယ်။ စားတော်ပဲသီးနှံ၏ ယခင်နှစ်ကာလတူအချိန်ဈေးမှာ တစ်တင်း ၂၉၀၀၀ ကျပ်ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ်ဈေးထက်လည်း ကောင်းလာခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ယခင်နှစ်ဈေးနှင့် ဈေးသိပ်မကွာဘဲ ဈေးငြိမ်နေတဲ့ ပြည်ပဲနီပြား

ပြည်ပဲဈေးကွက်မှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲအနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲနီပြားသီးနှံဟာ တစ်ရက်အိတ် ၂၀ ကျော် ၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ လက်လီသမားများ အဝယ်ရှိလို့ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခင်နှစ် ဇွန်လအတွင်းကလည်း တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် တစ်လလုံး ဈေးငြိမ်ခဲ့သလို ယခုနှစ်ဇူလိုင်လဆန်းမှာလည်း ဇွန်လက ဈေးအတိုင်းဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး လကုန်ရက်မှသာ ဈေးအနည်းငယ်လျှော့သွားခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်ပဲနီပြားဈေးနှုန်းဟာ ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်ခဲ့ပြီး ယခင်နှစ်ဈေးနှင့်လည်း သိပ်ကွာခြားမှုမရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင် ဇူလိုင်လဆန်း ပဲဈေးကွက်ဈေးမာပေမယ့် အရောင်းအဝယ်မသွက်

မုံရွာကုန်စည်ဒိုင် ဇူလိုင်လဆန်းပဲဈေးကွက်မှာ ဒိုင်ကို ပဲမျိုးစုံ အဝင်နည်းလို့ ဈေးမာနေပေမယ့် အရောင်းအဝယ်အားဖြင့် မသွက်ဘဲအေးနေခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ပဲတီစိမ်းကြီးဈေးကွက်မှာ ယခင်တစ်ပတ်က တစ်တင်း ၃၇၂၀၀ ကျပ်ထိ အနိမ့်ဆုံးကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ နယ်က ပဲအဝင်လျော့ပြီး အရည်အသွေးအနည်းငယ်နိမ့်ခဲ့တာတောင် တစ်တင်း ၃၈၅၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့တာ တွေ့ရပါတယ်။

နယ်စုံက နောက်ကျစိမ်းကြီးတွေ တစ်ရက်အိတ် ၁၀၀၀ မှ ၁၅၀၀ ကြား နေ့စဉ် ဝင်နေပြီး ဝယ်လက်ရှိလို့ နေ့စဉ်ဝင်သလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်ငုံနီ ဈေးကွက်မှာလည်း ကုန်သည်အချင်းချင်း အဝယ်အရောင်းသိပ်မဖြစ်ဘဲ တောင်သူတွေအနေနဲ့ မျိုးအတွက် ပြန်ဝယ်နေတာကြောင့် ယခင်တစ်ပတ်က တစ်တင်း ၃၉၂၀၀ ကျပ်အထိ အနိမ့်ဆုံးဈေးဖြစ်ခဲ့ရာက ယခုဇူလိုင်လဆန်းဈေးကွက်မှာ တစ်တင်း ၃၉၅၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့သော်လည်း တစ်ရက်အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲဈေးကွက်အနေနဲ့လည်း နယ်ကပဲ အဝင်မရှိသလောက်ရှားသွားပြီး ဝယ်လိုအားရှိပေမယ့် မုံရွာကုန်စည်ဒိုင်ရဲ့ ကုန်သည်တွေဆီမှာလည်း ပဲလက်ကျန်လျော့နေလို့ တစ်တင်း ၄၁၀၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပေမယ့် တစ်ရက်အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ဒေသခံကုန်သည်တွေဆီမှာ ပဲလက်ကျန်ရှိတဲ့ စွန်တာနီကတော့ ဇူလိုင်လဆန်းမှာ ဈေးမဖွင့်ခဲ့ပေမယ့် ယခင်တစ်ပတ်က တစ်တင်း ၁၄၅၀၀ ကျပ် ပေါက်ဈေးဝန်းကျင်နဲ့ပဲ ဒေသခံကြာဆံစက်သမားများ၊ ပဲကြော်သမားများနဲ့ ပဲလက်လီအဝယ်ရှိခဲ့လို့ တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပဲနီလုံးကြားဈေးကွက်မှာလည်း ဒေသတွင်း ပဲလက်လီဝယ်လိုအား ပုံမှန်ရှိလို့ တစ်တင်း ၁၅၀၀၀ ကျပ်ဈေးနဲ့ ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

မုံရွာကုန်စည်ဒိုင်ရဲ့ ဒေသထွက်ကုလားပဲဈေးကွက်မှာတော့ ဒိုင်ကုန်သည်ထံ ပဲလက်ကျန် လျော့လာတာနဲ့အမျှ ရောင်းအားထိန်းနေလို့ ယခုတစ်ပတ်မှာ ဈေးအသီးသီးဆက်လက်မာနေခဲ့ရာ ကုလားပဲထိုင်ဝမ်တစ်တင်း ၂၃၃၀၀ ကျပ်၊ V2 တစ်တင်း ၂၂၅၀၀ ကျပ်၊ 929 တစ်တင်း ၂၃၂၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး ရန်ကုန်ဝယ်လက်ရှိတဲ့ရက်မှာ တစ်ရက်အိတ် ၅၀၀ ခန့်ဖြစ်ပေမယ့် နေ့စဉ် ရောင်းအား ဝယ်အား မကောင်းဘူးလို့ ကုန်သည်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

တောင်သူအရောင်းနည်းလို့ ဒိုင်မှာ အဝင်လျော့ခဲ့တဲ့ CP ပြောင်းဈေးကွက်မှာတော့ ဝယ်လိုအား ပုံမှန်ထက် အနည်းငယ်သွက်ခဲ့လို့ ယခင်တစ်ပတ်က တစ်တင်း ၈၉၀၀ ကျပ်သာ ပေါက်ခဲ့ရာက ယခုလမှာ တစ်တင်း ၉၁၀၀ ကျပ်ထိ အမြင့်ဈေးနဲ့ ဖွင့်ခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အားဖြင့် အိတ် ၇၀၀ ခန့်သာဖြစ်ခဲ့ကြောင်း မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**



## စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးပဲတီစိမ်း ၆၀ ရာခိုင်နှုန်းကျော်စိုက်ပျိုးပြီး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးပဲတီစိမ်း လျာထားဧက ၄ ဒသမ ၅ သိန်းရှိရာ ဇွန်လ တတိယပတ်ထိ ဧက ၂ ဒသမ ၈၀ သိန်းစိုက်ပျိုးနိုင်ခဲ့သဖြင့် ရာခိုင်နှုန်း ၆၀ ကျော်စိုက်ပျိုးပြီးကြောင်း သိရပါတယ်။ ယမန်နှစ် ကာလတူထက် စိုက်ဧက ၆၉၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပါတယ်။

နွေစပါး အစားထိုးစိုက်ပျိုးခြင်း၊ တရုတ်ဝယ်လက်မှ ပုံမှန်အဆွဲရှိနေခြင်းကြောင့် တစ်တင်း ၄၀၀၀၀ ကျော်ထိ စံချိန်တင်ဈေးကောင်းရခဲ့သဖြင့် ယခုနှစ်၊ ယခင်နှစ်ထက်စိုက်ဧက ပိုမိုခဲ့ကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## ပြည်ပဲကြီး ဈေးအမြင့်နဲ့သာ ဆက်လက် အရောင်းအဝယ်ဖြစ်

မေလမှစ၍ ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်ငြိမ်နဲ့သာ အရောင်းအဝယ်ဖြစ်နေခဲ့တဲ့ ပဲကြီးသီးနှံ များဟာ ဇွန်လကုန်ပတ်မှစ၍ ဈေးမြင့်တက်လာလို့ (ရွှေကျွန်း) တစ်တင်း ၂၆၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ရာ ယခုဇူလိုင်လဆန်းမှာလည်း ၎င်းတက်ဈေးအတိုင်း ဆက်လက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

သာယာဝတီ၊ ပန်းတောင်း၊ ပေါက်ခေါင်းမှ ဝင်ရောက်လာသလို မင်းတုန်း၊ ကံမဘက်မှ ပဲများလည်း ဝင်ရောက်ခဲ့တာကြောင့် အိတ် ၄၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး ပဲကြော်လုပ်ငန်းသမားများနှင့် လက်လီသမားများလည်း ဝယ်ယူမှုရှိခဲ့ကြပါတယ်။ ပဲကြီးသီးနှံမှာ ဒေသတွင်း ဝယ်လက်သာရှိသော်လည်း အရောင်းအဝယ်ဖြစ်မှု ပမာဏက အခြားပဲများထက် ပိုခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ကာလတူ ဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိကအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်း အခြေအနေများကို လေ့လာရာမှာ ပြည်ပဝယ်လိုအားရှိသော မတ်ပဲနှင့် ပဲစင်းငုံသီးနှံများ၏ ဈေးနှုန်းများဟာ ယခင်နှစ်များထက် ဈေးထက်ဝက်နီးပါးထိ ဈေးမြင့်တက်လာခဲ့ပြီး ကုလားပဲသီးနှံဈေးကလည်း ကျပ်တစ်သောင်းကျော် မြင့်တက်လာခဲ့ပါတယ်။ ပဲကြီး၊ ပဲပုပ်နှင့် အခြားပဲများကတော့ ယခင်နှစ်များကထက် ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

နှစ်အလိုက်ကာလတူအချိန် အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများကိုတော့ အောက်ဖော်ပြပါဇယားအတိုင်း လေ့လာသိရှိရပါတယ်-

| ပဲအမျိုးအစား | ၂၀၁၃ ဇွန်လ | | ၂၀၁၄ ဇွန်လ | | ၂၀၁၅ ဇွန်လ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၄၂၀၀ | ၁၅၇၀၀ | ၂၄၂၀၀ | ၂၅၂၀၀ | ၄၀၉၀၀ | ၄၄၅၀၀ |
| ပဲစင်းငုံ | ၁၇၀၀၀ | ၁၈၅၀၀ | ၁၉၁၀၀ | ၂၀၄၀၀ | ၃၉၅၀၀ | ၄၁၅၀၀ |
| ကုလားပဲ | ၁၇၅၀၀ | ၁၈၃၀၀ | ၁၄၇၀၀ | ၁၅၃၀၀ | ၂၃၅၀၀ | ၂၅၈၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၃၅၈၀၀ | ၃၆၀၀၀ | ၂၅၈၀၀ | ၂၆၀၀၀ | ၂၄၅၀၀ | ၂၆၅၀၀ |
| ပဲကြီး (ကမ်းနား) | ၃၃၀၀၀ | ၃၄၀၀၀ | ၂၂၅၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၄၅၀၀ |
| ပဲပုပ် | ၂၁၅၀၀ | ၂၂၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ |

မတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ဈေးကွက်မှာဈေးအမြင့်ဆုံးရလျက်ရှိပြီး သင်္ကြန်ပြီးကာလမှစ၍ ပြည်ပဝယ်လိုအားလည်း လိုက်လာတဲ့အတွက် မေလအတွင်းမှာ ၃၉၅၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ထိ ရရှိခဲ့သလို ဇွန်လဆန်းမှစ၍ ပဲဈေးမှာ တရိပ်ရိပ်တက်လာတဲ့အတွက် တစ်တင်း ၄၄၅၀၀ ကျပ်ထိ ရရှိခဲ့ကြောင်း သိရပါတယ်။

ယခင်နှစ်များက ဈေးများကို လေ့လာရာမှာ ၂၀၁၃ ဇွန်လအတွင်း တစ်တင်းကို (နိမ့်) ၁၄၂၀၀ ကျပ်၊ (မြင့်) ၁၅၇၀၀ ကျပ်သာရရှိပြီး ၂၀၁၄ ဇွန်လမှာလည်း ၂၀၁၃ ထက် ဈေးပိုရလာခဲ့ကာ တစ်တင်း ၂၄၂၀၀ ကျပ်မှ ၂၅၂၀၀ ကျပ်ထိ ရရှိခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်မှာတော့ ပဲသစ်ပေါ်စအချိန် တစ်တင်း ၃ သောင်းအောက်သာရရှိပြီး ပဲအဝင်လျှိုင်လာသည့်အချိန်မှစ၍ ယခုချိန်ထိ ပဲဈေးမှာ အတက်ဘက်သို့ ဦးတည်လာခဲ့တဲ့အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများထက် လှောင်ပဲသမားများက အကျိုးအမြတ်ပိုမိုရရှိခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံဈေးမှာလည်း နှစ်အလိုက်နှိုင်းယှဉ်ကြည့်ရာ တစ်နှစ်ထက်တစ်နှစ် ဈေးပိုလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ ဇွန်လမှာ လဆန်းရက်တွင် တစ်တင်း ၁၈၅၀၀ ကျပ်မှ လကုန်ရက်မှာတော့ ဝယ်လိုအား လည်း ရန်ကုန်ဝယ်လက်သာရှိခဲ့လို့ ဈေးလျော့သွားကာ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ဇွန်လမှာတော့ တစ်တင်း ၁၉၁၀၀ကျပ်မှ ၂၀၄၀၀ ကျပ်ထိ ရန်ကုန်ဝယ်လက်အပေါ် မူတည်၍ လက်ကျန်ပဲများ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုနှစ် ဇွန်လမှာတော့ ပြည်ပဝယ်လိုအားရှိလာတဲ့အတွက် ပဲစင်းငုံဈေးမှာ တစ်တင်း ၃၉၅၀၀ ကျပ်မှ ၄၁၅၀၀ ကျပ်ထိ မတ်ပဲဈေးနဲ့ အပြိုင်ဈေးကောင်းရလာခဲ့ပါတယ်။ ဇွန်လအတွင်း ၎င်းပဲနှစ်မျိုးမှာ ဝယ်လိုအားကောင်းခဲ့လို့ ကျပ်လေးသောင်းနှင့်အထက်ရရှိကာ တစ်ရက်အိတ် ၃၀၀ ကျော် ၄၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံကလည်း အခြားတိုင်းသို့ တင်ပို့ရောင်းချမှုသိပ်မရှိဘဲ ဒေသအတွင်းရှိ ပွဲရုံများ၊ ပဲကြော်ဖိုများ၊ လက်လီ၊ လက်ကားသမားများသာ အဝယ်ရှိပေမယ့် ယခုနှစ်မှာ ဈေးကောင်းရလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ ဇွန်လမှာ တစ်တင်း ၁၇၅၀၀ ကျပ်မှ ၁၈၃၀၀ ကျပ်ထိ ရရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်အတွင်း တစ်နှစ်ပတ်လုံးဈေးအေးခဲ့လို့ ဇွန်လအတွင်းမှာလည်း တစ်တင်း ၁၄၇၀၀ ကျပ်မှ ၁၅၃၀၀ ကျပ်သာ ရရှိခဲ့တာကို တွေ့ရပါတယ်။ ဈေးကွက်အတွင်းမှာ အခြားပဲများထက်လည်း ဈေးအေးခဲ့တဲ့ပဲဖြစ်ခဲ့ပြီး ယခုနှစ်မှာတော့ ပဲသစ်ပေါ်စအချိန် တစ်တင်း ၁၅၀၀၀ ကျပ် တစ်ပတ်လည်ရရှိခဲ့သလို ဈေးနှုန်းများမှာ တဖြည်းဖြည်း ကျဆင်းသွားခြင်းမရှိဘဲ ဈေးတက်လာခဲ့ပါတယ်။ ဇွန်လအတွင်း တစ်တင်း ၂၃၅၀၀ ကျပ်မှ ၂၅၈၀၀ ကျပ်ထိရရှိခဲ့ကာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်မှုများခဲ့တဲ့အတွက် တစ်ရက် အိတ် ၄၀၀ ကျော် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး မတ်ပဲ၊ ပဲစင်းငုံကဲ့သို့ အရောင်းအဝယ်သွက်တာကို တွေ့ရပါတယ်။

ပဲကြီးဈေးနှုန်းများကလည်း ယခုနှစ် ဇွန်လ လကုန်ပတ်မှာ ဈေးမြင့်တက်လာတယ်ဆိုသော်လည်း ရွှေကျွန်း တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၆၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၀၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်ခန့် သာရရှိခဲ့လို့ ယခင်နှစ် ဇွန်လဈေးကို မမှီသလို ၂၀၁၃ ဇွန်လဈေးထက်လည်း ကျပ်တစ်သောင်းကျော် ဈေးလျော့ခဲ့ပါတယ်။ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ သုံးနှစ်တာ ဇွန်လ ဈေးနှုန်းများအရ ၂၀၁၃ ခုနှစ်တွင်သာ ဈေးအမြင့်ဆုံးရခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ဈေးလျော့နည်းပြီး အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် တစ်တင်း ၃၅၈၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်အထိ ဈေးကောင်းရခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများက အဓိကထား ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။

ပဲပုပ်သီးနှံမှာလည်း ယခုနှစ်အတွင်း မေလမှစ၍ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ အတက်အကျ သိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်နေပြီး ဇွန်လလယ်မှာ တစ်တင်း ၁၆၅၀၀ ကျပ်ခန့် ရရှိခဲ့ပါတယ်။ ပဲပုပ်ဈေးမှာ လည်း ပဲကြီးဈေးကဲ့သို့ပင် တစ်နှစ်ထက်တစ်နှစ် ဈေးလျော့နည်းလာခဲ့သော်လည်း အခြားပဲများကဲ့သို့ သိသိသာသာဈေးလျော့နည်းခြင်းမျိုးမဟုတ်ဘဲ ကျပ်နှစ်သောင်းတစ်ပတ်လည်ရရှိခဲ့ကာ ယခုနှစ်၌သာ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ပြီး ယခုလမှာတော့ ပဲလက်ကျန် လည်းနည်းသွားလို့ အရောင်းအဝယ်လည်း အေးခဲ့ပါတယ်။ လက်လီသမားများသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ပဲသစ်ပေါ်ချိန်နှင့် ပဲအထွက် လှိုင်ချိန်များတွင်သာ ရန်ကုန်ဝယ်လက်အဝယ်ရှိလို့ အရောင်းအဝယ်သွက်ခဲ့တယ်လို့ သိရပါတယ်။

ယခုဇွန်လအတွင်း ပဲဈေးကွက်မှာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနှံများသာ တစ်ရက်အိတ် ၃၀၀ ကျော်၊ ၄၀၀ အရောင်းအဝယ်ရှိခဲ့သလို ပဲစင်းငုံသီးနှံကတော့ ရန်ကုန်ဝယ်လက်မှ ဝယ်ယူသည့်ရက်တွင်သာ အိတ် ၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ပြီး ကျန်ပဲများကတော့ လက်လီသမားများသာ အဝယ်ရှိလို့ အိတ်အနည်းငယ်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



# လာပြီ လာပြီ ကြက်သွန်နီ

ယောချောင်း၊ ကျောချောင်း ဧရာဝတီမြစ်ကမ်းနံဘေး တစ်လျှောက် ချောင်းရေမြစ်ရေကျ ချိန်မှာ ပေါ်ပေါက်လာတဲ့ သဲနုန်းမြေတွေပေါ်မှာ စိုက်တဲ့ကြက်သွန်နီကို တောင်သူတွေက ဆောင်းစိုက် ချောင်းစိုက် ကြက်သွန်နီလို့ ခေါ်ကြပါတယ်။ ချောင်းစိုက် ကြက်သွန်နီဟာ ဧပြီလမှာ စတင်ပေါ်ပေါက်ပါတယ်။ ဒေသအခေါ် လှောင်လို့ရတဲ့ ကြက်သွန်နီလို့ခေါ်ပါတယ်။ မိုးတွင်းကာလမှာ စိုက်တဲ့ "ဥ" စိုက်ကြက်သွန်နီများ ဒေသအခေါ် မိုးတွင်းကာလမှာ မျိုးကြက်သွန်ဥကို စိုက်တဲ့ကြက်သွန်နီတွေဟာ ဆောင်းစိုက်ချောင်းစိုက်ကြက်သွန်နီတွေ ကုန်ခါနီးမှာ ကြားဖြတ်ပေါ်လာပေမယ့် အလှောင်မခံ၊ အထားမခံတဲ့ ကြက်သွန်နီပါ။

ဆောင်းစိုက် ကြက်သွန်နီအကုန် ထပ်မံစိုက်လို့ မထွက်မီ မိုးစိုက်ကြက်သွန်က အလှောင်အထားမခံပေမယ့် ကြားထဲမှာ ကြက်သွန်နီမပြတ်စေတဲ့သဘောဖြစ်တာကြောင့် သူလည်းပဲ သူ့တန်ဖိုးတော့သူရှိပါတယ်။ ဆောင်းစိုက်၊ ချောင်းစိုက် ကြက်သွန်နီတွေကတော့ သိုလှောင်တဲ့ နေရာမှာ ကြာရှည်နှစ်ပေါက်သိုလှောင်လို့ ရပါတယ်။ ဒါပေမယ့် ကုန်စိမ်းသဘာဝ အလျော့ဆိုတာတော့ ရှိတတ်တာပါပဲ။

ယခုနှစ်ရဲ့ ဆောင်းစိုက်ကြက်သွန်နီ ဧပြီလမှာ ဈေးကွက်စတင်ဝင်ရောက်ချိန်က ဈေးနှုန်းတွေအနေနဲ့ ထိပ်စတစ်ပိဿာ ၂၇၅ ကျပ်၊ လတ်စတစ်ပိဿာ ၂၅၀ ကျပ်၊ အောက်စ တစ်ပိဿာ ၇၀ ကျပ်ကနေ စဖွင့်ပြီး၊ ဧပြီလနောက်ပိုင်း ထိပ်စ ၃၇၅ ကျပ်၊ လတ်စ ၃၅၀ ကျပ်၊ အောက်စ ၂၀၀ ကျပ်ဈေးများမြောက်ခဲ့ပါတယ်။ မေလမှာ ထိပ်စ ၃၈၅၀ ကျပ်၊ လတ်စ ၃၅၀ ကျပ်၊ အောက်စ ၂၅၀ ကျပ်ထိ ဈေးနှုန်း ဆက်တိုက်မှန်မှန်ဆိုသလို တက်လာခဲ့ပါတယ်။

ကုန်ပစ္စည်းတစ်ခုဟာ ဈေးကွက်ရဲ့လိုအပ်ချက်၊ တောင်းဆိုမှု၊ ထွက်ရှိမှု၊ အထွက်နည်းမှု၊ များမှု စသည့်အလားအလာတွေ ခြုံငုံပြီး တက်ဈေးကျဈေးဆိုတာ ဖြစ်ပေါ်တတ်ပါတယ်။ ဒီနှစ်အဖို့ကြက်သွန်နီ အနေနဲ့ ဈေးကွက်ဖွင့်စမှာ ဈေးနှုန်းနည်းပေမယ့် ပြည်ပနိုင်ငံတွေရဲ့ဝယ်လိုအားကောင်းပြီး နှုတ်အားများလာခဲ့သလို ဈေးနှုန်းများလည်း မြင့်တက်လာခဲ့တဲ့အတွက် ကိန်းဂဏန်းကပြောသော ကြက်သွန်နီရယ်လို့ ကောမတ်စ်ဂျာနယ်မှာ တင်ပြခဲ့ဖူးပါတယ်။

ဒါကလည်း အရောင်းအဝယ်ရဲ့ဖြစ်တတ်တဲ့သဘောတရားတစ်ခုလို့ ပြောရမှာပါ။ ယခုနောက်ဆုံး ဈေးအနေအထားကတော့ ထိပ်စ တစ်ပိဿာ ၅၆၅ ကျပ်၊ လတ်စ ၅၂၅ ကျပ်၊ အောက်စ ၄၇၅ ကျပ် ဈေးများဖြစ်ပေါ်နေလေတော့ ပြီးခဲ့တဲ့ နှစ်များနဲ့ယှဉ်ကြည့်ရင် ကြက်သွန်နီဈေးဟာ အမြင့်ဆုံးရောက်နေတယ်လို့ သုံးသပ်ရမှာပါ။

ပခုက္ကူဈေးတစ်ပတ်လည်မှာ လက်လီရောင်းချတဲ့ ဈေးသည်တွေကတော့ ကြက်သွန်နီ တစ်ပိဿာ ၇၀၀ ကျပ်၊ ၈၀၀ ကျပ်၊ ၉၀၀ ကျပ်ဈေးတွေ ရောင်းနေတာကို လေ့လာသိရှိရပါတယ်။ ဧပြီလနောက်ပိုင်းမှာပေါ်တဲ့ ကြက်သွန်ဖြစ်တဲ့အတွက် ဧပြီ၊ မေ၊ ဇွန် သုံးလသာ ရှိသေးတာကြောင့် တောင်သူလက်ကျန်ရှိနေတယ်လို့ သုံးသပ်ရပါတယ်။ ထားခဲ့ဖူးသော မှတ်တမ်းများအရ ပေါက်တစ်မြို့နယ်အတွင်းမှာ နှစ်စဉ် ဆောင်းစိုက်ကြက်သွန်နီ ပိဿာချိန် သိန်းရာကျော်ထွက်တာပါ။

ပခုက္ကူကို နေ့စဉ် အဝင်တွေအနေနဲ့ ပိဿာချိန် ငါးသောင်းနဲ့ တစ်သိန်းကြား တစ်ပတ်လည် ဝင်နေတာ ကိုလည်း တွေ့နေရပါတယ်။ အရောင်းအဝယ်ရဲ့သဘောက ထွက်ရှိမှု၊ ဝယ်လိုအား ဆိုတာတွေကြောင့် ဈေးတက်တာရှိသလို မထင်မှတ်ဘဲ၊ ပုံမှန်မဟုတ်ဘဲ အခြားသော ပစ္စည်းများ ဈေးတက်လို့ လိုက်တက်တယ်ဆိုတဲ့ ပယောဂကြောင့်လည်း ဈေးတက်တာတွေ ရှိတတ်ပါတယ်။ ယခုအနေအထားမှာ ကြက်သွန်နီဈေး ဆက်တက် လိမ့်မယ်လို့ တွက်ဆသူတွေလည်းရှိနေတယ်လို့ လေ့လာရပါတယ်။ ဘယ်လိုပဲပြောပြော ပြီးခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်က ဈေးတွေနဲ့ယှဉ်ကြည့်ရင်ယခုနှစ် ကြက်သွန်နီ ဈေးနှုန်းဟာ အမြင့်ဘက်မှာ ရှိနေတာဆိုတော့ လာပြီ လာပြီ ကြက်သွန်နီလို့ ပြောနေကြကြောင်းပါ။

**မြင့်ဦး-ပခုက္ကူ**

## နနွင်း

### ဒီတစ်ပတ် နနွင်းတန်ချိန်၁၉၀ ကျော်တင်ပို့နိုင်ခဲ့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း နနွင်း ၁၉၄ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၈၇ တန်နဲ့ စင်ကာပူနိုင်ငံကို ၁၆ ဒသမ ၅ တန်၊ ဂျပန်နိုင်ငံကို ၁၅ တန်၊ ပါကစ္စတန်ကို ၁၆ တန်နဲ့ အိန္ဒိယကို တန် ၆၀ တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၁၇၉ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် မှာ ၁၅ တန် တင်ပို့မှု ပိုခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၂၃၀၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဈေးအေးအရောင်းအေးတဲ့ ရှမ်းနနွင်းဈေးကွက်

နနွင်းကတော့ ပုံမှန်အဝင်နဲ့ ပုံမှန်အရောင်းတော့ရှိနေပါတယ်။ နနွင်းထွက်ချိန်ဖြစ်တဲ့ အစောပိုင်းက Export ရှိတာကြောင့် အရောင်းသွက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ Export လည်း ရပ်သွားသလို အဝင်လည်း အနည်းငယ်နည်းသွားတာကြောင့် ဈေးက လုံးဝငြိမ်သွားခဲ့ပါတယ်။ ဈေးအေးပြီး အရောင်းနည်းနေတာကြောင့် တစ်ပတ်ကို ဈေးပတ်သမားတွေနဲ့ အမှုန့်ကြိတ်သမားတွေရဲ့ လက်လီစိတ်လောက်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။

ဈေးပတ်တစ်ဈေးကို ၄၊ ၅ အိတ်လောက်တော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးကတော့ ဆင်တောင်နနွင်း ၁၈၀၀ ကျပ်၊ တောင်ပို့လနနွင်း ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်ဈေးရှိနေပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း နနွင်းအဝင် နည်းသွားပါတယ်။ နနွင်းက ၃ လပိုင်းလောက် စထွက်တာမို့ အခုချိန်မှာတော့ အဝင်နည်းလာပါတယ်။ နနွင်း တစ်ပိဿာ ၁၅၀၀ ကျပ်-၁၅၅၀ ကျပ်ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ဒီတစ်ပတ်မှာ ရန်ကုန်ဝယ်လက်တွေက ဟင်းခတ်အမွှေးအကြိုင်အတွက် အနည်းငယ်ဆွဲလို့ အိတ် ၄၀၀ လောက် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## ကြက်သွန်

### မူဆယ်၊ မြဝတီမှ ကြက်သွန်နီပုံမှန်တင်ပို့

ဇွန်လ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၈၂၇၄၁ တန်ဖိုးရှိ ကြက်သွန်နီ ၆၈၃ တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၃၅၆၂၄ တန်ဖိုးရှိ ကြက်သွန်နီ ၈၄၄ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၂၂၂ တန်ခွဲနဲ့ မြဝတီမှ ၄၈၈ တန်ခွဲတင်ပို့ခဲ့တာမို့ မူဆယ်၊ မြဝတီစခန်းမှ ကြက်သွန်နီ ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ ယခုတစ်ပတ်မှာ တာချီလိတ်စခန်းကလည်း ကန်ဒေါ်လာ သုည ဒသမ ၁၂၄ သန်း တန်ဖိုးရှိကြက်သွန်ဖြူ တန် ၁၅၀ တင်ပို့ခဲ့ပါတယ်။ ဇွန်လအတွင်းမူဆယ်၊ မြဝတီနဲ့ တာချီလိတ်စခန်း ၃ ခုမှ ကြက်သွန်နီ တန်ချိန်ပေါင်း ၇၃၆၉ တန်၊ တာချီလိတ်မှ ကြက်သွန်ဖြူ တန်ချိန် ၉၀၀ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ကြက်သွန်နီများကို ပြည်ပသို့ တင်ပို့မှုများပြီး ပြည်တွင်းဈေးကွက်တွင် ကုန်အဝင်နည်းနေတာကြောင့် ကြက်သွန်နီဈေးတွေ နှစ်ဆခန့်မြင့်တက်လာတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကြက်သွန်နီများကို တရုတ်နဲ့ထိုင်းသို့ တင်ပို့လျက်ရှိနေသလို မိုးတွင်းကာလဖြစ်လို့ ဈေးကွက်ထဲသို့ ကုန်ဝင်ရောက်မှုနည်းပါးပြီး ဈေးနှုန်းမြင့်တက်သွားရခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

### အဝင်နည်းလို့ ပြည်ကြက်သွန်နီ ဈေးတက်

ဇွန်လနောက်ဆုံးပတ်မှစ၍ ပြည်ကြက်သွန်နီပွဲရုံမှာ ကြက်သွန်နီတွေ ဈေးတက်လာပါတယ်။ ယခုဇူလိုင် ပထမပတ်တွင် မိုးရွာသွန်းမှုများနေခြင်း၊ နယ်မှအဝင်နည်းလာခြင်းတို့ကြောင့် ကြက်သွန်နီဈေးဆက်တက်လာတာ တွေ့ရပါတယ်။

နယ်စုံ အဝင်မရှိတော့ပေမယ့် ဆိပ်ဖြူ ပခုက္ကူဘက်မှ ကြက်သွန်များသာ အဝင်ရှိတော့ကြောင်းလည်း သိရပါတယ်။ ကြက်သွန်နီ တစ်ပိဿာဈေး (ကြီး) ၆၈၀ ကျပ်၊ (လတ်) ၆၅၀ ကျပ်နှင့် (သေး) ၅၅၀ ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ် နေပါတယ်။ လက်လီဒေသတွင်း အရောင်းအဝယ်များကတော့ (ကြီး) ၈၅၀ ကျပ်၊ (လတ်) ၈၀၀ ကျပ်နှင့် (သေး) ၇၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြပါတယ်။ ပွဲရုံများတွင် အသင့်အတင့် ရောင်းဝယ်မှုဖြစ်ပြီး တစ်ရက်ကို အိတ် ၃၅၀၊ ၄၀၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ချင်း

### အောင်ပန်းချင်း ဈေးကွက်သို့ ရှမ်းချင်းဥမတွေ အဝင်များနေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းဥမပေါ်ချိန်ဖြစ်လို့ အောင်ပန်းတစ်ဝိုက်ကထွက်တဲ့ ချင်းဥမတွေ အဝင်များပြီး ဈေးကပြန်ကျလာပါတယ်။ ဒီတစ်ပတ်မှာ မိုးကလည်း များနေတာကြောင့် ချင်း အဝင်များပေမယ့် အရောင်းအေးနေပါတယ်။ တစ်ပတ်အတွင်း ပိဿာချိန် ၆၀၀၀-၇၀၀၀ လောက်အဝင်ရှိနေပါတယ်။ လှောင်လက်တွေကတော့ အဝင်များနေတုန်း ပစ္စည်းတွေကိုရသလောက် လှောင်ထားတယ်လို့ သိရပါတယ်။

ဒီရက်တွေမှာ စစ်တွေ၊ တောင်ကုတ်ဘက်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းတွေပိတ်ထားရတဲ့အတွက် ပစ္စည်းအဝယ်တွေလည်း ရပ်ထားရတယ်လို့ သိရပါတယ်။ Export လည်း နားနေတာကြောင့် ဈေးဆက်လက်ကျဆင်းနေပါတယ်။ လှောင်လက်တွေမှာ ပစ္စည်းရှိပေမယ့် ဈေးကျနေတာကြောင့် ဝယ်လက်ကို ထိုင်စောင့်နေရတယ်လို့ သိရပါတယ်။ ချင်းဈေးကတော့ တစ်ပိဿာကို ၇၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းဥမတွေက မထွက်သေးတာကြောင့် အဝင်မရှိသေးတဲ့အပြင် ချင်းတက်လက်ကျန်လည်း အနည်းငယ်သာ ရှိတော့တာကြောင့် ပေါက်ဈေးတောင် မဖွင့်ကြတော့ဘူးလို့လည်း ပွဲရုံများမှ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

### ပြည်ချင်းဈေးကွက်တွင် ချင်းဥမများသာ အရောင်းအဝယ်ဖြစ် ဈေးအနည်းငယ်တက်

ပြည်ချင်းဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းတက်များ အဝင်မရှိတော့ဘဲ ချင်း ဥမ တွေသာ အဝင်များလာပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၈၀ခန့်ဝင်လာပါတယ်။ ပြည်ချင်းဈေးကွက်မှာလည်း လက်ကျန်ချင်းတက်မရှိတော့လို့ ချင်းဥမများသာ အရောင်းအဝယ်ဖြစ်တယ်လို့ ချင်းပွဲရုံများက ဆိုပါတယ်။ ချင်းဥမ တစ်ပိဿာ ၁၃၀၀ ကျပ်မှ ၁၄၀၀ ကျပ်ဈေးရှိပြီး၊ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်တက်သွားပါတယ်။ ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ယခုတစ်ပတ်အတွင်း ပိဿာချိန် ၅၀၀ ခန့် တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ပိုမိုတင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့က ဇွန်လ ၂၀ ရက်မှ ၂၆ ရက်တာကာ လအတွင်း ကန်ဒေါ်လာ ၀ ဒသမ ၃၁၃သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၅ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၂၄၅ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန် ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကလည်း ကန်ဒေါ်လာ သုည ဒသမ ၀၆၈ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းက ယခုသီတင်းပတ်တွင် တင်ပို့နိုင်ခြင်းမရှိသလို ယခင်သီတင်းပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိခဲ့ပါ။

**ခင်မြနွယ် MIRT**

## မန်ကျည်း

### မန်ကျည်းပြန်လည်တင်ပို့

ဇွန်လ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၉၃ ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တင်ပို့မှုပျောက်ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၂၃၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ကော်ဖီ

### မူဆယ်နယ်စပ်မှ ကော်ဖီစေ့ ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လတွင် ကန်ဒေါ်လာ ၁၂၈၈၆၅ တန်ဖိုးရှိ ကော်ဖီစေ့ ၁၁၉ တန်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး မေလက ၂၇၉ တန် တင်ပို့ခဲ့တာကြောင့် မူဆယ်နယ်စပ်မှ တရုတ်ပြည်သို့ ကော်ဖီစေ့ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။

ရှမ်းပြည်နယ်နဲ့ အခြားဒေသတွေကထွက်ရှိတဲ့ ကော်ဖီစေ့တွေဟာ အရည်အသွေး ပိုကောင်းတာကြောင့် မြန်မာ-တရုတ်နယ်စပ်မှ ကုန်သည်များက အဓိကဝယ်ယူနေကြကြောင်း ၊ နိုင်ငံတစ်ဝန်းလုံးတွင် ကော်ဖီစိုက်ပျိုးလျက်ရှိနေကြပြီး၊ ပြီးခဲ့တဲ့နှစ်က ဂျပန်နဲ့ ကိုရီးယားမှ ကော်ဖီအဝယ်တော်တွေ ပြင်ဦးလွင်အထိ လာဝယ်ကြတယ်လို့ မြန်မာကော်ဖီစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီတစ်ခုမှ သိရပါတယ်။

**မော်မော်အောင်**



### ပရဆေးကို မူဆယ်နှင့် မြဝတီနယ်စပ်မှ တင်ပို့ပြီး တမူးမှ ပြန်လည်တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဇွန်လနောက်ဆုံးပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၅၆၈ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း တန်ချိန် ၁၀၈၄ တန်တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြက်ဆူစေ့၊ ကြောင်ပန်းစေ့၊ ဆီးသီးခြောက်၊ ဝဥခြောက် ၊ ဆီးဆံ၊ ကွမ်းစားဂမုန်း၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ မာလာဥ၊ ချဉ်ပေါင်ဖာလာ၊ တောချင်းနဲ့တောင်လုံးကျော်တို့ဖြစ်ပါတယ်။တရုတ်နယ်စပ်မှ ပရဆေး တင်ပို့ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၉၃၀၂ တန်ဖိုးရှိ ဆီးဖြူသီးခြောက် ၁၅ တန်ခွဲကို တင်ပို့ခဲ့တာတွေ့ရပါတယ်။

ယခုလို တရုတ်နဲ့ ထိုင်းနယ်စပ်များမှ ပရဆေးကုန်ကြမ်းတင်ပို့မှုရှိသလို မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးစခန်းကလည်း ကန်ဒေါ်လာ ၅၄၀ တန်ဖိုးရှိ တောင်လုံးကျော် ၃ တန်တင်သွင်းလာခဲ့ပါတယ်။တမူးစခန်းမှ ၂၀၁၅ ဇွန်လအတွင်း တောင်လုံးကျော် ၁၉ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

Vol: 15, No.25 Monday July 6 2015

# အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး



မောင်မောင်မြင့်သိန်း
|စက်မှုတက္ကသိုလ်|

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ၁၉၈၈ နောက်ပိုင်းမှစ၍ ကျင့်သုံးလျက်ရှိရာ ဗဟိုချုပ်ကိုင်မှုများ လျှော့ချခဲ့ပြီး ပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခဲ့သည်။ နိုင်ငံခြားတိုက် ရိုက်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုခဲ့သည်။ ပို့ကုန်နှင့်သွင်းကုန်လုပ်ငန်းရှင်များအတွက် ပြည်ပကုန်သွယ်မှုကို တိုးမြှင့်လုပ် ဆောင်ခဲ့သည်။ အချိန်ကာလနှင့် အခြေအနေပြောင်းလဲမှုနှင့် အညီ များစွာသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကျေးလက်နှင့် မြို့ပြ ဒေသအကြား လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရန်နှင့် သာတူညီမျှ ဖွံ့ဖြိုးမှုကို အရှိန်မြှင့်ရန် ရည်ရွယ်ချက်နှင့်အမျိုးသားဖွံ့ဖြိုး တိုးတက်မှု စီမံချက်ကို အကောင်အထည်ဖော်နေသည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုသည် မေခရိုစီးပွားရေးတည်ငြိမ်မှုပေါ် တွင် မူတည်သည်။ မြန်မာနိုင်ငံတွင် ကျေးလက်လူဦးရေမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး မြို့ပြလူဦးရေမှာ ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။ ကျေးလက်နေပြည်သူအများစုသည် ဆင်းရဲနွမ်းပါးမှုနှင့်ကြုံတွေ့နေရသည်။ အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများကို ပံ့ပိုးကူညီရန် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်နေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးမှုတွင် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုမှာ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖြစ်ကြသည်။ ပျမ်းမျှအားဖြင့် မြန်မာနိုင်ငံရှိအသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အလုပ်အကိုင်အနေဖြင့် ၅၀ မှ ၉၅ ရာခိုင်နှုန်းထိရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဂျီဒီပီ၏ ၃၀-၅၃ ရာခိုင်နှုန်းရှိသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းသည် နိုင်ငံ၏အနာဂတ်အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်လိမ့်မည်ဟု အစိုးရက အသိအမှတ်ပြုထားသည်။ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပုဂ္ဂလိက အခန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်းသည် ဒေသဆိုင်ရာအိမ်နီးချင်းနိုင်ငံများသို့ အမီလိုက်ရန် နောက်ကျနေခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ အပြည့်အဝအကျိုးသက်ရောက်မှုနှင့် အတူ မြန်မာနိုင်ငံသည် နိုင်ငံရပ်ခြားယှဉ်ပြိုင်မှုများ ကာကွယ်ရန် အစိုးရအခွန်အခများကို အားထား၍ မရနိုင်တော့ချေ။ အကယ်၍ မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) သည် အဆင်သင့်ဖြစ်ပြီး စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်လျှင် ဒေသဆိုင်ရာ ဈေးကွက်များ ဖွင့်လှစ်ခြင်းသည် မြန်မာနိုင်ငံရှိ SMEs အတွက် ကြီးမားသော အခွင့်အလမ်းတစ်ခုကို ကိုယ်စားပြုပေလိမ့်မည်။

မြန်မာနိုင်ငံအစိုးရသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ဥပဒေမူကြမ်း (SME Bill) ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်။ ယင်းမူကြမ်းအဓိပ္ပါယ်သတ်မှတ်ချက်အရ “ အသေးစားလုပ်ငန်းများ ” သည် အရင်းအနှီးအနေဖြင့် ကျပ်သန်း ၅၀ (ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၅၀၀၀၀) နှင့်ကျပ်သန်း ၅၀၀ (ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၅၀၀၀၀၀) အကြားရှိသည့် (သို့မဟုတ်) ဝန်ထမ်းလုပ်သားများ ၃၀ နှင့်၃၀၀ အကြားရှိသည်။ “ အလတ်စားလုပ်ငန်းများ ” ကို အဓိပ္ပါယ်ဖော်ရာတွင် အရင်းအနှီးအားဖြင့် ကျပ်သန်း ၅၀ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၀,၀၀၀) နှင့်ကျပ်တစ်ဘီလီယံ (ခန့်မှန်းခြေအမေရိကန်ဒေါ်လာတစ်သန်း)(သို့) ဝန်ထမ်း ၆၀ နှင့် ၆၀၀အကြားရှိသည်။ အစိုးရသည် SMEs ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ကူညီခဲ့သည်။ ပို့ကုန်ဈေးကွက်ကို ပစ်မှတ်ရရှိရန် မျှော်လင့်ထားသော ကုမ္ပဏီများစွာသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီရန် ယင်းတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အဆင့်မြှင့်ရန် လိုအပ်သည်။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်အလည်အပတ်လာသူများကို အားပေးပြီး ပြည်တွင်းကုန်သွယ်မှုပြပွဲများတွင် နိုင်ငံတကာမှပစ္စည်းရောင်းချသူများ၏ ပါဝင်ဆောင်ရွက်မှုများကို အားပေးခဲ့သည်။ SMEs များသည် စီးပွားရေးတွင် ဆန်းသစ်ဖန်တီးမှုနှင့်ကျွမ်းကျင်မှု အဆင့်များကို တိုးမြှင့်ပေးသည်။ အစိုးရအနေဖြင့် နိုင်ငံ၏ SMEs များအတွက် ငွေရေး၊ ကြေးရေးများ လက်ခံမှု လုံခြုံရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယခုအခါတွင် စက်မှုဝန်ကြီးဌာနသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်း၏ ရည်မှန်းချက်မှာ အသေးစား၊ အလတ်စားလုပ်ငန်းများမှာ SMEs များ၏ Database တည်ဆောက်လျက် လိုအပ်သည့် အကူအညီများပံ့ပိုးပေးရန်၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ငွေကြေးရယူလိုခြင်းများအတွက် ထောက်ခံချက်ပေးရန်၊ လုပ်ငန်းစတင်တည်ထောင်လိုသူများအတွက် အကြံဉာဏ်နှင့်သတင်းအချက်အလက်များဖြင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းရန်၊ SMEs များအတွက် လိုအပ်သောနည်းပညာလွှဲပြောင်းခြင်းကို ပူးပေါင်းဆောင်ရွက်ရန်၊ SMEs ပွဲတော်နှင့်ကုန်သွယ်မှုပြပွဲများတွင် ပူးပေါင်းကျင်းပရန်၊ ASEAN SMEs Portal နှင့်ချိတ်ဆက်ရန် Online Servicing ပေးရန်နှင့် လုပ်ငန်းရှင်များအားတွေ့ဆုံစေ့စပ်ပေးမှုများ ပြုလုပ်၍ ပြည်တွင်းပြည်ပ SMEs များအား ချိတ်ဆက်ပေးရေးဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာနိုင်ငံရှိပုဂ္ဂလိကလုပ်ငန်းများ အားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကွဲပြားခြားနားသော အခန်းကဏ္ဍများမှ အသေးစားနှင့် အလတ်စား လုပ်ငန်းများဖြစ်သည်။ ယင်းတို့၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့အောင် ထိန်းထားနိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်အလွန်အရေးပါသည်။ (Fried rich Naumann Foundation-FNF) သည် စက်မှုဝန်ကြီးဌာနလက်အောက်ရှိအသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းဖောင်ဒေးရှင်းသည် အလုပ်အကိုင်များ ဖန်တီးရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရန် SMEs များကို ဈေးကွက်စီးပွားရေးနှင့် အညီဖန်တီးခြင်းကို အားပေးနေသည်။ ၂၀၁၂ ခုနှစ်ကတည်းက FNF သည် အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများပြုလုပ်ခဲ့ပြီး SMEs များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှုများစွာကို ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် FNF နှင့် SMEs ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အကြားယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြင့်မားသောအတိုင်းအတာအထိတည်ဆောက်နိုင်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲများတွင် FNF သည် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခဲ့သည်။ ဆွေးနွေးခဲ့သောအကြောင်းအရာများတွင် SMEs များကို ထောက်ကူပံ့ပိုးရေးအတွက် အစိုးရ၏ အခန်းကဏ္ဍလည်းပါဝင်သည်။ SMEs လုပ်ငန်းများကို အထောက်အကူပြုရာတွင် မှန်ကန်မျှတသော ယှဉ်ပြိုင်မှု မူဝါဒများအတွက် သင့်တော်သော SMEs အတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်၊ ဗျူရိုကရက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လျှော့ချရေး၊ ဈေးကွက်သို့ဝင်ရောက်ခြင်းအတွက် အတားအဆီးများ ပါဝင်သည်။

## SME ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသွင်အပြင်လက္ခဏာများ

ကွဲပြားခြားနားသော နိုင်ငံများတွင် SME ၏အသွင်အပြင်လက္ခဏာများနှင့် ပတ်သက်၍ ကွဲပြားခြားနားသောစံချိန်စံညွှန်းများရှိကြသည်။ SME ၏ အဓိကအသွင်အပြင်လက္ခဏာများကို သုံးသပ်ရာတွင် ပထဝီဝင်အနေအထား၊ စီးပွားရေးလုပ်ငန်းဖွဲ့စည်းမှုနှင့် လုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုပြုလုပ်သည့် သဘာဝကိုကြည့်ကြသည်။ အချို့နိုင်ငံများတွင်မူ SME ကို စီးပွားရေးလုပ်ငန်းအမျိုးအစားဖြစ်သော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုစသည်ဖြင့် ခွဲခြားကြသည်။

သို့သော် အသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့် ကြီးမားသောစီးပွားရေးလုပ်ငန်းများတွင် ကွဲပြားခြားနားမှုရှိသည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိုယ်ပိုင်လက္ခဏာနှင့် စီမံခန့်ခွဲမှုပုံစံကွာခြားကြသည်။ SME တွင် ရေပြင်ညီအုပ်ချုပ်ဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများပေါင်းစည်းဆောင်ရွက်မှုရှိသည်။ စီးပွားရေးလုပ်ငန်းကြီးများတွင် မက်ထရစ်ပုံစံဖွဲ့စည်းမှုရှိသည်။ စီးပွားရေးလုပ်ငန်းယူနစ်များ ခွဲခြားထားသည်။ တိကျသောဈေးကွက်အကန့်များကို အာရုံစိုက်သည်။ SME တွင်မူ သေးငယ်သောစီမံခန့်ခွဲမှုဖွဲ့စည်းမှုရှိသည်။ စီးပွားရေးလုပ်ငန်းကြီးများတွင် စီမံခန့်ခွဲမှုအလွှာမျိုးစုံရှိသည်။

SME ၏ နောက်ထပ် ဒိုင်မင်းရှင်းတစ်ခုမှာ တည်နေရာနှင့်လုပ်ငန်းဆောင်ရွက်မှုဖြစ်သည်။ စီးပွားရေးလုပ်ငန်ကြီးများသည် ကမ္ဘာအနှံ့အပြားတွင် လုပ်ငန်းဆောင်ရွက်ကြသည်။ SME များတွင် ကန့်သတ်ထားသော ပထဝီဝင်နယ်နိမိတ်များရှိသည်။ သီးခြားနိုင်ငံတစ်နိုင်ငံအတွင်းတွင် ရှိကြသည်။ SME ၏ ကုန်ထုတ်လုပ်မှုတွင် ရုံးချုပ်တစ်ခုရှိသည်။ ကုန်ထုတ်လုပ်မှုပစ္စည်းပစ္စယများရှိသည်။ မြို့တစ်မြို့အတွင်းတွင်တည်ရှိသည်။ သို့မဟုတ် အနီးအနားမြို့ကြီးများတွင်ရှိသည်။ စီးပွားရေးလုပ်ငန်းကြီးများတွင် ဒေသဆိုင်ရာရုံးများရှိသည်။ ပြည်တွင်းရုံးများရှိသည်။ ကော်ပိုရိတ်ရုံးများရှိသည်။ စီးပွားရေးလုပ်ငန်းကိုလည်း ဘဏ္ဍာရေးဌာန၊ စီမံအုပ်ချုပ်ရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အရောင်းဌာန၊ မားကက်တင်းဌာန အဖြစ်ခွဲခြားထားသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် ယင်းလုပ်ငန်းဖန်ရှင်များကို ပေါင်းစည်းထားသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စိုက်ပျိုးရေးနိုင်ငံအဖြစ်ရှိနေဆဲဖြစ်သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်၏ GDP ကိုလေ့လာကြည့်လျှင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးနှင့် သစ်တောကဏ္ဍသည် ၄၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ၂၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဝန်ဆောင်မှုကဏ္ဍသည် ၃၇ ရာခိုင်နှုန်းရှိခဲ့သည်။ အမှန်စင်စစ်နိုင်ငံတည်ဆောက်ရေးတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍတွင်ရှိသည်။ SMEs လုပ်ငန်းများသည် နိုင်ငံတိုးတက်ရေး၊ GDP နှင့်အလုပ်အကိုင်ဖန်တီးရေးအတွက် ရှေ့ရှုဆောင်ရွက်ရမည်ဖြစ်သည်။ အစိုးရအနေဖြင့် SMEs လုပ်ငန်းများ၏ ငွေရေးကြေးရေးအတွက် မူဝါဒများချမှတ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသည် SMEs ဆိုင်ရာအတွေ့အကြုံ၊ ပူးပေါင်းဖလှယ်မှုများအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ ပြုလုပ်ကျင်းပလျက်ရှိသည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းရှင်များအား SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အတွက် တွေ့ဆုံညှိနှိုင်းလေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် SMEs လုပ်ငန်းများအား ချေးငွေထောက်ပံ့နိုင်ရေးအတွက် လုပ်ငန်းခွင်များသို့ ကွင်းဆင်းလေ့လာလျက်ရှိနေသည်။ သို့သော် အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိသဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ ထို့ပြင် ငွေကြေးအရင်းအမြစ် အထောက်အပံ့ပြုရေး၊ နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းဈေးကွက် အထောက်အကူပေးခြင်းနှင့် သင့်လျော်သော အချက်အလက်နှင့် လုပ်ထုံးလုပ်နည်းများသတ်မှတ်စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်ရေရှည်စီးပွားရေးခိုင်မာရေးအတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် တစ်ထောင့်တစ်နေရာမှ အရေးကြီးလာပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

(Ref: small and medium-sized enterprises, Wikipedia, the free encydopedia.)

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၃၉၉ တန်ကျော်ဝင်

ဇွန်လ ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၃၈၇၇၃၄ တန်ဖိုးရှိ ဓာတ်ဆီ ၁၉၈ ဒသမ ၆၉၂ တန်နဲ့ ကန်ဒေါ်လာ ၁၃၆၆၅၁၄၆ တန်ဖိုးရှိ ဒီဇယ် ၂၀၀ ဒသမ ၃၉၂ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၂၇၃ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၅ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ကလည်း ယခင်သီတင်းပတ်မှာ တန်ချိန် ၇၄၄ ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၅၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်၃ ရက်နေ့အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ရန်ကုန်နဲ့ တောင်ကြီး မှာဈေးငြိမ်နေပြီး မော်လမြိုင်မှာ ဒီဇယ်ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင်ရန်ကုန်မှာဓာတ်ဆီရောဒီဇယ်ပါ ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးကျလာတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာဓာတ်ဆီ ၈၀၀ ကျပ်၊ ဒီဇယ်၇၀၀ ကျပ်၊အောက်တိန်း (92) ၇၃၀ ကျပ်၊ အောက်တိန်း (95) ၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၀ ကျပ် နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန်လ ၂၉ ရက်နေ့က ဓာတ်ဆီ ဝယ်ဈေး ၁၃၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇူလိုင် ၂ ရက်တွင် ဝယ်ဈေး ၁၄၄၀၀၀ ကျပ်၊ ရောင်းဈေး၁၄၆၀၀၀ကျပ်ထိဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇွန် ၂၉ ရက်မှာ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ဇူလိုင် ၂ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး၃၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီဈေး အနည်းငယ်မြင့်ခဲ့ပြီးဒီဇယ်ဈေးအနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇွန်လ ၂၉ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ရောင်းဈေး ၁၄၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာ ဇူလိုင် ၂ ရက်တွင် ဝယ်ဈေး၁၃၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဓာတ်ဆီဈေးမှာ ဇွန်လ ၂၉ ရက်နေ့ ဝယ်ဈေး ၁၄၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင်၂ ရက်တွင် ဝယ်ဈေး၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၉၀၀၀ ကျပ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး ဒီဇယ်မှာဈေးအနည်းငယ် မြင့်လာခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၃၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၄၀၀ ကျပ်၊အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ပုဂ္ဂလိက စက်သုံး ဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၄၀၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**MIRT-DOT**

## Energy NYMEX 3-7-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.64 | -0.29 | -0.51 |
| Brent Crude Futr (USD/bbl) | 61.89 | -0.18 | -0.29 |
| Gasoline Rbob Fut (Cent/gal) | 203.24 | -0.19 | -0.09 |
| Natural Gas Futr (USD/MMBtu) | 2.84 | 0.02 | 0.60 |
| Heating Oil Futr (Cent/gal) | 183.49 | -0.50 | -0.27 |

## ကမ္ဘာ့ရွှေဈေး ကျဆင်းနေသော်လည်း မြန်မာ့ရွှေဈေး အတက်အကျ အနည်းငယ်သာရှိနေ

လဆန်းပိုင်းကတည်းက အတက်အကျများစွာရှိခဲ့သည့် မြန်မာ့ရွှေဈေး သည် ယခုတစ်ပတ်တွင် အတက်အကျ အနည်းငယ်သာရှိနေခဲ့သည်ကို တွေ့ရသည်။ ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးသည် တစ်ပတ်အတွင်း ဒေါ်လာ ၂၀ကျော်ကျဆင်းသွားသည်ကိုတွေ့ရသည်။ ယင်းကဲ့သို့ ကမ္ဘာ့ရွှေဈေး ကျဆင်းသွားသော်လည်း မြန်မာ့ ရွှေဈေးမှာမူ လိုက်ပါကျဆင်းခြင်းမပြုဘဲ အမြင့်ဈေးတွင်သာ အတက်အကျ အနည်းငယ်ဖြင့် လှုပ်ရှားလျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးကျဆင်းနေသော်လည်း ပြည်တွင်းငွေလဲနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ ဆက်လက်မြင့်တက်နေသဖြင့် မြန်မာ့ရွှေဈေးသည် အမြင့်ဈေးဖြင့်သာဆက်လက်တည်ရှိနေခြင်းဖြစ်ကြောင်း ရွှေ ကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

“ကမ္ဘာ့ရွှေဈေးက ကျလာတယ်။ တစ်ပတ်အတွင်းမှာ ဒေါ်လာ ၂၀ကျော်လောက်အထိ ကျဆင်းလာတယ်။ အရင်တုန်းကဆိုရင် ကမ္ဘာ့ရွှေဈေး ကျဆင်းလာတာနဲ့ ဒီမှာလည်းဈေးကလိုက်ပြီးကျလာတာပဲ။ ခုကတော့ ပြည်တွင်းငွေလဲနှုန်းကတက်နေတာဆိုတော့ ရွှေဈေးက ကျမသွားဘဲ ဈေးအမြင့်မှာပဲ ဆက်ပြီးရှိနေတယ်။ ငွေလဲနှုန်း မကျသေးသရွေ့တော့ ပြည်တွင်းရွှေဈေးက မြင့်တက်နေဦးမှာပဲ။ ဈေးမြင့်တက်နေတဲ့အတွက် ဈေးကွက်ထဲမှာ ဘယ်လိုမှ အလုပ်မဖြစ်ဘူး။ ကုန်သည်တွေ အချင်းချင်းလည်း သတိပေးနေရတယ်။ ရောင်းမှား ဝယ်မှားမဖြစ်ရအောင်နဲ့ ဈေးမကစားဖို့အတွက်ပါ သတိပေးနေရတယ်”ဟု ရွှေကုန်သည်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။

မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဇွန်လ ၂၉ရက်နေ့က ကျပ် ၇၃၈၅၀၀ ရှိခဲ့ပြီး ဇူလိုင်လ ၁ရက်တွင် ကျပ် ၇၃၆၀၀၀ သို့ အနည်းငယ်ပြန် လည်ကျဆင်းခဲ့ကာ ဇူလိုင်လ ၂ရက်တွင် ကျပ် ၇၃၇၀၀၀ သို့ အနည်းငယ် ပြန်လည်မြင့်တက်ခဲ့သည်။ ဇူလိုင် ၃ ရက်တွင် ကျပ် ၇၃၆၀၀၀ သို့ အနည်းငယ်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန် ၂၉ ရက်တွင် ၁၁၈၄ ဒေါ်လာရှိခဲ့ရာမှ ဇွန် ၃၀ ရက်တွင် ၁၁၈၀ဒေါ်လာသို့လည်းကောင်း၊ ဇူလိုင် ၁ရက်တွင် ၁၁၇၆ ဒေါ်လာသို့လည်းကောင်း ကျဆင်းခဲ့ပြီး ဇူလိုင်လ ၃ရက်နေ့တွင် ၁၁၆၆ ဒေါ်လာသို့လည်းကောင်း ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ဒေါ်လာဈေးများ ပြန်လည်မြင့်တက်လာပြန်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးကျဆင်းသွားခဲ့ပြီးနောက် ဈေးကွက်ပြန်ဖွင့်ချိန်တွင် အနိမ့်ဈေးဖြင့် ဈေးဖွင့်လာခဲ့သော်လည်း ဈေးကွက်ပိတ်ရက်ရောက်ချိန်တွင် ဈေးပြန်လည်မြင့်တက်လာခဲ့ပြန်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက သွင်းကုန်ပမာဏများပြားသည့်လုပ်ငန်းရှင်များအား ဒေါ်လာများရောင်းချပေးရန် ဗဟိုဘဏ်မှ ညွှန်ကြားချက်များထုတ်ပြန်ပြီးသည့်နောက်တွင် ဒေါ်လာဈေးများ ကျဆင်းခဲ့သော်လည်း လက်တွေ့တွင်မူ ပုဂ္ဂလိကဘဏ်များမှ ရောင်းချပေးနိုင်ခြင်းမရှိ၍ ပြင်ပဈေးကွက်ကိုပင် သွင်းကုန်လုပ်ငန်းရှင်များ အားထားလာခဲ့ရသည်။

ထို့ကြောင့် ပြည်တွင်းငွေလဲနှုန်းများမှာ ကျဆင်းသွားခြင်းမရှိဘဲ အတက်အကျများဖြင့်သာရှိနေခဲ့သည်။ ဒေါ်လာဈေး အတက်အကျများရှိနေခြင်းကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ အခက်တွေ့နေရကြောင်း သိရသည်။

“ဒေါ်လာဈေးကမငြိမ်တော့ လုပ်ငန်းလုပ်ရတာ တော်တော်လေးကိုခက်ပါတယ်။ ဈေးတက်သွားသလားဈေးကျသွားသလားဆိုတာ အချိန်နဲ့အမျှ စုံစမ်းနေရတယ်။ ဈေးက တက်ပြီဆိုရင် တစ်ကျပ် နှစ်ကျပ်မဟုတ်ဘူး။ လေးငါးကျပ်ကနေ တစ်ဆယ်နီးပါးလောက်အထိကို တက်သွားတာ၊ ကျရင်လည်း ဒီလိုပဲ။ အဲဒီလို အတက်အကျတွေကြားမှာ ကျွန်တော်တို့ ကုန်သည်တွေ လှုပ်ရှားရတာ တော်တော်လေးကို ခက်ပါတယ်။ ပိုဆိုးတာက အပြင်ဈေးကွက်ကိုပဲ အားထားနေရတဲ့အတွက် ဈေးက သူတို့ သတ်မှတ်တဲ့ဈေးလိုဖြစ်နေတာ။ ဗဟိုဘဏ်က ဈေးသတ်မှတ်ထားပေမယ့် အပြင်မှာက လိုအပ်ချက်ရှိရင်ရှိသလို ဈေးအပြောင်းအလဲ ဖြစ်နိုင်တဲ့အတွက် ဈေးက ဘယ်လိုမှ မငြိမ်နိုင်ဘူးဖြစ်နေတယ်”ဟု ကုန်သည်တစ်ဦးက ပြည်တွင်းငွေလဲနှုန်း အခြေအနေနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

ပြင်ပငွေဈေးကွက်တွင် ဇွန်လ ၂၉ ရက်နေ့က ဝယ်ဈေး ၁၁၇၂ကျပ်၊ ရောင်းဈေး ၁၁၈၀ကျပ်ရှိခဲ့သော်လည်း ဇွန်လ ၃၀ရက်နေ့ ညနေပိုင်းတွင် ဝယ်ဈေး ၁၁၈၀ကျပ်၊ ရောင်းဈေး ၁၁၈၅ ကျပ်သို့ မြင့်တက်ခဲ့သည်။ ဇူလိုင် ၂ ရက်တွင် ဝယ်ဈေး ၁၁၈၃ကျပ်၊ ရောင်းဈေး ၁၁၈၈ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ဇူလိုင် ၃ရက်တွင် ဝယ်ဈေး ၁၁၈၅ကျပ်၊ ရောင်းဈေး ၁၁၉၁ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။

## Currency Exchange Rate

July 3, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 77.71 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.40 |
| IDR | Indonesia Rupiahs | 13311.41 |
| JPY | Japan Yen | 123.11 |
| MYR | Malaysia | 3.78 |
| PKR | Pakistan Rupees | 101.74 |
| PHP | Philippines Pesos | 45.08 |
| RUB | Russia Rubles | 55.65 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1122.36 |
| LKR | Sri Lanka Rupe | 133.56 |
| THB | Thailand Baht | 33.78 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21805.49 |

*Source : xe.com*

## World Gold Price

June, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1178 | 1178 | 1181 |
| 30 | 1176 | 1175 | 1175 |
| 1 | 1171 | 1171 | 1174 |
| 2 | 1162 | 1165 | 1165 |
| 3 | 1166 | 1166 | 1166 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-6- 2015 | 738.50 | 738.00 |
| 30-6- 2015 | 740.50 | 740.40 |
| 1-7- 2015 | 738.50 | 738.00 |
| 2-7- 2015 | 736.50 | 735.90 |
| 3-7- 2015 | 736.50 | 736.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6 .21 | 33.83 | 78.47 | 63.87 |
| 29 | 6. 20 | 33.76 | 77.48 | 63.77 |
| 30 | 6 .20 | 33.78 | 78.10 | 63.62 |
| 1 | 6 .20 | 33.79 | 78.01 | 63.52 |
| 2 | 6.21 | 33.78 | 77.71 | 63.40 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29-June | 15.87 | 2048.93 | 1675.52 | 5856.93 | 1071.00 |
| 30-June | 15.68 | 2000.99 | 1660.96 | 5796.67 | 1082.00 |
| 1-July | 15.57 | 2026.08 | 1657.82 | 5809.66 | 1082.00 |
| 2-July | 15.55 | 2073.57 | 1711.14 | 5874.40 | 1077.00 |
| 3-July | 15.65 | 2056.10 | 1699.04 | 5876.86 | 1082.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေအဝင်ပို

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၂၁ ရက်မှ ၂၇ ရက်အတွင်း ပြည်တွင်းကို ကန်ဒေါ်လာ ၅၉၀၀၆၅၄ တန်ဖိုးရှိ ဘိလပ်မြေ ၆၉၈၃၂ ဒသမ ၁၃၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှမှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၈ဒသမ ၉၃၂ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၈၀၀၊ စင်ကာပူမှ ၄၆၅ တန်၊ ဗီယက်နမ်မှ ၂၀ ဒသမ ၄၈၃ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၃၀၂၅ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှ ဆင်နဲ့ စိန်၊အိန္ဒိယမှ **KCP**၊ ဗီယက်နမ်မှ **Maxbond** တံဆိပ်များ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၂၀၆၄ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၇၇၆၈ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### စျေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေဆဲ ဘိလပ်မြေ

ဇွန် ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှဘိလပ်မြေအဝင်မှာ ၆၉၈၃၂ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်း ပတ်ဘိလပ်မြေအဝင်မှာ ၂၂၀၆၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၄၇၇၆၈ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၅၀၁၂ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၉၇၀၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၅၃၁၁ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

မော်လမြိုင်ဘိလပ်မြေစျေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ သီတင်းနှစ်ပတ်လောက် အရောင်းထိုင်းနေပြီး ဒီတစ်ပတ်မှာပုံမှန်လေးပြန်ဖြစ်လာတယ်။ ရောင်းအားတက်လာပေမယ့် စျေးငြိမ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ ဆင် (ထိုင်း) ၅၄၀၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၅၁၀၀ကျပ်၊ စိန် ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးစျေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိနေပေမယ့် အရင်တစ်ပတ်စျေးနဲ့ပဲငြိမ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ စျေးမှာ ဆင်(ထိုင်း) ၆၇၀၀ကျပ်၊ ဆင်(မြန်မာ) ၅၈၀၀ ကျပ်၊ အပါချီ ၅၉၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ စျေးငြိမ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ ဆင်(ထိုင်း) ၇၆၀၀ ကျပ်၊ စိန် (ထိုင်း) ၇၅၀၀ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ အပါချီ ၅၆၀၀ ကျပ်၊ နဂါး ၅၆၀၀ ကျပ်၊ ကမ္ဘောဇ ၅၁၀၀ ကျပ်၊ ခြင်္သေ့၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### တစ်ပတ်ပြီးတစ်ပတ် အဝင်နည်းနေတဲ့ မြေဆီ

ပြည်တွင်းကို ကန်ဒေါ်လာ ၆၂၄၃၁၃ ကျော်တန်ဖိုးရှိ မြေသြဇာ ၂၀၃၂ ဒသမ ၅၅၂ တန်ကို ဇွန်လ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၅ တန်၊ စင်ကာပူမှ ၁၂၀၃ တန်၊ ထိုင်းနိုင်ငံမှ ၄၈ တန်၊ ဂျာမနီနိုင်ငံမှ ၃၇၅ တန်၊ မလေးရှားနိုင်ငံမှ ၄၀၁ ဒသမ ၅၅၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဝင်လာတဲ့အမျိုးအစားများမှာ ကွန်ပေါင်း၊ သီးစုံနဲ့ **Foilar** စတဲ့ အမျိုးအစားများ ဝင်လာခဲ့ပါတယ်။ အများဆုံးဝင်လာတာက ကွန်ပေါင်းဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၂၀၀၀ ကျော်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၄၃၀ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဓာတ်မြေသြဇာ အရောင်းအေး

ဇွန် ၂၀ ရက်မှ ၂၇ ရက် အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၂၀၃၂ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၇၆၂ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ ၄၃၀ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၃၄၅၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၂၄၇၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၇၇ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းစျေးကွက်များဖြစ်တဲ့ မန္တလေး ၊ မော်လမြိုင်နဲ့တောင်ကြီးမှာ စျေးမြင့်ပြီး ရန်ကုန်စျေးကွက်မှာ စျေးအနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေသြဇာအရောင်း လိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ပုလဲအသေးနဲ့ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်)ကစျေးကျပြီး ကျန်မြေသြဇာတွေက ယခင်စျေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စျေးကျတာကလည်း တစ်အိတ်ကို ၂၀၀ ကျပ်မှ ၃၀၀ ကျပ် အတွင်းသာ စျေးကျခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စျေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့စျေးနှုန်းတွေမှာ ပုလဲ-အသေး၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ်၊ တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးစျေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်အေးတာကြောင့်လည်း စျေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ စျေးမှာ ယူရီးယား (ပန်း ဖူး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၄၀၀ ကျပ်၊ တီစူပါ (**GTSP** ၄၆%-တရုတ်) ၁၉၆၀၀ ကျပ်၊တီစူပါ (**GSSP** ၁၆%-တရုတ်) ၉၉၀၀ ကျပ်၊ တီစူပါ (**GSSP** ၁၂%-တရုတ်)၉၃၀၀ကျပ်၊ကွန်ပေါင်း ၁၀း၁၀း၅ ၁၃၅၀၀ ကျပ် စျေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** မြေသြဇာက ရာသီချိန် မဟုတ်တာကြောင့် အရောင်းပါးပြီး စျေးငြိမ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၂၈၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၂၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၃၃၀၀ ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၀၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၁၄၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၀၀၀ ကျပ်၊တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၅၇၀၀ ကျပ်၊ ခါတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ပိုတက်(တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြားကမ္ဘာက ၁၅၃၀၀ ကျပ်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးစျေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာက အရောင်းအဝယ်အေးပြီး စျေးလည်းငြိမ်နေတယ်ခဲ့တယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ၁၄၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၅၈၀၀ကျပ်၊ အာမို ၁၆း၁၆း၈ ၃၂၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၉၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)၂၁၉၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၃၀၀၀ ကျပ်၊ တောင်သူမ ၁၃၈၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့် အဝင်လျော့

ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၆၅၀၈၅ တန်ဖိုးရှိ နို့ဆီ ၁၆၂ ဒသမ ၂၄ တန်ကို ဇွန် ၂၁ ရက်မှ ဇွန် ၂၇ ရက် သီတင်းပတ်အတွင်းမှာတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုးနို့ဆီ ၁၄၉ ဒသမ ဝ၄ တန်၊ ဒွန်းနို့ဆီ ၁၃ ဒသမ ၂၀ တန် တင်သွင်းခဲ့ပါတယ်။ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားမှ သုည ဒသမ ၁၆၂တန်နဲ့ စင်ကာပူမှ ၈၄ ဒသမ ၇၄၇ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် မှာ တန်ချိန် ၁၆၀ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ၇၆ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၀/၆ မှ ၂၆/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၃/၆ မှ ၁၉/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၆၄.၅၀ | ၁၁၇၄.၂၅ | (+) | ၉၀.၂၅ |
| ၂။ | လွယ်ဂျယ် | ၇၂၆.၀၀ | ၃၂၉.၀၀ | (+) | ၃၉၇.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၆၃၃.၀၀ | ၂၄၈၀.၅၀ | (+) | ၁၅၂.၅၀ |
| ၅။ | တာချီလိတ် | - | ၂၀၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | ၂၁၈.၈၆ | ၅၄၄.၆၄ | (-) | ၃၂၅.၇၈ |
| ၇။ | ကော့သောင်း | ၁၀၀၂၀.၀၀ | ၂၉၂၂.၅၀ | (+) | ၇၀၉၇.၅၀ |
| ၈။ | မြိတ် | ၁၀၀.၀၀ | ၂၅၀.၀၀ | (-) | ၁၅၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၅၀၁၂.၃၆ | ၉၇၀၀.၈၉ | (+) | ၅၃၁၁.၄၇ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၀/၆ မှ ၂၆/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၃/၆ မှ ၁၉/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၈၈၁.၅၀၀ | ၁၁၇၀၅.၄၀၀ | (-) | ၈၂၃.၉၀၀ |
| ၂။ | လွယ်ဂျယ် | ၁၅၄.၅၀၀ | ၅၉.၈၀၀ | (+) | ၉၄.၇၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၆၁.၅၀၀ | ၁၉၀.၇၉၀ | (+) | ၁၀၇၀.၇၁၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၂၂၄.၉၆၀ | ၄၃၀.၅၈၅ | (-) | ၂၀၅.၆၂၅ |
| ၆။ | ကော့သောင်း | ၂၂၈.၅၀၀ | ၈၇.၀၀၀ | (+) | ၁၄၁.၅၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၇၀၀.၀၀၀ | - | (+) | ၇၀၀.၀၀၀ |
| | စုစုပေါင်း | ၁၃၄၅၀.၉၆၀ | ၁၂၄၇၃.၅၈၅ | (+) | ၉၇၇.၃၇၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# မူဆယ်နယ်စပ်မှ နှမ်းဖြူ (အခွံချွတ်) ပိုမိုတင်ပို့

ဇွန်လ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၈၈ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်)၁၀၇ တန်ခွဲနဲ့ ကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိနှမ်းလှော် ၃ တန်တင်ပို့ခဲ့ပါတယ်။

မကွေးမြို့ရှိ လှော်ဖိုကြီးများမှ နှမ်းလှော်များကို ရန်ကုန်၊ မန္တလေးဈေးကွက်သို့ တင်ပို့ကြပြီး ထိုမှတစ်ဆင့် တရုတ်နဲ့ ကိုရီးယားဈေးကွက်အထိ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နေကြတာဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) ၃၈ တန် တစ်မျိုးတည်းသာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်တွင် မူဆယ်မှ နှမ်းဖြူ(အခွံချွတ်)တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ချင်းရွှေဟော်စခန်းကလည်း ယခင်ရက်သတ္တပတ်က နှမ်းတင်ပို့မှုမရှိခဲ့ဘဲ ယခုတစ်ပတ်တွင် နှမ်းဖြူ ၉၉၁ တန်၊ နှမ်းနက် ၁၈၁ တန်နဲ့ နှမ်းညို ၈၃ တန်ကို ကန်ဒေါ်လာ ၁ ဒသမ ၈၆၆ သန်းဖိုး တင်ပို့မှုရှိခဲ့ပါတယ်။

ဇွန်လအတွင်း စခန်းစုံမှ နှမ်းရောင်စုံ တန်ချိန် ၁၃၆၅ တန်ခွဲထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို ၁၇၅၈၅၇၉ ကျပ်၊ နှမ်းနက် တစ်တန်ကို ၂၀၃၅၃၃၂ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၇၉၈၃၉၆ ကျပ်နဲ့ နှမ်းနက်ဈေး ၂၀၈၁၄၁၅ ကျပ်သို့ ဈေးမြင့်တက်လာခဲ့ပါတယ်။

**မော်မော်အောင်**

# ပန်းပန်နေတဲ့ ပြည်မြေပဲဆန်ဈေးကွက်

ယခုတစ်ပတ်တွင်လည်း ပြည်ဈေးကွက်၌ မြေပဲဆန်ဈေး အမြင့်မှာရပ်တည်နေတာ တွေ့ရပါတယ်။ မန္တလေးနဲ့ ရန်ကုန် ဝယ်လက်များက အဝယ်ရှိနေသော်လည်း မြေပဲဆန် အဝင်မရှိဘဲ လက်ကျန်အနည်းငယ်ဖြင့်သာ ရောင်းဝယ်နေကြသဖြင့် တစ်နေ့ကို အိတ် ၈၀ လောက်သာ ရောင်းဝယ်နေတာ တွေ့ရပါတယ်။

မြေပဲဆန်ကို အဝယ်ရှိသော်လည်း ဈေးကွက်တွင် ဝယ်လိုအား အပြည့်အဝမပေးနိုင်သဖြင့် ဈေးဆက်မြင့်နေပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာကို ၂၅၀၀ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာ ၂၈၀၀ ကျပ်နဲ့ လုံးဆန်အနီ တစ်ပိဿာကို ၂၉၀၀ ကျပ်ဖြင့် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ပန်းပန်လျက်ရှိ နေပါတယ်။ **ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီလက်ကျန် ဇွန်လတွင် လအလိုက် သုံးရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်း

မလေးရှားစားအုန်းဆီရဲ့ ဇွန်လကုန် သိုလှောင်လက်ကျန်မှာ သုံးရာခိုင်နှုန်းကျဆင်းပြီး တန် ၂ ဒသမ ၁၇ သန်းထိ ရောက်ရှိမယ်လို့ CIMB သုတေသနအဖွဲ့က ခန့်မှန်းထားပါတယ်။ စားအုန်းဆီသိုလှောင်မှု တရားဝင်လက်ကျန်စာရင်းများကို ဇူလိုင် ၁၀ ရက်မှာ တရားဝင်ထုတ်ပြန်မယ်လို့ စတားအွန်လိုင်းသတင်းမှာဖော်ပြပါတယ်။

CIMB က သိုလှောင်မှု လက်ကျန်စာရင်းများကို ခန့်မှန်းရာမှာ လွန်ခဲ့တဲ့ခြောက်လအတွင်း ပြည်တွင်းပျမ်းမျှစားသုံးမှု တန်ချိန် ၂၅၂၀၀၀ နဲ့ ဇွန်လအတွင်း တင်သွင်းမှု လအလိုက် နှိုင်းယှဉ်ပါက အတက်အကျမရှိတာကို အခြေခံပြီး တွက်ချက်ခန့်မှန်းတာဖြစ်ပါတယ်။

CIMB သုတေသနအဖွဲ့က မလေးရှားနိုင်ငံမှာရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းကြီး ၁၈ ခုကို စစ်တမ်းကောက်ယူခဲ့တာဖြစ်ပြီး ဇွန် ၁၅ ရက်နေ့အထိ ကောက်ခံရရှိတဲ့ စာရင်းများအရ စားအုန်းဆီကြမ်း (Crude Palm Oil -CPO ) တင်သွင်းမှု အတက်အကျမရှိဘဲ နှစ်အလိုက်နှိုင်းယှဉ်တဲ့အခါ ၁၅ ရာခိုင်နှုန်းမြင့်တက်ပြီး တန် ၁ ဒသမ ၈၁ သန်းရှိတာကို တွေ့ရပါတယ်။

ဇွန်လလယ်ကနေ ဇူလိုင်လလယ်အထိ ကာလက ဥပုသ်လဖြစ်တဲ့အတွက် ဒီအခြေအနေက ယခုအတိုင်း ဆက်လက်တည်ရှိသွားဦးမယ်လို့ ခန့်မှန်းထားပါတယ်။ ယခင်အတွေ့အကြုံအရ ပြည်နယ်တွေရဲ့ ထုတ်လုပ်မှုက ဒီလိုဥပုသ်လမှာ ကျဆင်းတတ်ပြီး ပွဲတော်ရာသီပြီးသွားရင် အတက်ဘက်မှာ ရှိနေတတ်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ တခြားဟင်းရွက်ဆီဈေးတွေမြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီ ဈေးကလည်း ဇူလိုင် ၂ ရက်နေ့မှာ မြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ ကုန်သည်တွေက ဂရိနိုင်ငံအခြေအနေကို စောင့်ကြည့်အကဲခတ်နေပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ စက်တင်ဘာလအတွက် စားအုန်းဆီစာချုပ်ဈေးက ၁ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၂၆၈ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ပျမ်းမျှခြင်းအားဖြင့် တစ်တန်ကို ၂၂၃၄ ရင်းဂစ်နဲ့ ၂၂၆၈ ရင်းဂစ်အကြား အတက်အကျ ရှိနေပါတယ်။ ဒီရက်သတ္တပတ်ထဲမှာ စားအုန်းဆီဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်လအတွင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့ပါတယ်။

"အမေရိကန် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာက အပြုသဘော အလားအလာတွေရှိနေသလို ဈေးကွက်တုံ့ပြန်မှုကလည်း အပြုသဘောအလားအလာရှိနေတာကိုတွေ့ရပါတယ်။ ဒါပေမယ့် မရေရာမှုတွေကတော့ အများကြီးရှိနေပါတယ်"လို့ မလေးရှားနိုင်ငံ နိုင်ငံခြားကုန်စည်အကျိုးဆောင်အဖွဲ့မှ စားအုန်းဆီကုန်သည်တစ်ဦးက ပြောပါတယ်။

လွန်ခဲ့တဲ့နှစ် အမေရိကန်ပဲပုပ်နဲ့ ပြောင်းလက်ကျန်တွေမြင့်မားခဲ့ပေမယ့် ဝယ်လိုအားက ရောင်းလိုအားကို ကျော်လွန်ခဲ့တဲ့အတွက် ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်ဟာ ခန့်မှန်းထားတဲ့အောက်ကို ကျဆင်းခဲ့ကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဇူလိုင် ၂ ရက်က ပြောပါတယ်။

ယခုရက်မှာ စုစုပေါင်းရောင်းချမှု ပမာဏက ၂၅ တန်ရှိအတွဲ ၃၆၈၅၈ တွဲရှိတဲ့အတွက် ပျမ်းမျှရောင်းရတဲ့ ၃၅၀၀၀ အတွဲထက် ပိုမိုနေတာကို တွေ့ရပါတယ်။

**ဉာဏ်တင်**



## ပြည်တွင်းဆီဈေးနှုန်းများ (၃-၇-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၅၀၀ | △ | ၄၂၀၀ | ၄၂၀၀ | □ | ၁၇၅၀ | ၁၇၀၀ | ▽ |
| ရန်ကုန် | ၅၃၀၀ | ၆၀၀၀ | △ | ၄၈၀၀ | ၅၅၀၀ | △ | ၁၄၂၀ | ၁၄၃၀ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၃၀ | ၁၅၂၀ | ▽ |
| ပဲခူး | ၃၁၀၀ | ၃၁၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၅၀၀ | ၁၄၈၀ | ▽ |
| မကွေး | ၄၇၀၀ | ၄၇၀၀ | □ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၆၀၀ | ▽ | ၁၅၅၀ | ၁၅၇၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၁၀၀ | △ |

***Source: mirt***

## စားအုန်းဆီဈေးနှုန်းများ (၂၉-၆-၂၀၁၅ မှ ၃-၇-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၉-၆-၂၀၁၅ | ၆၈၅ |
| (၂) | ၃၀-၆-၂၀၁၅ | ၆၈၀ |
| (၃) | ၁-၇-၂၀၁၅ | ၆၉၀ |
| (၄) | ၂-၇-၂၀၁၅ | ၆၈၀ |
| (၅) | ၃-၇-၂၀၁၅ | ၆၈၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃-၇-၂၀၁၅ **US$/Ton**

| အမျိုးအစား | ဇွန်လစတုတ္ထပတ် | ဇူလိုင်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၁၄.၅၀ | ၆၂၂.၀၀ | △ |
| **RBD P.Olein** | ၆၃၁.၅၀ | ၆၃၄.၀၀ | △ |
| **RBD P.Strarin** | ၅၅၈.၀၀ | ၅၆၂.၅၀ | △ |

***Source: econ.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃- ၇ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၅၉.၁၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၁၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၇၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၉၉.၀၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃-၇-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာ၊ FOB ၆၆၀ ဒေါ်လာနှင့် USD ဈေး ၁၁၂၅ ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃-၇-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၂၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုည ရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တရုတ်နိုင်ငံနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အနီးကပ်ပြုလုပ်ရန် ဘယ်လ်ဂျီယံနိုင်ငံရည်ရွယ်

အခြေခံအဆောက်အအုံဆိုင်ရာ အာရှရင်းနှီးမြှုပ်နှံမှုဘဏ်၏ မူဘောင်သဘောတူညီချက်အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် တရုတ်နိုင်ငံနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ဘယ်လ်ဂျီယံနိုင်ငံက မျှော်မှန်းထားကြောင်း၊ တရုတ်ဗဟိုဘဏ် (BOC)နှင့် The Industrial and Commercial Bank of China (ICBC) တို့သည် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် ဘဏ်ခွဲများ ဖွင့်လှစ်ထားကြောင်း၊ တရုတ်အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် Anbang သည် ဘယ်လ်ဂျီယံနိုင်ငံရှိ ဘယ်လ်ဂျီယံ အာမခံကုမ္ပဏီ Fidea Antwerp နှင့် ဒတ်ချ် အာမခံကုမ္ပဏီတို့အား ၂၀၁၄ ခုနှစ်အတွင်းက ဝယ်ယူခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံအား ဘဏ္ဍာရေး စင်တာအဖြစ် ဖန်တီးနိုင်ရေးသည် ဘယ်လ်ဂျီယံအစိုးရ၏ အရေးပါသော ရည်မှန်းချက်တစ်ရပ်ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ဘယ်လ်ဂျီယံ ဘဏ္ဍာရေးဝန်ကြီး Mr.Johan Van Overtveldt က ထုတ်ဖော်ပြောကြားခဲ့သည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဘဏ်များနှင့် စတော့ဈေးကွက်ကို ဂရိနိုင်ငံဆက်လက်ပိတ်ထားမည်

ဂရိနိုင်ငံ၏ ငွေကြေးအကျပ်အတည်း အခြေအနေများကြောင့် ဂရိဘဏ်များတွင် စုဆောင်းငွေပြန်လည်ထုတ်ယူမှုများ များပြားလျက်ရှိပါသည်။ ဂရိနိုင်ငံအတွက် အရေးပေါ်ချေးငွေပမာဏအား ထပ်မံမတိုးရန် ကြေညာချက်ထုတ်ပြန်ပြီးသည့် နောက်ပိုင်းတွင် ဂရိဝန်ကြီးချုပ်က ဂရိနိုင်ငံရှိဘဏ်များနှင့်စတော့ဈေးကွက်ကို ဆက်လက်ပိတ်ထားမည်ဖြစ်ပြီး ငွေကြေးစီးဆင်းမှုကိုလည်း ထိန်းချုပ်ထားမည် ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် စုဆောင်းငွေ၊ လစာနှင့်ပင်စင်စသည်တို့အတွက် ပူပန်စရာမလိုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

ဇွန်လ ၃၀ ရက်တွင် ဂရိနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့သို့ ချေးငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၃ ဘီလီယံခန့် ပြန်ပေးဆပ်နိုင်ခြင်းရှိမရှိကိုမူ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ အကယ်၍ ဂရိနိုင်ငံအနေဖြင့် အဆိုပါချေးငွေအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံ အဖြစ်မှ နုတ်ထွက်ရန် တွန်းအားပေးခံရနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# စင်ကာပူနှင့်မလေးရှားနိုင်ငံအကြား နေ့စဉ်ခရီးတို ရထားစတင်ပြေးဆွဲ

မလေးရှားနိုင်ငံ၌ ရထားပြေးဆွဲမှုလုပ်ကိုင်လျက်ရှိသည့် Keretapi Tanah Melayu (KTM) ကုမ္ပဏီသည် နှစ်နိုင်ငံနယ်စပ် ဂျိုဟိုးရေလက်ကြားကိုဖြတ်သန်းဆက်သွယ်ထားသည့် Causeway တာဘောင်ရထားလမ်းမှတစ်ဆင့် စင်ကာပူနိုင်ငံရှိ Woodlands ရထားစစ်ဆေးရေးဂိတ်နှင့်မလေးရှားနိုင်ငံရှိ ဂျိုဟိုးမြို့ JB Sentral ဘူတာရုံတို့အကြား ခရီးတိုခေါက်ပြန်ရထားပြေးဆွဲမှုကို ဇူလိုင်လ ၁ ရက်နေ့မှစတင် ဆောင်ရွက်ခဲ့ပါသည်။

Shuttle Tebrau ဟုအမည်ပေးထားသော အဆိုပါရထားလမ်းကြောင်းပြေးဆွဲမှုကို နေ့စဉ်ခရီးစဉ် ၁၄ ခုဖြင့်လုပ်ကိုင်ရာတွင် ဂျိုဟိုးဘက်ခြမ်း၌ နံနက်ပိုင်း ၅:၃၀၊ ၇:၀၀၊ ၈:၃၀ နှင့် ညနေပိုင်း ၄:၀၀၊ ၅:၃၀၊ ၇:၀၀၊ ၁၀:၀၀ နာရီအချိန်များတွင် ထွက်ခွာမည်ဖြစ်သည်။ မလေးရှားနိုင်ငံဘက်မှ စတင်သည့်ခရီးစဉ်များအတွက် လက်မှတ်တစ်စောင်လျှင် ၅ မလေးရှားရင်းဂစ် (၁ ဒသမ ၈ စင်ကာပူဒေါ်လာခန့်) ကျသင့်မည်ဖြစ်ပြီး စင်ကာပူမှ ထွက်ခွာသည့်ခရီးစဉ်၌ လက်မှတ်တစ်စောင်လျှင် ၅ စင်ကာပူဒေါ်လာပေးချေရမည်ဖြစ်သည်။ ခရီးကြာမြင့်ချိန်မှာ ၅ မိနစ်မျှသာရှိပြီး ခရီးစဉ်တစ်ကြောင်းတွင် ခရီးသည် ၃၂၀ ဦးလိုက်ပါနိုင်မည်ဖြစ်ပါသည်။

ယခင်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် စင်ကာပူရှိ Woodlands ရထားစစ်ဆေးရေးဂိတ်အကြား ပြေးဆွဲခဲ့သည့် ရထားလမ်းကြောင်းများမှာဂျိုဟိုးမြို့ရှိ JB Sentral ဘူတာရုံ၌သာ အဆုံးသတ်တော့မည်ဖြစ်ပါသည်။ ဤရထားလမ်းခရီးတိုပြေးဆွဲမှုနှင့်ပတ်သက်၍ နံနက်ပိုင်းခရီးစဉ်များတွင် မလေးရှားဘက်ခြမ်းမှလိုက်ပါစီးနင်းလိုသူ အရေအတွက်မှာ များပြားသော်လည်း စင်ကာပူဘက်မှ ခရီးသည်ပမာဏမှာ နည်းပါးလျက်ရှိကြောင်း၊ စင်ကာပူမှထွက်ခွာသည့် ခရီးလမ်းကြောင်းအတွက် လက်မှတ်ခမှာလည်း ဈေးနှုန်းအနည်းငယ်များပြားကြောင်း၊ မလေးရှားမှ စင်ကာပူသို့ ရထားလမ်းခရီးဖြင့် လာရောက်ရာတွင် ရထားပြောင်းလဲစီးနင်းရမည်ဖြစ်၍ ခရီးစဉ်အချိန်ကိုက်ညီမှုမှာ လိုအပ်ချက်များရှိနေသေးကြောင်း၊ သို့သော် မော်တော်ယာဉ်ဖြင့် သွားလာပါက ကြုံတွေ့ရနိုင်မည့် လမ်းပိတ်ကြပ်မှုနှင့် အချိန်ကြန့်ကြာမှုတို့ကို ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်းစသည်ဖြင့် ခရီးသွားလာသူအချို့၏ ပြောဆိုချက်အား Straits Times သတင်းဌာနမှ ဖော်ပြပါသည်။ Channel NewsAsia သတင်းဌာနကလည်း ယခုရထားပြေးဆွဲမှုမှာ Causeway တာဘောင်၌ ယာဉ်ကြောပိတ်ဆို့မှုကို လျော့ပါးသက်သာစေဖွယ်ရာ မရှိသေးကြောင်း ဖော်ပြပါသည်။ စင်ကာပူနှင့် မလေးရှားနိုင်ငံအကြားနေ့စဉ် ဖြတ်သန်းသွားလာသူ ခရီးသွားဦးရေမှာ နှစ်သိန်းကျော်ရှိပြီး ၎င်းတို့အနေဖြင့် ခရီးသွားလာမှု အများဆုံး အချိန်ပိုင်းများ၌ ရထားခရီးစဉ် များပိုမိုတိုးချဲ့လာရန် မျှော်လင့်လျက်ရှိကြပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# ဂရိဘဏ်များ ပိတ်ပြီးနောက် ဥရောပရှယ်ယာဈေးနှုန်းများ၊ ငွေချေးစာချုပ်ဈေးနှုန်းများနှင့်ယူရိုငွေဈေးနှုန်းများ ကျဆင်း

ဂရိဘဏ်များအတွက် သက်တမ်းကုန်ဆုံးတော့မည့် ကယ်ဆယ်ရေးအစီအစဉ်ကို တစ်လထပ်မံသက်တမ်းတိုးပေးရန် ဂရိနိုင်ငံ၏ တောင်းဆိုချက်အား ဇွန်လ ၂၇ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ပြုလုပ်ခဲ့သည့် အစည်း အဝေး၌ ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများကငြင်းပယ်ခဲ့ပါသည်။ ဇွန်လ ၂၈ ရက်တွင် ဂရိနိုင်ငံအတွက် အရေး ပေါ်ချေးငွေပမာဏအား ထပ်မံမတိုးရန် ဥရောပဗဟိုဘဏ်က ဆုံးဖြတ်ခဲ့ပါသည်။ ထို့နောက်ဂရိဘဏ်များတွင် ငွေများပြန်လည်ထုတ်ယူမှု ပိုမိုများ ပြားလာနိုင်သည့် အခြေအနေများကြောင့် ဂရိဘဏ်များ ပိတ်ခဲ့ရပါသည်။

ထိုသို့ ဂရိဘဏ်များ ပိတ်ပြီးနောက် ဥရောပရှယ်ယာဈေးနှုန်းများ၊ ငွေချေးစာချုပ်ဈေးနှုန်းများနှင့်ယူရိုငွေဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ဇွန်လ ၂၉ ရက်၊ အစောပိုင်းအချိန်ကာလတွင် Stoxx Europe 600 Index သည် ၂ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အလားတူ ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံအချို့၏ ငွေချေးစာချုပ်ဈေးနှုန်းများလည်း ကျဆင်းခဲ့ပါသည်။ ဇွန်လ ၂၉ရက် နံနက်ပိုင်းက ယူရိုငွေဈေးနှုန်းသည် အမေရိကန်ဒေါ်လာနှင့်လဲလှယ်ရာ၌ ပျမ်းမျှအားဖြင့် သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၈၉ ခန့် ရှိခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်

ဘယ်လ်ဂျီယံနိုင်ငံ၏ ငွေကြေး ဖောင်းပွမှုနှုန်းသည် ၂၀၁၅ ခုနှစ် မေလ တွင် သုည ဒသမ ၅၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဇွန်လ တွင် သုည ဒသမ ၆၃ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ နောက်ပိုင်း အမြင့်ဆုံးငွေကြေး ဖောင်းပွမှုနှုန်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ဘယ်လ်ဂျီယံဗဟိုအစိုးရ ဝန်ကြီးဌာန တစ်ခုဖြစ်သောFPS Economy,SMEs,Self-Employed and Energy က ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက် များအရ သိရှိရပါ သည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဥရောပဗဟိုဘဏ်က ဂရိနိုင်ငံအတွက် အရေးပေါ်ချေးငွေပမာဏ ထပ်မံမတိုးရန်ဆုံးဖြတ်

ဂရိနိုင်ငံအတွက် အရေးပေါ်ချေးငွေပမာဏအား ထပ်မံတိုးမြှင့်ခြင်းမပြုရန်နှင့်ဇွန်လ ၂၆ ရက်နေ့က ချမှတ်ခဲ့သည့် ချေးငွေ ပမာဏအတိုင်း ဆက်လက်ထားရှိရန် ဇွန်လ ၂၈ ရက်နေ့တွင် ဥရောပဗဟိုဘဏ်က ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ဘဏ္ဍာ ရေးတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန် ဥရောပဗဟိုဘဏ်သည် ဂရိဘဏ်များနှင့်အနီးကပ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဇွန်လ ၃၀ရက်သည် ဂရိဘဏ်များ၏ နိုင်ငံတကာချေးငွေ ပြန်လည်ပေးဆပ်ရမည့် နောက်ဆုံးရက်ဖြစ်ပြီး အဆိုပါ နောက်ဆုံးရက်အား ထပ်မံရွှေ့ဆိုင်းမပေးနိုင်ကြောင်း၊ ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများက ငြင်းပယ်ခဲ့ပြီးနောက် ဥရောပဗဟိုဘဏ်က ဂရိနိုင်ငံအတွက် အရေးပေါ်ချေးငွေပမာဏအား ထပ်မံတိုးမြှင့်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# တရုတ်ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီနှင့် ဘယ်လ်ဂျီယံတက္ကသိုလ်နှင့် ဘယ်လ်ဂျီယံဆက်သွယ်ရေးကုမ္ပဏီတို့စာချုပ်ချုပ်ဆို

ဘယ်လ်ဂျီယံနိုင်ငံရှိ The Free University of Brussels (VUB)နှင့် Proximus တို့သည် တရုတ်ကြေးနန်း ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော ဟွာဝေးနှင့်အတူ ဥရောပဈေးကွက်အတွက် 5G နည်းပညာစမ်းသပ်စစ်ဆေးရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ICT Learning and Innovation Centre တစ်ခုအားပူးတွဲ တည်ထောင်နိုင်ရေးနှင့်ပတ်သက်သော မိတ်ဖက်သဘောတူစာချုပ်တစ်ရပ်အား လက်မှတ်ရေးထိုးခဲ့ကြကြောင်း Flanders Today တွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှု ဆက်လက်ကျဆင်း

ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် မေလအတွင်းက ကျဆင်းခဲ့ရာ ငါးလဆက်တိုက် ကျဆင်းခဲ့ပြီဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် မေလအတွင်းက ပြည်ပတင်ပို့မှုသည် ပြီးခဲ့သည့်နှစ် အလားတူကာလထက် ငါးရာခိုင်နှုန်း လျော့နည်း၍ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံ ရှိခဲ့ပါသည်။ ယခုနှစ် ပထမဆုံးငါးလအတွင်း တင်ပို့မှုအနေဖြင့်မူ ၄ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၇ ဘီလီယံ ရှိခဲ့ပါသည်။

ကမ္ဘာ့ လယ်ယာထွက်ကုန်စျေးနှုန်းများ ကျဆင်းနေသည့် အားလျော်စွာ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုသည် မေလ၌ ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အထူးသဖြင့် ရော်ဘာတင်ပို့မှုသည် ၁၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာသန်း ၃၇၀ သာရှိခဲ့ကြောင်း သိရှိရပါသည်။ ထို့အတူ သကြားတင်ပို့မှုသည်လည်း ၂၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာသန်း ၂၅၀ ရှိခဲ့ပြီး ပုစွန်တင်ပို့မှုသည် ၁၆ ဒသမ ၉ ရာခိုင်နှုန်းကျဆင်း၍ အမေရိကန်ဒေါ်လာ ၁၁၁ သန်းသာ ရှိခဲ့ပါသည်။

မေလ၌ တင်သွင်းမှုသည်လည်း ၂၀ ရာခိုင်နှုန်းလျော့နည်း၍ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံဖြစ်ပါသည်။ ယခုနှစ် ပထမငါးလအတွင်း တင်သွင်းမှုအနေဖြင့်မူ ၉ ဒသမ ၃၉ ရာခိုင်နှုန်းလျော့နည်း၍ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၄ ဘီလီယံဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်(တိုင်ပေ) စသည့် အဓိကစျေးကွက်များတွင် ၎င်း၏စျေးကွက်ဝေစုကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်ကြောင်း ထို့ပြင် ထိုင်းနိုင်ငံ၏ ပြည်ပ တင်ပို့မှုကျဆင်းသည့်နှုန်းသည် ဩစတြေးလျ၊ ပြင်သစ်၊ စင်ကာပူ၊ ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယားစသည့် နိုင်ငံများနှင့်နှိုင်းယှဉ်ပါက အတော်လေး နည်းပါးကြောင်း ကုန်သွယ်မှုမူဝါဒ နှင့်မဟာဗျူဟာဌာန ညွှန်ကြားရေးမှူး Mr. Somkiat က ပြောကြားခဲ့ပါသည်။

သို့ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပြည်ပတင်ပို့မှု ပိုမိုကောင်းမွန်လာမည်ဟူသော မျှော်လင့်ချက်ဖြင့် ယခုနှစ်ပြည်ပတင်ပို့မှု တိုးတက်နှုန်းခန့်မှန်းချက်ကို ၁ ဒသမ ၂ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်သည်လည်း ၎င်း၏ပြည်ပတင်ပို့မှု တိုးတက်နှုန်းခန့်မှန်းချက်ကို ပြောင်းလဲခြင်းမပြုဘဲ ၁ ဒသမ ၅ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် နယူးဇီလန် စိတ်အားထက်သန်လျက်ရှိ

နယူးဇီလန်နိုင်ငံသည် အာဆီယံဒေသအတွင်း၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု များ တိုးချဲ့နိုင်ရန်အတွက် လျင်မြန်စွာဖွံ့ဖြိုးလာသော အာဆီယံနိုင်ငံများနှင့်ချိတ် ဆက်နိုင်ရန် ထိုင်းနိုင်ငံအား ဗဟိုအချက်အချာနေရာအဖြစ် အသုံးပြုရန် မျှော်လင့်ထားပါသည်။ နယူးဇီလန် လုပ်ငန်းရှင်များသည် စုစုပေါင်း လူဦးရေ ၆၃၃ သန်း ရှိသော အာဆီယံဒေသတွင်းနိုင်ငံများမှ အမြတ်အစွန်းများရယူနိုင်ရန်အတွက် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြကြောင်း ထိုင်းနိုင်ငံဆိုင်ရာ နယူးဇီလန် သံအမတ်ကြီးက ပြောကြားခဲ့ပါသည်။

အာဆီယံ၌ စျေးကွက်ဝေစု ပိုမိုရရှိရန် ထိုင်းနှင့်နယူးဇီလန် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများစွာရှိကြောင်း ဥပမာအားဖြင့် နယူးဇီလန်သည် စားသောက်ကုန်များစွာ တင်ပို့လျက်ရှိကြောင်း၊ ထိုင်းကုမ္ပဏီအများစုသည် နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို (၎င်းတို့ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက်) အသုံးပြုကြကြောင်း၊ သို့ဖြစ်ရာ စားသောက်ကုန်လုပ်ငန်းတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းရှိကြောင်း နယူးဇီလန် သံအမတ်ကြီးက သုံးသပ်ခဲ့ပါသည်။

အာဆီယံနိုင်ငံများအနက် ထိုင်းနိုင်ငံသည် နယူးဇီလန်၏ တတိယအကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်သည့် အားလျော်စွာ နယူးဇီလန် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မော်တော်ကားထုတ်လုပ်ခြင်း လုပ်ငန်းကိုလည်း စိတ်ဝင်စားမှုရှိကြောင်း၊ ၂၀၁၄ ခုနှစ်၌ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏ သည် နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၄၇ ဘီလီယံ (ဘတ် ၅၇ ဒသမ ၃ ဘီလီယံခန့်) ရှိကြောင်း သိရှိရပါသည်။

နယူးဇီလန်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံမှ အဓိက တင်သွင်းသောပစ္စည်းများ တွင် မော်တော်ယာဉ်များ၊ တာယာများ၊ ပိုလီမာ၊ လေအေးပေးစက်များ ကြာရှည်ခံအောင်ပြုလုပ်ထားသော ငါးများပါဝင်ကြောင်း နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ်အား ပိုမိုကောင်းမွန်လာစေရန်အတွက် နှစ်နိုင်ငံစလုံးမှ ဆွေးနွေး ညှိနှိုင်းဆဲဖြစ်ကြောင်း၊ ဝန်ဆောင်မှုနှင့်လယ်ယာကဏ္ဍများကို ဖြေလျှော့ပေးခြင်းဆိုင်ရာ ဆွေးနွေးပွဲသစ်ဖြင့် စတင်ခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# CP Land Plc.က မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်မည်

ထိုင်းနိုင်ငံ Charoen Pokphand Group မှ CP Land Plc.သည် ရန်ကုန်မြို့ရှိ ရုံးအဆောက်အအုံတစ်ခုကို ဘတ်သန်း ၅၀၀ဖြင့်လွှဲပြောင်းရယူရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ ရန်ကုန်မြို့၌ ရုံးခန်းနေရာ ဝယ်လိုအား တစ်ဟုန်ထိုးမြင့်တက်လာခြင်းကြောင့် CP Land Plc. အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်တွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့၌ တစ်လရုံးခန်း ငှားရမ်းခနှုန်းသည် တစ်စတုရန်းမီတာလျှင် ဘတ် ၂၄၀၀ ခန့်ရှိကြောင်း၊ ဗန်ကောက်မြို့၌ Grade-A အဆင့်ရှိ ရုံးခန်းနေရာ ငှားရမ်းခနှုန်းထား၏ နှစ်ဆရှိကြောင်း CP Land အနေဖြင့် (ပြည်တွင်းပိုင်ရှင်ထံမှ) ရှစ်ထပ်အဆောက်အအုံကို ဝယ်ယူရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**




# တန်ဖိုးဖြည့်ခွန်ပေးချေမှုဆိုင်ရာ စည်းမျဉ်းအသစ်များကို ဘယ်လ်ဂျီယံအစိုးရက အတည်ပြု

ဘယ်လ်ဂျီယံဗဟိုအစိုးရသည် စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးစီးဆင်းမှု ပြဿနာရပ်များကို လွယ်ကူသက်သာစေမည့် တန်ဖိုးဖြည့်ခွန် (Value Added Tax-VAT) ပေးချေမှုဆိုင်ရာစည်းမျဉ်းအသစ် များအား ဇွန်လ ၂၉ ရက်တွင် အတည်ပြုခဲ့ပါသည်။

ဥပဒေ စည်းမျဉ်းသစ်အရ ကုမ္ပဏီများနှင့် အစိုးရအေဂျင်စီများ၏ ငွေပေးငွေယူပြုလုပ်သောကိစ္စရပ်များ အပါအဝင် အစိုးရသို့ VAT ပေးချေရမည့်နေ့ရက်အား Invoice ပါငွေပေးချေမှုပြုသည့်နေ့ရက်ဖြင့် ဆုံးဖြတ်မည်ဖြစ်ပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသောမူမှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအား ဖြန့်ဝေပေးသည့်အခါမှသာကုမ္ပဏီများသည် အစိုးရအား VAT ပေးဆောင်ရပါသည်။

ဘယ်လ်ဂျီယံ ဗဟိုအစိုးရ၏ တန်ဖိုးဖြည့်ခွန် ပေးချေမှုဆိုင်ရာ စည်းမျဉ်းအသစ်များသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁နေ့ရက်တွင် စတင်သက်ဝင်မည်ဖြစ်ကြောင်း Flanders Today တွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ထိုင်းနိုင်ငံအား အာဆီယံအချက်အချာနေရာအဖြစ် ဩစတြေးလျ သဘောထားသတ်မှတ်

ဩစတြေးလျနိုင်ငံသည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ခြင်းနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့အတွက် ဒေသတွင်းအချက်အချာ နေရာတစ်နေရာ ဖြစ်သည့် ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုဆက်ဆံရေး ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန် စိတ်အားထက်သန်လျက် ရှိနေပါသည်။

အာဆီယံသည် ဩစတြေးလျ စီးပွားရေးလုပ်ငန်းများအတွက် အရေးပါသော ဒေသတစ်ခုဖြစ်လာနိုင်ကြောင်း ထို့ပြင်တရုတ်နိုင်ငံထက်ပင် ပိုမိုကြီးမားသည့် အခွင့်အလမ်းများရှိကြောင်း တိုးတက်လျက်ရှိသော ဒေသတွင်းတွင် ထိုင်းနိုင်ငံသည် အချက်အချာနေရာဖြစ်နိုင်သည့် အခွင့်အလမ်းရှိကြောင်း ဩစတြေးလျ-ထိုင်း စီးပွားရေးဖိုရမ်၌ Austrialian Industry Group မှ Mr. Innes Willox ကပြောကြားခဲ့ပါ သည်။

ဩစတြေးလျ၌ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၆ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ ၃၃၈ သန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် သိသာစွာမြင့်တက်ခဲ့ပြီး ဩစတြေးလျဒေါ်လာ ၆ ဒသမ ၁ ဘီလီယံ ရှိလာခဲ့ပါသည်။ အလားတူစွာပင် ထိုင်းနိုင်ငံ၌ ဩစတြေးလျ၏ ရင်းနှီးမြှုပ်နှံမှုသည်လည်း ၂၀၀၆ ခုနှစ်၌ ဩစတြေးလျဒေါ်လာသန်း ၆၀၀ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ ၄ ဘီလီယံအထိ မြင့်တက်လာခဲ့ပါသည်။

ပြီးခဲ့သည့်နှစ်၌ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ဩစတြေးလျဒေါ်လာ ၁၆ ဒသမ ၁ ဘီလီယံ(ဘတ် ၄၂၂ ဘီလီယံခန့်) ရှိခဲ့ကြောင်း၊ ဩစတြေးလျသည် ထိုင်းနိုင်ငံသို့ အကြီးစား စက်မှုလုပ်ငန်းနှင့်ကုန်ထုတ်လုပ်ငန်းသုံးကုန်ပစ္စည်းများကို အဓိကတင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း စသည်တို့အပါအဝင် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းများ တိုးချဲ့နိုင်သည့် အခွင့်အလမ်းများ များစွာရှိနေကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**




# ပွတ်သဘင်ပွဲ ဆင်နွှဲနေလေပြီ

| မြင့်ဦး - ပခုက္ကူ |

ကျွန်တော်ရုံးကပြန်လို့အိမ်ရောက်ရင် တူမလေးကသူ့ဖုန်းကို ဖွင့်ပြပြီး (ဆွဲလိုက်ပွတ်လိုက်) သူ့ဖုန်းထဲကပါတဲ့ ကြောင်ရုပ်ကလေးက သူပြောသလိုပြောကြောင်း သွားတိုက်ပြ၊ ရေချိုးပြ၊ လေမှုတ်ပြနဲ့ သူပြောလိုတာကို တိုက်ရိုက်မပြောဘဲ၊ ကြောင်ရုပ်ကလေးကို သူက ပြော သူပြောတဲ့အတိုင်းဖုန်းထဲကကြောင်ရုပ်ကလေးက ပြန်ပြောပြ၊ သီချင်းတွေဖွင့်ပြ၊ ဂိမ်းဆော့ပြနဲ့ ကိုယ်မှာလည်း သူလုပ်ပြတာကို သဘောကျ နှစ်ခြိုက်လို့ ရီရီမောမော ပြုံးပြုံးရွှင်ရွှင်နဲ့ပေါ့ဗျာ၊ ကျွန်တော့ တူမလေး အသက်က ဘာရှိဦးမှာလည်း လေးနှစ်ကျော်ကျော်ပဲ ရှိသေးတာ၊ ခေတ်ကလေးများ သိလွယ်တတ်လွယ်နားလည်လွယ်တာ ကိုး၊ ကိုယ်ငယ်ငယ်က ရေဒီယိုဆိုတာတောင် ရပ်ကွက် တစ်ခုလုံးမှ တစ်လုံးနှစ်လုံးရှိတာ၊ သစ်သားအိမ်နဲ့ ရေဒီယိုကြီးတွေပါ။ ပုံပြင် လက်ဆောင်၊ ဇာတ်လမ်းပမာ နားဆင်စရာ၊ ဘောလုံးပွဲစတာတွေကို ကြားချင်ရင်၊ နားထောင်ချင်ရင် ရေဒီယိုရှိတဲ့အိမ်သွား၊ အိမ်ရှင်ရဲ့ အရိပ်အခြေအနေကိုကြည့် သာသာကုတ်ကုတ်ကလေးထိုင်ပြီး နားထောင်ခဲ့ရတာပါ။ တိုးတက်လာတဲ့ ခေတ်နဲ့အညီ ကိုင်တွယ် အသုံးပြုရတဲ့ ပစ္စည်းတွေပေါ်များလာသလို လူတွေလည်းခေတ်နဲ့အညီ အသိဉာဏ်တွေ ပွင့်ပြီးလာတယ်လို့ ပြောရမှာပေါ့။

တစ်ရက်တော့ အိမ်ရှင်မက ဈေးလိုက်ပို့ပါလို့ ဆိုလာပါတယ်။ သမိုင်းပေးတာဝန် ဘယ်ငြင်းလို့ရမလဲ၊ ဟုတ်ကဲ့ပေါ့၊ ဈေးလိုက်ပို့၊ ဈေးခြင်းကိုင် နောက်ကလိုက်ပေါ့။ အဲဈေးထဲမှာ ငါးသည်ကလည်း ဖုန်းတစ်လုံးနဲ့ ပွတ်၊ ဟင်းသီးဟင်းရွက်သည်ကလည်း ဖုန်းတစ်လုံး နဲ့ပွတ်၊ တစ်ဈေးလုံးများ ဈေးမရောင်းဘဲ ပွတ်ပဲပွတ်နေကြသလား မသိ၊ ဒါနဲ့ ဈေးထဲကထွက်ဝယ်လာတဲ့ပစ္စည်း တစ်ပွေ့တစ်ပိုက်နဲ့ပေါ့ ဗျာ၊ မနိုင်မနင်းဆိုပါတော့၊ အိမ်ရှင်မကပြောတယ်။ မနိုင်လောက်ဘူး ဆိုက်ကားငှားမယ်ပေါ့ဗျာ၊ ဈေးမြောက်ဘက်မှာလည်း ဆိုက်ကားတွေ က အဆင်သင့်ရှိလေတော့ ဆိုက်ကားငှားမယ်ပေါ့ဗျာ။ ဆိုက်ကား ဆရာဟော့ ဆိုက်ကားဆရာ အသံကျယ်ကျယ်ခေါ်တော့မှ ခေါင်းမော့ ကြည့်လာတယ်၊ အဲသူကလည်း လက်ထဲမှာ ပွတ်စရာဖုန်းနဲ့ ပွတ် လျက်. . . ရောပွတ်ကြလှချည်လား။

ဒါနဲ့ အိမ်ရောက် ငါလက်ဖက်ရည်ဆိုင်ဘက် ခဏသွားလိုက် ဦးမယ်ဆိုပြီး လက်ဖက်ရည်ဆိုင်ရောက် လုပ်ပါဦးဟော့ စူပါကော်ဖီမစ် ပလိမ်းတစ်ခွက်၊ ကိုယ့်စားပွဲကနေ ဘေးပတ်ဝန်းကျင် လေ့လာကြည့် လိုက်တော့ အားပါးလက်ဖက်ရည်ဆိုင်မှာလည်း သူ့အုပ်စုကိုယ့်အုပ်စု ထိုင်ရင်း သူတို့လည်းပွတ်နေကြတာကိုး။ ဘယ်နေရာ ဘယ်ဒေသ ဘယ်ကိုရောက်ရောက် အနည်းနဲ့အများ ပွတ်နေကြတာကို တွေ့မြင်ရ တော့ ဒီစာစုရဲ့ ခေါင်းစဉ်တစ်ခုဖြစ်လာရတော့တာပါပဲ၊ ဘာတဲ့ "ပွတ် သဘင်ပွဲ ဆင်နွှဲနေလေပြီ"။

**ဘာပဲပြောပြော အလုပ်တစ်ခုမှာ ရင်းနှီးမှုနဲ့ ပေးဆပ်မှုဆိုတာ မလွဲတဲ့ ကမ္ဘာ့နိယာမတစ်ခုပါ။ အလုပ်တစ်ခုအတွက် ရင်းနှီးရမယ်၊ ပေးဆပ်ရမယ်၊ ဒီလိုဆိုရင် ရင်းနှီးပေးဆပ်မှုဆိုတဲ့ နောက်ကွယ်မှာ အကျိုးတရားဆိုတဲ့ အမြတ်တစ်ခုတော့ ရအောင်ယူနိုင်ကြရမှာပေါ့ဗျာ၊**

တစ်ရက်မှာ နေ့လယ် ၂ နာရီလောက် သောက်နေကြ လက်ဖက် ရည်ဆိုင်ကို ရောက်သွားပါတယ်။ အရင်ရောက်နေတဲ့ မိတ်ဆွေက "လာအရီး ဒီမှာထိုင်" ဆိုတာနဲ့ သူ့စားပွဲဝင်ထိုင်ပြီးကြည့်မိတော့ အလာ သူ့လက်ထဲမှာလည်း ဖုန်းတစ်လုံးနဲ့ ပွတ်လျက်ပါ၊ " ဘာတွေသတင်း ထူးလဲဗျ" "အစုံပါပဲ အရီးရာ၊ အရီးရော ဒီလိုဖုန်းမကိုင်ဘူးလား ကြည့် သင့်တယ်ထင်တယ်၊ ခုခေတ်မှာဒါတွေကိုင်နိုင်မှ ခေတ်မီတာနော် အရီးရဲ့" ကျွန်တော်က ပြန်ပြောပါတယ်။ "အေးဗျာ ကျွန်တော် ကိုင် တော့ကိုင်ချင်တယ်။ ခင်ဗျားတို့လို တို့တာထိတာ ပွတ်တာ မလုပ် တတ်ဘူးဗျ၊ အခုလက်ရှိကိုင်နေတဲ့ ဖုန်းကလေးတောင် ဆက်သွယ်မှု အဝင်နဲ့အထွက်ပဲ သိတာဗျ၊ ဒါကလွဲလို့ ဖုန်းနဲ့ ဓာတ်ပုံတောင်မရိုက် တတ်ပါဘူးဗျာ" " ခက်တာပဲ အရီးရယ်၊ ကဲကြည့်. . ကျွန်တော်ပြ မယ်"ဆိုပြီး သူကိုယ်တိုင်တို့လိုက်ထိလိုက် ပွတ်လိုက်ဆွဲလိုက် လုပ်ပြ ပါတယ်။ နိုင်ငံရေး၊ အားကစား၊ တရားတော်၊ ကောင်းတာတွေလဲပါပါရဲ့ အမနာပ အမျိုးသမီးတွေရဲ့ မပေါ်သင့်တာမဖော်သင့်တာတွေလည်း ပါပါရဲ့၊ ပေါက်တတ်ကရ အရည်မရ အဖတ်မရတာတွေလည်းပါပါရဲ့၊ အသားလွတ် ဆဲဆိုတင်တာတွေလည်းပါရဲ့။ စုံတော့ စုံပါတယ်၊ စဉ်း စားကြည့်တော့ စိတ်ဝင်စားဖို့တော့ အကောင်းသား၊ ဒါနဲ့မင်းတို့လို ပွတ်ဖို့ ငါဝယ်မယ်လို့ စိတ်ဆုံးဖြတ်ပြီး လမ်းခွဲခဲ့ပါတယ်။

အိမ်ပြန်ရောက်တော့ ဝယ်ယူထားတဲ့ ဂျာနယ်၊ မဂ္ဂဇင်းစာစောင် တွေကို ဘေးမှာအပုံလိုက်ချ၊ စာစောင်တွေ လှန်လိုက်ဖတ်လိုက်၊ မှတ် စရာရှိတာ မှတ်လိုက်၊ တစ်စောင်ပြီးတစ်စောင်ဖတ်ရင်း ဘာသွားတွေ့ လဲဆိုတော့ ဂျာနယ်တစ်စောင်မှာ " အွန်လိုင်းပေါ်မှ သားကောင်များ" (ဘာလဲဟ)ဆိုတော့ အမျိုးသမီးများရဲ့ဘဝကို ခြိမ်းခြောက်နေတဲ့ သဘော၊ ကမ္ဘာကျော်မင်းသမီးတွေတင်မက မြန်မာပြည်ထဲက အမျိုး သမီးတွေရဲ့ ဝတ်လစ်စလစ်ရုပ်ပုံတွေ ကမ္ဘာကျော်မင်းသမီးတွေကို တော့ သူတို့ရဲ့ နေမှုထိုင်မှုစရိုက်တွေကို ခိုးကြောင်ခိုးဝှက်ရှာဖွေပြီး ဝတ်လစ်စလစ်ပုံတွေကို အွန်လိုင်းမှာတင်၊ မြန်မာအမျိုးသမီးတွေ ကျတော့ ကိုယ့်မျက်နှာနဲ့ အခြားတစ်ပါးသော တိုင်းတစ်ပါးသူရဲ့ ဝတ် လစ်စလစ်ကိုယ်ခန္ဓာ ကွန်ပျူတာအထူးပြုချက်တွေနဲ့ တင်ထားတာ တွေ ကိုယ်ကိုယ်တိုင်မဟုတ်ပေမယ့် ကိုယ့်နိုင်ငံယဉ်ကျေးမှုနဲ့ဆိုရင် သိက္ခာတရား၊ အသက်နဲ့လူမလုပ်ဘဲ၊ အရှက်ဆိုတဲ့ ကိုယ်ကျင့်တရားကို ဦးထိပ်ပန်ဆင် လူလုပ်တဲ့နိုင်ငံမှာ ဘယ်လောက် သိက္ခာကျသလဲ။

နောက် ဂျာနယ်တစ်စောင်မှာ အဲဒီအင်တာနက်၊ ဝိုင်ဖိုင်၊ ဂိမ်း စတာတွေကို စွဲစွဲမြဲမြဲကစားရင်း၊ ကြည့်ရင်း၊ အဲဒီကို စိတ်ရောက်၊ စိတ် ဝင်စားပြီး ဒီဟာကိုပဲ အချိန်မရွေးကြည့် ကစားနေတော့ အိမ်ထောင် ရေး ပြိုကွဲမှု၊ စီးပွားရေးထိခိုက်မှုဆိုတာတွေတောင် ရှိနေတယ်ဆိုတဲ့ သတင်း၊ ဦးနှောက်နုနယ်သေးတဲ့ကလေးတွေ ဒီဂိမ်းတွေကို တစ်စိုက် မတ်မတ်ဆော့ကစားရင် မျက်စိအမြင် ထိခိုက်စေတာ၊ ဦးနှောက် အတွင်း လျှပ်စစ်သံလိုက်လှိုင်းဖြတ်သန်းစီးဆင်းမှုကြောင့် မှတ်ဉာဏ် နည်းနေတာဆိုတာကို ဖတ်ရပြန်တော့ လောကကြီးမှာ အကြောင်း တရား၊ အကျိုးတရား၊ အကောင်းတရား၊ အဆိုးတရားဆိုတာ ဒွန်တွဲ နေပါသလား ဆိုတာကို သွားသတိရမိပါတယ်။ အဖြစ်ရှိရင် အဖျက်ရှိ တယ်ဆိုတာကိုပါ။

ဒါဖြင့် မလုပ်ရတော့ဘူးလား၊ မကိုင်ရဘူးလား၊ မထိရ၊ မတို့ရ၊ မပွတ်ရတော့ဘူးလားလို့ မေးစရာရှိလာမှာဖြစ်ပါတယ်။ ပြောခဲ့ပြီး ပဲဗျာ၊ ကောင်းတာရော၊ ဆိုးတာရောပါ ပါတယ်ဆိုတာ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသောသတင်းများက မှန်ဖို့တော့ လိုပါလိမ့်မယ်။ ပြည် တွင်းမှာဖြစ်ပေါ်နေသောသတင်းတွေ မှန်ဖို့တော့လိုပါလိမ့်မယ်။ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးသတင်းတွေမှာ ဖြောင့်မတ်မှန်ကန်သော သတင်းဖြစ်ဖို့၊ ဘက်မလိုက်ဖို့ ယှဉ်ပြိုင်ဘက်ကို သေးသိမ်သော၊ ရှုတ် ချသော ကိုယ့်ကျင့်တရားကို တစ်ဖက်သတ်ထိခိုက်ရှုတ်ချသောသတင်း မဟုတ်ဘဲ ဖြောင့်မတ်မှန်ကန်ဖို့ လိုပါလိမ့်မယ်။ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ အထူးပြောစရာမလိုပါ၊ မှတ်သားနာယူကျင့်ကြံ ကြိုး စားအားထုတ်နိုင်ဖို့ လိုပါလိမ့်မယ်။ ဒါတွေဟာ ခေတ်မှီမှီ ကမ္ဘာ ကြည့် ကြည့်နေသည့် ကိုယ့်အတွက် ကောင်းသောအရာများ မဟုတ်ပါလား။

ပါလာတဲ့ရှိနေတဲ့ ဂိမ်းတွေကို နေ့မအားညမနား ကစားနေရင် ကျန်းမာရေး ထိခိုက်မယ်။ မိသားစုအချင်းချင်း နွေးထွေးစွာနေမှုထိုင်မှု မှာ အနှောင့်အယှက်ဖြစ်မယ်၊ ကလေးတွေ မျက်စိအာရုံကြော ထိခိုက် မယ်။ တပ်မက်မှု တဏှာရာဂကို နှိုးဆွသော မဟုတ်တရုတ် ဟိုပေါ် ဒီပေါ်ပုံတွေကို အရွယ်မရောက်သော လူငယ်လူရွယ်၊ ယောကျ်ား ကလေး၊ မိန်းကလေးတွေကြည့်မိရင် အကျင့်စာရိတ္တထိခိုက်ပြီး မလို လားအပ်သော အမှုအခင်းတွေ ဖြစ်ပေါ်လာမယ်။ စတာတွေဟာ စာရေးသူတစ်ဦးတည်းရဲ့ သိမှုနားလည်မှု တစ်ခုပေါ်မှာ တင်ပြထား တာပါ။ ကိုယ့်ထက်သိသော၊ နားလည်သော တတ်ကျွမ်းသော ပုဂ္ဂိုလ် များ ဖြည့်စွက်မြင်ကြမှာပါ။

ဘာပဲပြောပြော အလုပ်တစ်ခုမှာ ရင်းနှီးမှုနဲ့ ပေးဆပ်မှုဆိုတာ၊ မလွဲတဲ့ ကမ္ဘာ့နိယာမတစ်ခုပါ။ အလုပ်တစ်ခုအတွက် ရင်းနှီးရမယ်၊ ပေးဆပ်ရမယ်၊ ဒီလိုဆိုရင် ရင်းနှီးပေးဆပ်မှုဆိုတဲ့ နောက်ကွယ်မှာ အကျိုးတရားဆိုတဲ့ အမြတ်တစ်ခုတော့ ရအောင်ယူနိုင်ကြရမှာပေါ့ဗျာ၊ ဒီလိုမှမဟုတ်ဘဲ ရင်းနှီးပေးဆပ်ပြီး အကျိုးမရဘဲ ဆိုးတာရနေပြီဆို ရင်တော့ ဘဝမှာရှုံးတယ်ဆိုတဲ့ အဆိုးတရားရပြီဆိုရင် ဘယ်သူတွေ နစ်နာကြမလဲ စဉ်းစားကြစေလိုပါတယ်။

ဂလိုဘယ်ဆိုတဲ့ ကမ္ဘာ့ရွာကြီးထဲမှာ ခေတ်စနစ်နဲ့ကိုက်ညီစွာ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ပစ္စည်းများဟာ သူ့ခေတ်နဲ့ သူ့ ပစ္စည်း ကိုယ်တွယ်အသုံးပြုသင့်ပါတယ်။ ဒါမှလည်း ခေတ်မီမီ ကမ္ဘာ ကြည့်ကြည့်မြင်နိုင်မှာပေါ့ဗျာ။ ဒါပေမယ့် မလွှဲရှောင်နိုင်တဲ့ ကမ္ဘာ့ နိယာမအရ အကြောင်းအကျိုး၊ အကောင်းအဆိုး ဆိုတာရှိနေလေ တော့ ဆိုးတဲ့အကျိုးကိုယူကြမှာလား၊ ကောင်းသောအကျိုးကို ယူကြ မှာလားဆိုတာကတော့ သုံးစွဲသူအပေါ်မှာပဲ မူတည်ပါလိမ့်မယ်။ ကဲစာရှုသူ လူကြီးမင်းတို့ ဘယ်ဟာကို ရွေးချယ်ကြမှာပါလဲ၊ စဉ်းစား ဆုံးဖြတ်သုံးသပ်ကြစေလိုပါတယ်။ လေးစားအပ်ပါသော စာရှုသူ ခင်ဗျာ၊ ကျွန်တော်တွေကြုံခဲ့ရသလို လူကြီးမင်းတို့ရဲ့ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် လူတော်တော်များများဟာ ဖုန်းတစ်လုံးနဲ့ ပွတ်နေ ကြတာကို တွေ့ရပါလိမ့်မယ်။ အကျိုးရှိသည်၊ မရှိသည်ကတော့ သုံးစွဲ သူအပေါ် မူတည်နေပါလိမ့်မယ်၊ ဘာဘဲပြောပြော ပွတ်သဘင်ပွဲ ဆင်နွှဲနေလေပြီ ဆိုတာကတော့ မငြင်းနိုင်ပါဘူး၊ ဟုတ်ကဲ့ " ပွတ် သဘင်ပွဲဆင်နွှဲလေပြီ "

# ကယားပြည်နယ်မှ ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ

၂၀၁၅ မေလ ၁၅ ရက်မှ ၁၇ ရက်နေ့အထိ ITC မှ ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင် Dr. Frederic ဦးဆောင်ပြီးသက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဆက်စပ်တဲ့ လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနဲ့ အင်းလေးကို လေ့လာရေးခရီး ထွက်ခဲ့ကြတာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

မေလ ၁၇ ရက်နေ့ အင်းလေးက အပြန်ခရီးမှာပဲ အဖွဲ့ခေါင်းဆောင်ကို အကြံတစ်ခုပြုခဲ့ပါတယ်။ ဒီကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီမံချက် ဗဟိုကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီးသလို၊ လွိုင်ကော်မှာလည်း ပြည်နယ်ကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီးပါပြီ။ ဒါပေမယ့် တစ်ကြိမ်မှ အစည်းအဝေးပြုလုပ်တွေ့ဆုံရှင်းပြခြင်း မပြုရသေးတာကြောင့် ခုလိုခရီးစဉ်အပြန်မှာ အချိန်ရမယ်ဆိုရင် ပြည်နယ်ကြီးကြပ်မှုကော်မတီကို တွေ့ဆုံပြီး ရှင်းလင်းတင်ပြပွဲကလေးပြုလိုက်ရင် ကောင်းမယ်လို့ အကြံပြုလိုက်တာနဲ့ အဖွဲ့ခေါင်းဆောင်ကသဘောတူပြီး ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီး ရက်ချိန်တောင်းလိုက်တာ မေလ ၂၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီ ပြည်နယ်အစိုးရအစည်းအဝေးခန်းမမှာ တွေ့ကြမယ်လို့ ညွှန်ကြားချက်ရရှိခဲ့ပါတယ်။

အဲဒီနေ့က ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီမံချက်အကြောင်း ရှင်းလင်းတင်ပြပွဲကို ပြည်နယ် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်တွေဖြစ်ကြတဲ့ ကယားပြည်နယ်အစိုးရအဖွဲ့၊ ဟိုတယ်ခရီးဝန်ကြီး၊ စီမံကိန်းနဲ့ စီးပွားရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများဖြစ်ကြတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာ၊ လူဝင်မှုကြီးကြပ်ရေး၊ ဟိုတယ်ခရီး၊ ယဉ်ကျေးမှု၊ မြှင့်တင်/စားသုံးဌာနအကြီးအကဲများ၊ ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ လူမှုအဖွဲ့အစည်းများ တက်ရောက်ကြပါတယ်။

အစည်းအဝေးအစမှာ Dr.Frederic က CBI နှင့် ITC မှ ကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေ၊ တွေ့ရှိချက်များ၊ အားသာချက်၊ အားနည်းချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါတယ်။ နယ်မြေဒေသ အတိုင်ပင်ခံပညာရှင် ဦးပါစကယ်ထူးဘွယ်ကလည်း နိုင်ငံတကာ အတွေ့အကြုံနဲ့ယှဉ်ပြီး ကယားပြည်နယ်ခရီးသွားလုပ်ငန်း အခွင့်အလမ်းများနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။

စာရေးသူအလှည့်မှာတော့ ကယားပြည်နယ်ရဲ့ လက်ရှိ အခြေအနေ၊ အင်းလေးခရီးစဉ်ရဲ့ အတွေ့အကြုံများနဲ့ ကယားပြည်နယ်မှာ ပြည်ပဧည့်သည်များဆွဲဆောင်မှုအနေနဲ့ ဖြစ်နိုင်ချေရှိတဲ့ အခွင့်အလမ်းတွေကို ပါဝါပွိုင့်၊ ဓါတ်ပုံများနဲ့ရှင်းလင်းတင်ပြခဲ့ပါတယ်။

ယနေ့ကမ္ဘာကြီးဟာရွာကြီးတစ်ရွာလိုဖြစ်ပြီး ခေတ်မီ IT နည်းပညာတွေကြောင့် အသိပညာဗဟုသုတတွေ စက္ကန့်နဲ့မခြား စီးဆင်းသွားလာကြည့်ရှုနေကြပြီး၊ ကိုယ်တိုင်လည်းသွားလာလည်ပတ်ကာ မျက်ဝါးထင်ထင်ရှုမြင်လိုကြ ပါတယ်။ ဒါကြောင့် ကမ္ဘာလှည့်ခရီးသွားများဟာ အပန်းဖြေခရီး၊ လေ့လာရေးခရီးစတဲ့ ခေါင်းစဉ်တွေ အမျိုးမျိုးတပ်ပြီး ကမ္ဘာအရပ်ရပ်ကို အချိန်ပေးကာ လှည့်ပတ်သွားလာလေ့လာနေကြတာတွေ့ရပါတယ်။

မြန်မာနိုင်ငံကိုလည်း ကမ္ဘာလှည့်ခရီးသည်တွေ လာရောက်တာ တစ်နေ့တခြား တိုးတက်များပြားပြီး လာရောက်လျက်ရှိနေကြပါတယ်။ သူတို့တွေဟာ ကြည့်စရာ၊ ရှုစရာ၊ လည်စရာ၊ ပတ်စရာ၊ လေ့လာစရာ ရိုးအီမသွားအောင်ကတော့ ကျွန်တော်တို့ အိမ်ရှင်တွေရဲ့ တာဝန်နဲ့စွမ်းရည်ပေါ်မှာ မူတည်ပါတယ်။ နေရာဒေသအသစ်အဆန်းတွေ တိုးချဲ့ ချဲ့ထွင်ပေးထားရပါမယ်။ လေ့လာစရာအသစ်အဆန်းတွေရှိမှ သူတို့စိတ်ဝင်စားပြီး၊ လာရောက်လည်ပတ်ကာ သုံးကာ၊ ဖြုန်းကာ၊ ဝယ်ကာ၊ ခြမ်းကာနဲ့ ကျွန်တော်တို့ရဲ့ မီးခိုးမထွက်တဲ့ စက်ရုံကြီးများလည်ပတ်ကာ ဟိုတယ်ပိုင်ရှင်များကအစ စားသောက်ဆိုင်များ၊ ယာဉ်အမျိုးမျိုး၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ဧည့်လမ်းညွှန်များ၊ မြင်းလှည်း၊ စက်ဘီး၊ ဆိုက်ကား ဆရာများအဆုံး ဝင်ငွေများ ရရှိမှာဖြစ်ပါတယ်။

ဒီလိုခရီးသွားလုပ်ငန်းကရရှိတဲ့ နိုင်ငံခြားဝင်ငွေများဟာ ဝန်ဆောင်မှု ပို့ကုန်ဝင်ငွေလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို သွားနေတာဖြစ်လို့ ကုန်ပစ္စည်းပို့ကုန်ကနေ ဝင်ငွေရရှိနိုင်သလို၊ ယခုလိုဝန်ဆောင်မှု ပို့ကုန်ဝင်ငွေနဲ့လည်း နိုင်ငံတော်တည်ဆောက်ရေးကို အကျိုးပြုနိုင်ပါတယ်စသဖြင့် ELG နဲ့ NES အကြောင်း အကျယ်တဝင့်ရှင်းလင်းတင်ပြခဲ့ပါတယ်။

စာရေးသူက ဆက်လက်တင်ပြရာမှာ လေ့လာခဲ့တဲ့ အင်းလေးမှာ အားသာချက်များဖြစ်တဲ့ အင်းလေးရေပြင် အလှ၊ ခြေထောက်နဲ့လှေလှော်ခြင်း၊ ငါးဖမ်းခြင်း၊ တိုင်းရင်းသားတို့ရဲ့ ရိုးရာထုတ်ကုန်များ၊ ရိုးရာအစားအသောက်များ၊အကအလှသဘာဝများနဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်ထားတာတွေ့ရပါတယ်။



ကယားပြည်နယ်မှာလည်း ယခင်အချိန်များက ကန့်သတ်နယ်မြေဖြစ်ခဲ့လို့ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားမှုခံနေရပါတယ်။ ယခုလိုပွင့်လင်းတဲ့အချိန်မှာတော့ သူသူငါငါလာရောက်လည်ပတ်သွားလာကြည့်ရှု လိုကြပါတယ်။ သူတို့ကို ကားပေါ်ကနေပဲ လှည့်လည်ကြည့်ရှုရုံပဲပြသမလား၊ တစ်နေရာရာမှာ အချိန်ကုန်အောင် အချိန်ဖြုန်းမှန်းမသိ ဖြုန်းမိနေအောင်၊ ဘာတွေနဲ့ဆွဲဆောင်စည်းရုံးပြသထားနိုင်မလဲ၊ သူတို့ကြာကြာနေလေ ကျွန်တော်တို့ဒေသခံတွေ ဝင်ငွေတိုးလေပါပဲ။

ဒါကြောင့် ကယားပြည်နယ်မှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကို တောတောင်ရေမြေရဲ့ သဘာဝ အလှတရားတွေကိုလည်း ပြသရင်း လွိုင်ကော်မြို့ထဲမှာ ကွေ့ဝိုက်စီးဆင်းနေတဲ့ ဘီလူးချောင်းထဲမှာ လက်လှော် လှေကလေးများကို လှော်ခတ်ရင်း၊ ထီးအမိုးကလေးရဲ့အောက်မှာ ကယားရိုးရာ အစားအသောက်ကလေးများနဲ့ဧည့်ခံရင်း ငွေရှာနိုင်သလို၊ တောလမ်း တောင်တက်လမ်းခရီးဖြင့် လမ်းလျှောက်ထွက်မလား(Tracking)၊ စက်ဘီးငှားစီးကာ လည်ပတ်စေမလား (Cycling)၊ မြင်းစီးမလား (Riding)၊ တောင်ကမ်းပါးယံမှာ ကြိုးဆွဲတက်ဆင်းကစားမလား (Climbing)၊ ဘီလူးချောင်း၊ နောင်ယားကန်၊ ထီးငှားလျားကန်၊ ငွေတောင်ဆည်တွေမှာ ငါးမျှားမလား(Fishing)၊ တောအုပ်ထဲမှာ ငှက်ကြည့်မလား (Bird Watching)၊ အပေါ်စီးရှုခင်းများခံစားနိုင်ရန် (Gas Ballon) မိုးပျံပူပေါင်းစီးမလား၊ သံလွင်မြစ်ကြောင်းတစ်လျှောက် ကမ်းပါးဝဲယာရှုခင်း ကြည့်မလား (Site Seeing)၊ သတ္တုထွက်တဲ့ဒေသဖြစ်လို့ သတ္တုဝါသနာရှင်များ လေ့လာရှာဖွေစုဆောင်းမလား၊ ပေါက်ရောက်နေတဲ့ သစ်ပင်များကို လေ့လာသုတေသန ပြုလိုသလား၊ ကယန်း (ပဒေါင်)၊ ကယောစတဲ့ ကယားလူမျိုး၊ မျိုးနွယ်စုတွေရဲ့ လူနေမှု၊ ယဉ်ကျေးမှုများကို ကျေးရွာအရောက်သွားရောက်လေ့လာပြီးသူတို့နဲ့အတူ နေထိုင်၊ ချက်ပြုတ်၊ စားသောက်၊ ရက်ကန်းရက်၊ မုန့် လုပ်၊ ကခုန်၊သီချင်းဆိုလေ့လာလိုပါသလားစတဲ့ အခွင့်အလမ်းတွေ ရှိကြောင်းနဲ့ လုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံသူတွေကို မသိသူ ကျော်သွား၊ သိသူဖော်စားနိုင်အောင် ရေလာမြောင်းပေးအနေနဲ့ တင်ပြခဲ့ပါတယ်။

ကယားပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူတွေ၊ ဌာနဆိုင်ရာတွေရဲ့ ကြိုတင်ပြင်ဆင်မှုအနေနဲ့ အဲဒီ Presentation မှာ အကြံပေးခဲ့တာကတော့ နှစ်စဉ် ဇန်နဝါရီလလယ်မှာ ကျင်းပတဲ့ ကယားပြည်နယ်နေ့ပွဲတော်မှာ အားကစားပွဲမျိုးစုံထည့်သွင်းကျင်းပတာ တွေ့ရပါတယ်။ ပြေးခုန်ပစ်၊ လှေလှော်၊ စပါးထောင်း၊ နပန်းပွဲ၊ ထုပ်ဆီး တိုး အမျိုးပေါင်း ၂၀ ကျော်ပါတယ်။ အားလုံးလည်း ပါဝင်ဆင်နွှဲကြလို့ ပျော်စရာလည်းကောင်းပါတယ်။ ဒါပေမယ့် ကာယပြိုင်ပွဲချည်းပဲ အားကောင်းသန်စွမ်းနေလို့မဖြစ်ပါ။ ဉာဏစွမ်းရည်ပြိုင်ပွဲအနေနဲ့ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပြိုင်ပွဲတွေကျင်းပပေးပြီး ပြည်နယ်အတွင်းမှ အနုပညာစွမ်းရည်ရှိတဲ့ မီးခဲပြာဖုံးများကို ဖော်ထုတ်ပေးသင့်ကြောင်း တင်ပြခဲ့ပါတယ်။

အငြိမ့်နဲ့ဇာတ်သဘင် လုံးဝရှားပါးလှတဲ့ ကယားပြည်နယ်မှာ ဂီတအနုသုခုမအနေနဲ့ နိုင်ငံခြားသားကို ဘာတွေကပြကြမလဲ၊ အနည်းဆုံးငွေတောင်ပြည် အခြေပြု ဒွေးမယ်နော်ရဲ့ ဇာတ်လမ်းကလေးကို ပြဇာတ်တိုကလေးဖြစ်ဖြစ် ဇာတ်တိုက်ထားရင် ခရီးသွားတွေကို ဆွဲဆောင်မှုတစ်နည်းရပါမယ်။

ကျွန်တော်ရဲ့ Presentation အပိတ်မှာတော့ ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းရှင်များအတွက် စာရေးဆရာ၊ ဒေါက်တာမောင်အောင်ရဲ့စာအုပ်ထဲက "Learn more, Serve better" ဆိုတဲ့ စကားကို လက်ဆောင်ပေးပြီး နိဂုံးချုပ်ခဲ့ကြောင်း တင်ပြလိုက်ရပါတယ်။

**မောင်မောင်အေး-လွိုင်ကော်**

## အံ့စာတုံးပုံ ဖရဲသီးများ ဂျပန်ဈေးကွက်မှ စတင်ဖြန့်ဖြူး

ဂျပန်အနောက်ပိုင်းမှာ ယခုနှစ်အတွင်း အံ့စာတုံးပုံဖရဲသီးများကို ဇွန်လလယ်ခန့်ကစတင်ပြီး ဈေးကွက်များသို့ ဖြန့်ဖြူးနေပြီဖြစ်ပါတယ်။ လက်ကားဈေးမှာ တစ်လုံးလျှင်ယန်း ၁၀၀၀၀(၈၁ ဒေါ်လာ) ဈေးရရှိတယ်လို့ သိရပါတယ်။

အရွယ်အစားအားဖြင့် ၁၈ စင်တီမီတာ အလျားအနံအမြင့်ရှိကြပြီး ၎င်းဖရဲသီးများကို ကုဗပုံ ပလတ်စတစ်ပုံး/ ခြင်းအတွင်းမှာ စတင်ကြီးထွားစေတာဖြစ်ပါတယ်။ မရင့်မှည့်သေးခင်ခူးမိလျှင် မမှည့်နိုင်တော့တဲ့အတွက် စားလို့မရနိုင်တော့ဘူးလို့သိရပါတယ်။ ကုဗပုံဖရဲသီးများကို လွန်ခဲ့တဲ့ ၄၅ နှစ်ခန့်ကပင် စတင်တီထွင် စိုက်ပျိုးခဲ့ကြတာဖြစ်ပါတယ်။



ကုန်တိုက်များနဲ့ သစ်သီးဆိုင်များကလည်း အလှအပပစ္စည်းတစ်ခုအနေနဲ့ ဝယ်ယူကြတာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများဖြစ်တဲ့ ကနေဒါ၊ တူရကီနဲ့ ရုရှားစတဲ့နိုင်ငံများက ကုန်အမှာစာများကိုလည်း ရရှိနေပြီဖြစ်ပါတယ်။ ဖရဲစိုက်တောင်သူ ၆ ဦးရဲ့ အံ့စာတုံးပုံ ဖရဲသီးအလုံး ၄၀၀ ခန့်ကို ဇူလိုင်လလယ်မှာ တိုကျိုနဲ့ အိုဆာကာသို့ တင်ပို့ပေးဖို့ ကုန်အမှာစာများကို ရရှိထားပြီးဖြစ်ပါတယ်။

ယခုနှစ်မှာတော့ အပူချိန်ကွာခြားမှုအခက်အခဲနဲ့ ကြုံတွေ့နေရတယ်လို့ ဖရဲစိုက်တောင်သူတစ်ဦးက ပြောကြားပါတယ်။ သူ့အနေနဲ့ ကာဂါဝါစီရင်စုအနောက်ပိုင်း Zentsuji မြို့မှာ စတင်ပြီး စုဆောင်းစဉ်ကပင် ဂျပ်ပုံးများနဲ့ ထုပ်ပိုးပြီး တင်ပို့လေ့ရှိတယ်လို့ ကျိုဒိုသတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

Commodity Exchange News
Vol: 15, No.25 Monday July 6 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၆–၇– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဘက်မှ ဝယ်လိုအားနည်းလို့ ဈေးကျလာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို ဈေးကွက်စဖွင့်ချိန်မှာ အိန္ဒိယဘက်မှ တစ်တန်ကို ၁၂၈၉၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် နောက်ပိုင်းရက်တွေမှာ ဈေးလျော့အဝယ်ရှိသလို ဝယ်လိုအားနည်းပါးသွားတာကြောင့် ဈေးတရိပ်ရိပ်ကျလာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၂၇၅၀၀၀ ကျပ် ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးကျရခြင်းရဲ့အဓိကအကြောင်းက အိန္ဒိယဘက်သို့တင်ပို့လိုက်တဲ့မတ်ပဲ (RC) မှာ ယူရစ်အက်စစ် အနည်းငယ်ပါဝင်သလို အကျိုးအကျေနှင့် ဖုံသဲခဲအနည်းငယ်ပါဝင်ခြင်း၊ အိန္ဒိယဘက်မှာလည်း မုတ်သုံဝင်နေလို့စိုက်ဧက တိုးချဲ့မယ်ဆိုတဲ့သတင်းကြောင့် မတ်ပဲဈေးကျဆင်း ခဲ့တာလို့ ဘုရင့်နောင်အခြေစိုက်ပဲကုန်သည်တစ်ဦးက ဆိုပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ တန်ချိန် ၈ သောင်းဝန်းကျင်သာကျန်ရှိနေရာ အခုလိုဈေးကျဆင်း ချိန်မှာတော့ ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းအဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဘက်မှလည်း ပုံမှန်အဝယ်ရှိနေ

မူဆယ်ဈေးကွက်မှာ နယ်စုံမှ ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန် ၁၂၁၉၈ ခန့်ဝင်ရောက်ခဲ့သလို တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ ဒါပေမယ့် ရောင်းသူကုန်သည်ထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၁၀၁ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်သွက် ကုလားပဲအုပ်စု ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က အရည်အသွေးကောင်းတဲ့ (ထိပ်စ) ပဲတွေကို တစ်ပိဿာ ၂၁၇၀ ကျပ် (တစ်တန်ကို ၁၃၂၈၈၈၆ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း အဝယ်ပါးတာကြောင့် အရောင်းအဝယ်ဖြစ်မှုပမာဏလည်းနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၇၀ ကျပ် (တစ်တန်ကို ၁၂၀၆၄၀၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များနှင့် လှောင်မည့်ကုန်သည်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၅၃ ကျပ် (တစ်တန်ကို ၇၀၆၀၈၅ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၁၉၀ ကျပ် (တစ်တန်ကို ၇၂၈၇၄၄ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးအနည်းငယ်ကျ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို မြို့ခံပဲခွဲစက်တွေနှင့် မန္တလေးဝယ်လက်ကဈေးလျော့အဝယ်ရှိသလို ဝယ်လိုအားပါးသွားတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ အနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်း နေသလို ပို့ကုန်အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားလျော့သွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာ ၁၉၆၀ ကျပ် (တစ်တန် ကို ၁၂၀၀၂၈၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်တွင် သိပ္ပံနှမ်းနက်နှင့် ပဲစင်းငုံနီ အရောင်းအဝယ် ခပ်ပါးပါးဖြစ်

အောင်လံဈေးကွက်တွင် ဒီတစ်ပတ် သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဈေးလျော့အဝယ်ရှိတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာ ၄၀၆၇ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀ ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ပစ္စည်းလက်ကျန် လျော့လာသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပြန်အေးသွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၉၈၀ ကျပ် (တစ်တန်ကို ၁၂၁၂၅၃၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းရောင်စုံပစ္စည်းလက်ကျန် နည်းပေမယ့် အရောင်းအဝယ်ပုံမှန်ရှိနေ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းရောင်စုံပစ္စည်းလက်ကျန်နည်းနေပေမယ့် အရောင်းအဝယ်တော့ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူတစ်ပိဿာ ၂၃၁၀ ကျပ်၊ နှမ်းနီတစ်ပိဿာ ၂၀၀၀ ကျပ်၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ၄၁၁၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနှင့် အစေ့ထုတ်ပြောင်း အရောင်းအဝယ်ပုံမှန်ဖြစ်

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် အစေ့ထုတ်ပြောင်းကိုတော့ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၅၀ ကျပ်ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်အေး

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ် လုပ်ငန်းရှင်များက ဝယ်လိုအားအေးသွားသလို ပစ္စည်းလက်ကျန်လည်း နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၄၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၃ သိန်းခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းပေမယ့် အရောင်းအဝယ်ပုံမှန်ဖြစ်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို တရုတ်ဘက်မှာ အဖမ်းအဆီးတချို့ရှိနေပေမယ့် ဝယ်လက်တွေကတော့ တစ်ပိဿာ ၅၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့် မူဆယ်ဈေးကွက်သို့ တင်ပို့နေကြောင်း လားရှိုးအခြေစိုက် ပြောင်းကုန်သည်တစ်ဦးက ဆိုပါတယ်။ ပြောင်းသီးနှံအနေဖြင့် ပြောင်းကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းနှင့် ပဲတီစိမ်း အရောင်းအဝယ် ပုံမှန်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ဒေသထွက်ပြောင်းကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၉၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကိုတော့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ကုလားပဲနှင့် ပဲစင်းငုံနီ အရောင်းအဝယ် ဖြစ်မှုနည်း

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို ပဲခွဲစက်များက ဝယ်လိုအားခပ်ပါးပါးသာရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၈၄ ကျပ် (တစ်တန်ကို ၇၂၅၀၆၉ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၁၆၈ ကျပ် (တစ်တန်ကို ၇၁၅၂၇၁ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၁၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဒီတစ်ပတ်မှာ ရန်ကုန်ဝယ်လက် ဈေးနှိမ်အဝယ်ရှိတာကြောင့် ဈေးကျလာပြီး တစ်ပိဿာ ၁၉၇၅ ကျပ် (တစ်တန်ကို ၁၂၀၉၄၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပြည်ဈေးကွက်တွင် မတ်ပဲကိုဝယ်လိုအားများပေမယ့် ဈေးချဝယ်၊ ပဲစင်းငုံနီ အရောင်းအဝယ်ပြန်အေး

ပြည်ဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲ (Raw) ကို ရန်ကုန်ဝယ်လက်ဝယ်လိုအားများပေမယ့် ဈေးချအဝယ်ရှိနေကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ပန်းတောင်းနှင့် ပေါက်ခေါင်းဘက်မှ တစ်ရက်ကို အိတ် ၂၀၀ ခန့်သာ ဝင်ရောက်မှုရှိနေပြီး လှောင်လက်တွေထုတ်ရောင်းမှုများနေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) ဈေးဖြင့်နေ့စဉ်အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် မေလအတွင်းမှာ အိန္ဒိယဘက်မှ ဝယ်လိုအားသွက်မှုကြောင့် ဈေးသိသာစွာမြင့်တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ အဝယ်ပြန်အေးသွားတာကြောင့် ဈေးအနည်းငယ်ကျ လာပြီး တစ်ပိဿာ ၁၉၇၅ ကျပ် (တစ်တန်ကို ၁၂၀၉၄၇၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ဂျပန်နိုင်ငံတွင် Tokyo International Industry Exhibition 2015 ပြပွဲ ကျင်းပမည်

ဂျပန်နိုင်ငံ Tokyo Metropolitan Government မှ ကြီးမှူး၍ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ Tokyo Big Sight West Exhibition Hall တွင် Tokyo International Industry Exhibition 2015 ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ယခုနှစ်တွင် ကျင်းပပြုလုပ်မည့် Tokyo International Industry Exhibition 2015 ပြပွဲကို ၁၈ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်ရေးဆိုင်ရာပြပွဲများအနက် အကြီးမားဆုံးပြပွဲကြီးတစ်ခုဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် ၁၇ ကြိမ်မြောက် တိုကျိုအပြည်ပြည်ဆိုင်ရာ စက်မှုပြပွဲသို့ တိုကျိုမြို့နှင့် အာရှဒေသ ကွန်ရက်တွင်းရှိ မြို့ကြီးများမှ အသေးစားနှင့်အလတ်စား စက်မှု လုပ်ငန်းများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ စုစုပေါင်း ၈၅၈ ခုမှ ပြခန်းပေါင်း ၈၄၅ ခန်းဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို ပါဝင်ပြသ ခဲ့ပြီး လူပေါင်း ၄၄၂၈၆ ကျော် လာရောက်လျက် စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများနှင့် ဈေးကွက်ချဲ့ထွင်မှုများပြုလုပ်နိုင်ခဲ့ပါသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ (SMEs) မှ ထုတ်ကုန်များ ထုတ်လုပ်ရန် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ခြင်း၊ ဈေးကွက်သစ်များ ရှာဖွေချဲ့ထွင်နိုင်ခြင်းနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းများကိုလည်း ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

Tokyo Metropolitan Government မှ Tokyo International Industry Exhibition 2015 ပြပွဲ၌ အာရှဒေသ ကွန်ရက်အတွင်းရှိနိုင်ငံများ၏ မြို့များမှ ပါဝင်ပြသနိုင်ရန် တစ်နိုင်ငံလျှင် ပြခန်း ၁ ခန်းမှ ၄ ခန်းအထိနှင့် လိုအပ်သည့် ပြခန်း အခြေခံ အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲ၊ မြန်မာကုန်သွယ်မှုဗဟိုဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# စိုက်ပျိုးရာသီရောက်ရှိလာပြီဖြစ်၍ သွင်းအားစု မြေဩဇာများ အမျိုးအစားကောင်းရန်နဲ့ အရည်အသွေးများ မှန်ကန်ရန်လိုအပ်

ယခုအခါ စိုက်ပျိုးရာသီရောက်ရှိလာပြီဖြစ်၍ စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလျက်ရှိနေပါပြီ။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှသာမက နယ်စပ်ကုန်သွယ်မှုမှလည်း တင်သွင်းလျက်ရှိနေပါတယ်။ လယ်ယာလုပ်ငန်းများမှာ သီးနှံအထွက်နှုန်းကောင်းစေရန် ဓာတ်မြေဩဇာ အမျိုးမျိုးကို သုံးစွဲနေ ကြပါတယ်။

ဓာတ်မြေဩဇာများကို တင်သွင်းရာမှာ စိုက်ပျိုးရေးဌာနရဲ့ ထောက်ခံချက်နဲ့သာ လိုင်စင်လျှောက်ထား တင်သွင်းကြရန်နဲ့ မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဓာတ်မြေဩဇာများကို တင်သွင်းခြင်း မပြုရန် စစ်ဆေးတွေ့ရှိပါက အနည်းဆုံး ထောင်ဒဏ် သုံးနှစ် သို့မဟုတ် ငွေကျပ် ၁၀ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်းမှလွဲပြီး အခြားနေရာများမှာ သုံးစွဲပါက ထောင်ဒဏ် တစ်နှစ် သို့မဟုတ် ဒဏ်ငွေကျပ် ၅ သိန်း ချမှတ်သွားမယ်လို့ ကြေညာထားပြီးလည်းဖြစ် ပါတယ်။

ဒါပေမယ့် အချို့ဒေသများမှာ မြန်မာစာတန်းမပါတဲ့ တရားမဝင်လယ်ယာသုံး ဓာတ်မြေဩဇာများသာမက မြန်မာစာတန်းပါပေမယ့် သက်တမ်းလွန်နေသော ဓာတ်မြေဩဇာများပါ လာရောက် ရောင်းချနေတဲ့အတွက် ကြပ်မတ်စစ်ဆေးဖို့ လိုအပ်နေပြီလို့ တောင်သူများက ပြောကြားနေကြပါတယ်။

မျိုးကောင်းမျိုးသန့်များကိုသာ စိုက်ပျိုးသော်လည်း သီးနှံထွက်နှုန်းကောင်းစေရန် ဝယ်ယူသုံးစွဲနေကြတဲ့ ဓာတ်မြေဩဇာများရဲ့ အရည်အသွေး ညံ့ဖျင်းမှုများကြောင့် သီးနှံဖြစ်ထွန်းမှုကို ထိခိုက်လျက်ရှိကာ အထွက်နှုန်း ကျဆင်းလာတဲ့အတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားမဝင် မြေဩဇာများ ရောင်းချမှုမရှိစေရေးတို့ကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း တောင်သူလယ်သမားများက ပြောကြားပါတယ်။

တောင်သူများအနေနဲ့ ယူရီးယား ဓာတ်မြေဩဇာများကို ယခင်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့ဝင်များရဲ့ ထောက်ခံချက်၊ ဆန်စပါးအထူးပြုကုမ္ပဏီများရဲ့ ထောက်ခံချက် အဆင့်ဆင့်နဲ့ လျှောက်ထားဝယ်ယူခဲ့ကြရသော်လည်း ယခုအခါ မိုးစပါးစိုက်ပျိုးရာသီအမီ တောင်သူလယ်သမားများ လုံလောက်စွာ သုံးစွဲနိုင်ရန်နဲ့စိုက်ပျိုးချိန် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ဇွန်လမှစတင်ပြီး တိုက်ရိုက်ရောင်းချမှုစနစ်ကို စွမ်းအင်ဝန်ကြီးဌာနက ကျင့်သုံးနေပြီဖြစ်ပါတယ်။

ဇွန်လမှစပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ကန်ကြီးထောင့်ရှိ ဓာတ်မြေဩဇာ စက်ရုံအမှတ် (၅) မှ ထွက်ရှိတဲ့ ဓာတ်မြေဩဇာများကို ရောင်းချဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ လုံလောက်စွာပေးနိုင်ခြင်းမရှိတဲ့အတွက် စလေ၊ ကျွန်းချောင်း၊ ကျော်စွာ၊ မြောင်းတကာနဲ့ ကန်ကြီးထောင့်စတဲ့ ဓာတ်မြေဩဇာ စက်ရုံ ငါးရုံရှိသည့်အနက် ယခုအခါ မြောင်းတကာနဲ့ ကန်ကြီးထောင့် စက်ရုံများသာ လည်ပတ်နေတာဖြစ်ပါတယ်။

အဆိုပါ စက်ရုံများအတွက် သဘာဝဓာတ်ငွေ့ အပြည့်အဝပေးနိုင်ပါက ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ ဓာတ်မြေဩဇာများ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၂၆ ရက်နေ့အထိ ပြည်ပမှ ဓာတ်မြေဩဇာ တန်ချိန် ၂၁၈၅၈ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ ၄၂ သန်းကျော်ဖိုး တင်သွင်းခဲ့ပြီး ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၂၂၆၀၀ တန်လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ဂန္ဓမာ**

## Myanmar Phar-Med Expo 2015 ပြပွဲ

ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ဇူလိုင် ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Myanmar Phar-Med Expo 2015 ပြပွဲကို ပြည်တွင်းကုမ္ပဏီများဖြစ်ကြသော International Exhibition Management Services Co., Ltd. နှင့် Lucky Stone Trading Services Co., Ltd. တို့မှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Myanmar Phar-Med Expo 2015 ပြပွဲတွင် ဆေးနှင့် ဆေးကိရိယာပစ္စည်းများ ပြသမည်ဖြစ်ပါသည်။ ပြပွဲ ပြသရခြင်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ ဆေးရုံ၊ ဆေးနှင့် ဆေးကိရိယာဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအား ဂျာမနီ၊ အမေရိကန်၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သည့်ဆေးနှင့်ဆေးကိရိယာပစ္စည်းများနှင့် မိတ်ဆက်ပြသရန်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## AUTO EXPO MYANMAR 2015 ပြပွဲ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် AUTO EXPO MYANMAR 2015 ပြပွဲကို တရုတ်(တိုင်ပေ)ရှိ CHAN CHAO INTERNATIONAL Co., Ltd. နှင့် YORKERS TRADE & MARKETING SERVICE Co., Ltd. တို့မှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီဖြစ်သော NMT Ltd. တို့မှ တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

AUTO EXPO MYANMAR 2015 ပြပွဲတွင် လျှပ်စစ်ပစ္စည်းများ၊ Inverter စက်များ၊ Pressure Guage များ၊ LED မီးသီးများ၊ မော်တော်ယာဉ် အစိတ်အပိုင်း ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ်လုပ်ငန်းသုံး စက်ကိရိယာများ စသည်ဖြင့် အမျိုးအစား စုံလင်စွာ လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## Sony Introduction of New Products Models ပြပွဲ

ရန်ကုန်မြို့၊ ပြည်လမ်းရှိ Novotel Hotel, Max တွင် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Sony Introduction of New Products Models ပြပွဲကို စင်ကာပူနိုင်ငံရှိ Sony South East Asia Singapore Pte Ltd. နှင့် ပြည်တွင်းကုမ္ပဏီဖြစ်သော TMW Enterprise Limited တို့ ပူးပေါင်းကျင်းပမည်ဖြစ်ကြောင်းသတင်း ရရှိပါသည်။

Sony Introduction of New Products Models ပြပွဲတွင် ဗီဒီယိုကင်မရာနှင့် ဆက်စပ်ပစ္စည်းများကို လာရောက်ပြသမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

# ပုသိမ်မြို့တွင် SAMSUNG WEEK ဝသန်ကာလ ဈေးရောင်းပွဲတော်နှင့် ကံစမ်းမဲအစီအစဉ်များပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ မဟာစေတီလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ SUN Mobile & IT Shop တွင် အစဉ်အမြဲဝယ်ယူအားပေးနေသော ဖောက်သည်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ဇွန်လ ၂၈ ရက်မှ ဇူလိုင် ၂ ရက်ထိ Promotion ကာလအတွင်း ဝယ်ယူသူများအား SAMSUNG ရေခဲသေတ္တာ၊ ၂၄ လက်မ LED TV, DVD Player ကံစမ်းမဲများကို ကြွရောက်လာသောပရိသတ်များ၏ ရှေ့မှောက်တွင် ကံထူးရှင်များကို ရွေးချယ်ပြီး၊ ကုမ္ပဏီမှ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သွားကြောင်း သိရပါတယ်။

ဆမ်ဆောင်းအမှတ်တံဆိပ်ကိုဝယ်ယူသော ဖောက်သည်များအား ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးလျက်ရှိပြီး ကံစမ်းမဲလက်ဆောင်များ ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် ဖျော်ဖြေသီဆိုမှုနှင့် ဂိမ်းကစားနည်းများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့ပြီး ကုမ္ပဏီအမှတ်တံဆိပ်ပါ တီရှပ်များ၊ ထီးများနှင့် အိမ်သုံးပစ္စည်းများကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# တရုတ်၊ အိန္ဒိယနဲ့ ထိုင်းနယ်စပ်မှ ဝင်ရောက်တဲ့ ဆိုင်ကယ်များ ရောင်းအားကျ

ယခုဇွန်လ နောက်ဆုံးပတ်မှာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်များမှ ကန်ဒေါ်လာ ၅ ဒသမ ၂၄၇ သန်းတန်ဖိုးရှိ ဆိုင်ကယ်အသစ်စက်စက် ၁၁၃၈၀ စီး တင်သွင်းခဲ့ပါတယ်။ အသစ်စက်စက် ဆိုင်ကယ်များကို မူဆယ်နယ်စပ်မှ အများဆုံးတင်သွင်းတာတွေ့ရပါတယ်။ ထိုင်းနိုင်ငံနဲ့အိန္ဒိယနိုင်ငံဘက်မှ တင်သွင်းလာတဲ့ ဆိုင်ကယ်များက ခိုင်ခံ့ပြီး တာရှည်အသုံးခံသော်လည်း တရုတ်ဆိုင်ကယ်များလောက် ဈေးကွက်မှာ ရောင်းအားမရှိတာတွေ့ရပါတယ်။ တရုတ်ဆိုင်ကယ်များက ဈေးချိုပြီး လူတန်းစားမရွေးဝယ်ယူနိုင်ကြောင်း မန္တလေးမြို့ရှိ ဆိုင်ကယ်ဝယ်ရောင်းပြုလုပ်သူတစ်ဦးက ပြောပါတယ်။မန္တလေးဆိုင်ကယ်ဝယ်ရောင်းဈေးကွက်မှာ ပြီးခဲ့သည့် ဇွန်လ ဒုတိယပတ်မှ စတင်၍ ဒေါ်လာဈေးများမြင့်တက်ခဲ့မှုကြောင့် ဝယ်ယူသူမရှိအောင်ပင်စံချိန်တင် ရောင်းအားကျဆင်း သွားကြောင်း သိရပါတယ်။

ယခင်နှစ်များက တက္ကသိုလ်ဝင်တန်း အောင်စာရင်းထုတ်ပြန်သည့်ကာလတွင် တရုတ်နှင့်ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်များ ရောင်းအားကောင်းလေ့ရှိသော်လည်း ယခုနှစ်တွင် ဇွန်လဆန်းပိုင်းကတည်းက ဒေါ်လာဈေး တစ်ဟုန်ထိုး မြင့်တက်ခြင်း၊ တရုတ်ငွေဈေးတက်ခြင်းတို့ကြောင့် စံချိန်တင်ရောင်းအားကျဆင်းလျက်ရှိကြောင်း တရုတ်ငွေဈေးတက်သဖြင့် တရုတ်ဆိုင်ကယ်တစ်စီးကို တစ်သိန်းခန့် မြင့်တက်သွားတယ်လို့ ဆိုင်ကယ်ဝယ်ရောင်းသမားများက ပြောပါတယ်။ မန္တလေးမြို့ဆိုင်ကယ်ဝယ်ရောင်းဈေးကွက်တွင် တရုတ်နိုင်ငံထုတ် 110 ဒလက်ကို ကျပ် ၄၈၀၀၀၀၊ Tricker ကို ကျပ် ၉၉၀၀၀၀၊ Auto Click ကို ကျပ် ၉၅၀၀၀၀၊ 1125 Yin Xing ကို ကျပ် ၇၁၀၀၀၀ စတဲ့ ဈေးနှုန်းများ ရှိတယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ခင်မိုးသူ**

# ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှု ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၂၇၉ သန်းကျော် ပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၂၆ ရက်ထိ နှစ်လကျော်ကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန် တင်ပို့မှုမှာ ကန်ဒေါ်လာ ၈၂၄ သန်းကျော်ရှိပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၂၇၉ သန်းကျော်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ထိုကဲ့သို့ ပိုမိုရခြင်းမှာ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၆၀ ကျော်၊ ပြောင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၉ သန်းနီးပါး၊ ပဲအမျိုးမျိုးတင်ပို့မှုမှ ကန်ဒေါ်လာ ၁၉၃ သန်းကျော်နဲ့ ဝါတင်ပို့မှုမှ ကန်ဒေါ်လာ ၃ သန်းကျော် အသီးသီး ပိုမိုတင်ပို့နိုင်ခဲ့လို့ဖြစ်ပါတယ်။ ပဲအမျိုးမျိုးအုပ်စုမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲကတ္တီပါ (စွန်တာပြာ) တို့ ယမန်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

# မူဆယ်နဲ့ မြဝတီမှ သစ်သီးဝလံမျိုးစုံတင်သွင်း

၂၀၁၅ ခုနှစ် ဇွန်လ နောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၇၃၄၉၅ တန်ဖိုးရှိ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး ၃၈၉ တန်ခွဲကို တင်သွင်းမှုရှိခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၄၇၄၅၆ တန်ဖိုးရှိ ပန်းသီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ ရေငန်းသီး၊ လီမွန်သီး၊ နန်းမြားသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊နာနတ်သီး၊ ကြက်မောက်သီးနဲ့ မန်ကျည်းချိုသီး စုစုပေါင်း ၁၉၄ တန်ခွဲ တင်သွင်းနိုင်ခဲ့ပါတယ်။

မူဆယ်နယ်စပ်မှ ဇွန်လအတွင်း သစ်သီး ၂၂၄၅ တန်ကို တင်သွင်းခဲ့နိုင်ပြီး မြဝတီနယ်စပ်မှလည်း သစ်သီးဝလံမျိုးစုံ ၁၁၀၁ တန်တင်သွင်းမှုရှိခဲ့တယ်လို့ စခန်းအသီးသီးရဲ့ သစ်သီးကုန်စည်ဒိုင်များမှ သိရပါတယ်။

**မော်မော်အောင်**

# မြဝတီကုန်သွယ်ရေးဇုန်မှ ဇွန်လစတုတ္ထပတ်အတွင်း ITC နဲ့ Cable Wire တင်သွင်းခဲ့

မြဝတီကုန်သွယ်ရေးဇုန်မှ ဇွန်လစတုတ္ထပတ်အတွင်း ITC နဲ့777 kg ရှိ Cable Wire ကျပ်သန်းပေါင်း ၄ ဒသမ ၀၉၅ ခန့်ကို တင်သွင်းခဲ့ပါတယ်။ မြဝတီနယ်စပ်မှ ITC နဲ့ သွင်းကုန်ပစ္စည်းများကို အဓိကတင်သွင်းခဲ့ပြီး စတင်ခွင့်ပြုချိန်မှ ယနေ့ထိ ပို့ကုန်တင်ပို့မှုမရှိတာ တွေ့ရပါတယ်။ နယ်စပ်စခန်း ၁၈ ခုရှိသည့်အနက် ITC ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ စခန်း ၁၀ ခုရှိပြီးယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၂၂ ရက်အထိ မြဝတီနယ်စပ်စခန်းမှ သွင်းကုန်တန်ဖိုး ကျပ်သန်းပေါင်း ၃၅ ဒသမ ၅၈၄ ခန့် ကုန်သွယ်နိုင်ခဲ့ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လွယ်ဂျယ်နယ်စပ်မှ ITC နဲ့ အများဆုံး ကုန်သွယ်နိုင်ခဲ့ပြီး မူဆယ်နယ်စပ်မှ ITC နဲ့ အနည်းဆုံးကုန်သွယ်မှုပြုနိုင်တယ်လို့ ကုန်သွယ်ရေးဦးစီးဌာနစာရင်းများအရ သိရပါတယ်။ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၂၂ ရက်ထိ နယ်စပ်စခန်း (၁၀) ခုမှ ITC နဲ့ ပို့ကုန် ကျပ်သန်းပေါင်း ၁၀၁၃ ဒသမ ၆၃၈ နဲ့ သွင်းကုန်ကျပ်သန်းပေါင်း ၆၃၂ ဒသမ ၀၃၂ ကုန်သွယ်မှုပမာဏ ၁၆၄၅ ဒသမ ၆၇၀ ခန့်ကုန်သွယ်ပြီးဖြစ်ပါတယ်။

**ခင်မိုးသူ**

# မိုးတွင်းကာလ လယ်ယာစိုက်ပျိုးချိန်ဖြစ်၍ မြေဆီတင်သွင်းမှု ပိုမိုလာနိုင်

ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုဆောင်ရွက်နေသော ထွန်းထိပ်တန်း ကုမ္ပဏီမန်နေဂျာဦးမုံနိုးက တစ်ဖက်နိုင်ငံမှ မြေဆီတင်သွင်းမှု ယခုလတွင် အနည်းငယ် အဆင်ပြေလျက်ရှိကြောင်း၊ မိုးတွင်းကာလ လယ်ယာစိုက်ပျိုးချိန်ဖြစ်သဖြင့် မြေဆီတင်သွင်းမှုပိုမိုလာနိုင်မှာဖြစ်ပြီး လမ်းတံတားများ အဆင်ပြေချောမွေ့စေရေးကုန်သည်များနဲ့ ကားသမားများ ဆုတောင်းနေကြရတယ်လို့ ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းမှာ ပြုလုပ်တဲ့ ကုန်သွယ်မှု မြှင့်တင်ရေးအစည်းအဝေးမှာ ပြောကြားပါတယ်။ မေလအတွင်းမှာ ဓာတ်မြေသြဇာ (Urea) ၁၆၅၀တန်၊ ခန့်မှန်း တန်ဖိုး ကျပ် ၇၁၂ ဒသမ ၅၀၀ သိန်း (ဒေါ်လာပြောင်း သုည ဒသမ ၃၆၉ သန်း)ဖိုး အသွင်းရှိခဲ့တယ်လို့ သိရပါတယ်။

**MIRT**

# ယခုရက်သတ္တပတ်အတွင်း နာနတ်သီးတန်ကိုးရာကျော်တင်ပို့

ဇွန်လ ၂၀ ရက်နေ့မှ ၂၆ ရက်ထိကာလအတွင်းမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၆ သန်းတန်ဖိုးရှိ နာနတ်သီးတန် ၉၆၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ၃၄၁ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ နာနတ်သီးဟာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမှ အမြောက်အများထွက်ရှိပြီး နာနတ်သီးပေါ်ချိန်မှာ တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ နာနတ်သီးတစ်တန်ရဲ့လိုင်စင်ကြေးမှာ ဒေါ်လာ ၁၀၀ ဖြစ်ပါတယ်။ ဇွန်လ တစ်လလုံး မူဆယ်(၁၀၅) မိုင်မှ တရုတ်ပြည်သို့ နာနတ်သီးတန်ချိန် ၃၀၀၀ ခန့်တင်ပို့နိုင်ခဲ့ပြီး နေ့စဉ် နာနတ်သီး ကားစီးရေ ၁၅ စီးမှ အစီး ၅၀ ခန့်အထိ ဝင်ရောက်ခဲ့ကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# မြဝတီ၊ကော့သောင်းနဲ့ မြိတ်နယ်စပ်မှ ရေထွက်ကုန် တန်ချိန် တစ်ထောင့်ငါးရာကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန် ၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ဇွန်လ ၂၀ ရက်မှ ၂၆ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆၆၆ သန်းတန်ဖိုးရှိရေထွက်ကုန် ၁၅၈၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၅၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုများမှာ -

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၈၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန် ၄၀ ကျော်နဲ့ ကဏန်း ၁၄ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ငါးမျိုးစုံ တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ၄၃ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေး စခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၃၁၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ တန် ၃၁၀ ၊ ကင်းမွန် ၃၂ တန်ကျော်နဲ့ ပုစွန် ၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ငါးမျိုးစုံနဲ့ ကင်းမွန် တင်ပို့မှုလျော့နည်းခဲ့တဲ့အပြင် ယခင်တစ်ပတ်ကတင်ပို့ခဲ့သော ငါးလေးခြောက်နဲ့သဲကဏန်းကို ယခုတစ်ပတ်တွင် တင်ပို့နိုင်ခြင်းမရှိခဲ့တာကြောင့် ၂၂၉ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်နယ်စပ်ကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၂၇၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၁၇၁ တန်ခန့်၊ ပုစွန် ၁၆ တန်ကျော်၊ ကင်းမွန် ၂ တန်ကျော်နဲ့ သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ငါးမျိုးစုံ၊ ပုစွန်နဲ့ကင်းမွန်တင်ပို့မှု လျော့နည်းခဲ့တဲ့အပြင် ယခင်သီတင်းပတ်က တင်ပို့ခဲ့သော ကဏန်းပျော့၊ ပုစွန်ခြောက်နဲ့ ကဏန်းသေး(အသေ) တို့ကိုယခုသီတင်းပတ်တွင် တင်ပို့နိုင်ခြင်းမရှိခဲ့တာကြောင့် တင်ပို့မှုလျော့ နည်းခဲ့တယ်လို့ သိရပါတယ်။

**ခင်မြနွယ်**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ပသို့ ကန်ဒေါ်လာ သန်း ၄၀ ကျော်ဖိုးရှိ သစ်တောထွက်ပစ္စည်းများ တင်ပို့

ပြည်ပသို့ မြန်မာထွက်ကုန်များ တင်ပို့ရာမှာ အုပ်စုခုနစ်ခုခွဲခြားတင်ပို့လျက်ရှိရာ လယ်ယာထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနဲ့ အခြားဟူ၍ ခွဲခြားထားပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၂၆ ရက်ထိကာလအတွင်းမှာ ပို့ကုန် ကန်ဒေါ်လာ ၂၃၇၈ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ပို့ကုန် ကန်ဒေါ်လာ သန်း ၃၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်အုပ်စု ခုနစ်ခုအနက် အခြားအုပ်စု တင်ပို့မှုကလွဲပြီး ကျန်အုပ်စုများအားလုံးပိုမိုတင်ပို့ခဲ့ပါတယ်။ သစ်တောထွက်ကုန်တင်ပို့မှုမှာ ကန်ဒေါ်လာ ၄၀ ဒသမ ၆၄၁ သန်းရှိပြီး ယမန်နှစ်ကာလတူထက် သန်း ၃၀ နီးပါးပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စမှစပြီး ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုရပ်ဆိုင်းထားပြီးနောက် သစ်တောထွက် ပစ္စည်းတင်ပို့မှုမှာ သိသိသာသာလျော့နည်းသွားခဲ့ပါတယ်။ ယခုအခါ သစ်တောထွက်ပစ္စည်းများ ဖြစ်သည့် ကြိမ်၊ ကြိမ်ထွက်ပစ္စည်း၊ သစ်ခွဲသား၊ စားပွဲ၊ ကုလားထိုင်စတဲ့ ပရိဘောဂအပါအဝင် သစ်အချောထည်များကို တင်ပို့လျက်ရှိပါတယ်။

**MIRT**

# ကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ကျောက်စိမ်း အရွယ်စုံကို ယာဉ်သုံးစီးပေါ်မှ သိမ်းဆည်းရမိ

မန္တလေး မူဆယ်လမ်းကြောင်း တစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေသော Mobile Team (လရ-၁) အဖွဲ့သည် ဇွန်လ ၁၁ ရက်နေ့တွင် လမ်းကြောင်းအတိုင်း ဝင်ရောက်စစ်ဆေးခဲ့တဲ့ မော်တော်ယာဉ်အမှတ် 2E/xxxx နဲ့ 4J/xxxx အား စစ်ဆေးရာ ယာဉ်ပေါ်တွင် အံ့ဝှက်အတွင်းသို့ဝှက်သယ်ဆောင်လာတဲ့ တရားမဝင်ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်စုံကို သိမ်းဆည်းရမိခဲ့ပါတယ်။အလားတူ ဇွန်လ ၁၃ ရက်နေ့တွင်လည်း Van 5A/xxxx ပေါ်မှ အံ့ဝှက်အတွင်း သို့ဝှက်သယ်ဆောင်လာတဲ့ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်စုံ ၊ ကျောက်အဝိုင်းပြားအရွယ်စုံ၊ ကျောက်ဖြတ်စအရွယ်စုံတို့ကို သိမ်းဆည်း ရမိခဲ့ပါတယ်။အဆိုပါယာဉ်သုံးစီးပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ ကျောက်စိမ်းများနဲ့ သယ်ဆောင်လာတဲ့ ယာဉ်သုံးစီးရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၆၈၀ ခန့်ရှိပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်တယ်လို့သိရပါတယ်။ **MIRT**



# မန္တလေးမြို့ပေါ်ရှိ ဂိုထောင်များမှာ တရားမဝင် စားသောက်ကုန်များ သိုလှောင်မှုမရှိစေရန် စစ်ဆေးမည်

တစ်ဖက်အိမ်နီးချင်းနိုင်ငံမှ ထုတ်လုပ်တဲ့ ဘီယာနဲ့ အအေးခဲအသားများ အပါအဝင် တရားမဝင် စားသောက်ကုန်များကို သိုလှောင်သိမ်းဆည်းထားခြင်း မရှိစေရန် မန္တလေးမြို့ပေါ်ရှိ ဂိုထောင်များကို စစ်ဆေးမှုများ ပြုလုပ်တော့မယ်လို့ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့မှ သတင်းရရှိပါတယ်။ တရားမဝင် စားသောက်ကုန်များ ဝင်ရောက်လာခြင်းမရှိစေရန် မန္တလေးမြို့အဝင် ကားလမ်းကြောင်းများကို စစ်ဆေးသွားမယ်။ မတ္တရာလမ်းကြောင်းက ပွင့်နေတဲ့အတွက် တရားမဝင် ကုန်ပစ္စည်းများ ဝင်လို့ရတဲ့ အနေအထားရှိနေတယ်။ ရေကြောင်းနဲ့ လေဆိပ်များမှ တစ်ဆင့်ဝင်ရောက်ခြင်းမပြုနိုင်ရန် ကွဲ့စွန်းရေဆိပ်မှ ရွှေကြက်ယက်တစ်လျှောက်ဆိပ်ကမ်းများမှာ Mobile Team အဖွဲ့များထားရှိစစ်ဆေးနေတဲ့အတွက် အခွင့်သာတဲ့ စဉ့်ကူးမြို့နယ် ရေဆိပ်တွင်ပစ္စည်းများချထားပြီး ကားလမ်းဖြင့် မတ္တရာမြို့နယ်မှ တစ်ဆင့်ဝင်ရောက်နေတဲ့အတွက် ခုလို စစ်ဆေးရန် စီစဉ်ရခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမှတစ်ဆင့်ဝင်ရောက်တဲ့လမ်းကြောင်း၊ တောင်ကြီးမှတစ်ဆင့်ဝင်ရောက်တဲ့ ကျောက်ဆည်လမ်းကြောင်းနဲ့ နောင်ချိုမြို့အဝင် ဂိတ်ကိုရှောင်ပြီး ပုသိမ်ကြီး မြို့နယ်လမ်းကြောင်းများမှာလည်း ရှောင်တခင် စစ်ဆေးမှုများကို လုပ်ဆောင်သွားမယ် လို့ သိရှိရပါတယ်။

မန္တလေးသို့ တရားမဝင် ဝင်ရောက်နိုင်တဲ့ ကုန်းလမ်းကြောင်းများမှာ ဧရာဝတီမြစ်ကူး ရတနာသိင်္ခ်တံတား၊ စဉ့်ကူ- မတ္တရာလမ်းကြောင်း၊ ဗန်းမော်မှ တစ်ဆင့် ကသာ-ရွှေဘိုလမ်းကြောင်း၊ တောင်ကြီး-အောင်ပန်း-ရွာငံ၊ ဟံမြင့်မိုရ် -ကျောက်ဆည်လမ်းကြောင်း၊ နောင်ချို လရ (၁)၊ ၁၆ မိုင်ဂိတ်ရှောင်ကွင်းလမ်းကြောင်းများမှ ဝင်ရောက်မှု များကိုပိတ်ဆို့စစ်ဆေးသွားမယ်လို့သိရပါတယ်။

Mobile Team မန္တလေးအဖွဲ့မှ စတင်ဆောင်ရွက်သည့် ရှစ်လတာကာလအတွင်း ဖမ်းဆီးရမှုများမှာ ပျဉ်းကတိုး၊ ကျွန်းသစ်၊ အင်၊ ပန်းတမာသစ်လုံး၊ သရက်သစ်လုံး အပါအဝင် သစ်မျိုးစုံ ရှစ်ကြိမ်၊ ကျောက်စိမ်းနှစ်ကြိမ်၊ အထည်အလိပ်တစ်ကြိမ် စုစုပေါင်း ၁၁ ကြိမ် ဖမ်းဆီးခဲ့ရာ ဖမ်းဆီးရမိမှု စုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ပေါင်း ၂၄၆၃ သိန်း တန်ဖိုးရှိကြောင်း သိရပါတယ်။

**MIRT**

## ဝေ့ရဲစစ်ဆေးရေးဂိတ်အနီး ယာဉ်ပေါ်မှ စားဆီများစစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် Mobile Team အဖွဲ့သည် ဇွန်လ ၂၉ ရက် ၁၆၃၀ ချိန်တွင် ဝေ့ရဲစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်စဉ် တာချီလိတ်မှလာသော ယာဉ်များကို စစ်ဆေးရာ ယာဉ်ပေါ်မှ စားဆီ ဖာ ၂၀ အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိစားဆီများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်နှစ်သိန်းရှစ်သောင်းခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် စနစ်တကျ စစ်ဆေး၍ တာချီလိတ်မြို့နယ် အကောက်ခွန်ရုံးတွင် အကောက်ခွန်အမှုတွဲဖွင့်လှစ် နိုင်ခဲ့တယ်လို့သိရပါတယ်။ **MIRT**

## ဘီယာနဲ့ ပဲနို့များကို ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် Mobile Team မှ ဦးစီးအရာရှိ ဦးစီးတဲ့အဖွဲ့သည် ဇွန်လ ၂၇ ရက် ၁၆၃၀ အချိန်တွင် တာလေမြို့အဝင် ရှောင်ကွင်းလမ်းအား သတင်းအရ ဝင်ရောက်စစ်ဆေးရာ ရှောင်ကွင်းလမ်းအတွင်း လမ်းဘေးတွင် တရားမဝင် သယ်ဆောင်ရန်စုပုံထားတဲ့ LEO ဘီယာ၊ ပဲနို့ရည်ကတ်များနဲ့ အိမ်သုံးဆေး (Dextrose 5 %)များအား ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့တယ်လို့သိရပါတယ်။ စစ်ဆေးတွေ့ရှိတဲ့ အကောက်ခွန်မဲ့ ပိုင်ရှင်မဲ့ပစ္စည်းများ၏ ခန့်မှန်းတန်ဖိုးမှာ ကျပ် ရှစ်သိန်းကိုးထောင်ခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် ဖွင့်ဖောက် စစ်ဆေးပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ရုံးတွင် အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။

**MIRT**

# ကျိုင်းတုံ Mobile Team မှ ဖမ်းဆီးရမိ ဘီယာများနဲ့ ပေါင်းသတ်ဆေးများ ဖျက်ဆီး

ကျိုင်းတုံနယ်စပ် ကုန်သွယ်ရေးစခန်း Mobile Team (မိုင်းလွေ)ရှောင်ကွင်းလမ်းများအား လှည့်လည်စစ်ဆေးစဉ် မေလ ၇ ရက်နဲ့ ၂၆ ရက်များမှာ ခန့်မှန်းတန်ဖိုး ကျပ် ၁၈ သိန်းတန်ဖိုးရှိ တစ်ဖက်နိုင်ငံလုပ် ပေါင်းသတ်ဆေးဗူး ၄၀ နဲ့ ခန့်မှန်းတန်ဖိုး ကျပ် ၈၃ သိန်းခန့်တန်ဖိုးရှိ တစ်ဖက်နိုင်ငံလုပ် ဘီယာ ဖာ ၁၁၈၀ ကို သိမ်းဆည်းရမိခဲ့ပါတယ်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေနဲ့ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ လေလံတင်ရောင်းချခြင်းနဲ့ စားသုံးသူအကာအကွယ်ပေးရေးအတွက် အများပြည်သူစားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများအား ဌာနဆိုင်ရာ အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့က ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလည်း ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားတဲ့ တစ်ဖက်နိုင်ငံလုပ် ပေါင်းသတ်ဆေးများနဲ့ ဘီယာများကို ဇွန်လ ၂၅ ရက်က ကျိုင်းတုံမြို့နယ်၊ အကောက်ခွန် ဦးစီးဌာန၊ ရဲဝင်းအတွင်းမှာ မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ပါဝင်တဲ့ အဖွဲ့ဝင်များ ရှေ့မှောက်မှာ မြေကျင်းထဲသို့ ဖွင့်ဖောက်သွန်ချ ဖျက်ဆီးခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# ခရီးသည်တင်ယာဉ်လိုင်းများပေါ်တွင် သိုဝှက်တင်ဆောင်လာသော ဂြိုဟ်တုရုပ်သံဖမ်းစက်နဲ့ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား တားဆီးစစ်ဆေးဆောင်ရွက်နေသော လရ-၂ Mobile Team အဖွဲ့သည် ဇွန်လ ၂၃ ရက်က မြဝတီမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာတဲ့ မန္တလာထွန်း ခရီးသည်တင်ယာဉ်လိုင်း မှန်လုံယာဉ် 9C/xxxx ပေါ်မှ ခရီးသည်ပစ္စည်းများအတွင်း သိုဝှက်တင်ဆောင်လာသော PSI ဂြိုဟ်တုရုပ်သံဖမ်းစက် ၁၀၀၊ စလောင်းဗန်း ၁၀၀ ချပ်၊ စလောင်းထိပ်ဖူး ၁၀၀ နဲ့ စလောင်းထောက် ၁၈ ဖာ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၃၂ သိန်းအား စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းထားပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။



**MIRT**

## ကြမ်းခင်းပျဉ်နဲ့ တမလန်းသစ်တုံးများကို စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်း ထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဇွန်လ ၂၂ ရက် က အေးရှားဝေါလ်တိုးဂိတ်အနီးရှောင်ကွင်းလမ်းတွင် စုပုံထားတဲ့ ခန့်မှန်းတန်ဖိုး ကျပ်ရှစ်သိန်း ခြောက်သောင်းခန့်ရှိ ကြမ်းခင်း ပျဉ်ပြားအချပ်(၁၃၀)ကို သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။အလားတူ ဇွန်လ ၂၇ ရက် ၁၃း၁၅ ချိန်တွင်လည်း ကျိန်စမ်းကျော့ရှောင်ကွင်းလမ်းပေါ်မှာ ယာဉ်အမှတ် (2c/xxxx) ပေါ်မှ တမလန်းသစ် အမျိုးအစား လေးထောင့်တုံး (၁၆) တုံးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိကြမ်းခင်းပျဉ်နဲ့ တမလန်းသစ်များကို မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ **MIRT**




# အရည်အသွေးခေတ်ကို ထူထောင်ကြမှာလား

မျိုးသူ-မန္တလေး

နိုင်ငံခြားမှ အဝယ်လိုက်လာလျှင် ကျွန်တော်တို့က အညံ့များ ထိုးထည့်တတ်ကြသည်။ မကောင်းသော အကျင့်ဖြစ်သည်ကို ပြောစရာလိုမည် မထင်ပါ။

မြန်မာနိုင်ငံတွင် စားဝတ်နေရေးသည် အသက်ရှင်သန်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက် ဖြစ်သည်ကို လူတိုင်းသိကြပါသည်။ ၁၉၄၃ ခုနှစ်တွင် A.H. Maslow ဟုခေါ်သော စိတ်ပညာရှင်တစ်ဦးပေါ်ထွက်ခဲ့ရာ ထိုသူ၏ "မက်စလိုပိရမစ်ပုံ လူတို့၏လိုအင်များ"သည် နာမည်ကြီးသော အကြောင်းအရာတစ်ခုအဖြစ် ယခုတိုင် သုံးစွဲနေပါသည်။ ယင်း Maslow က လူတို့တွင် အဓိကလိုအပ်ချက်နှင့် လိုအင် ၅ ပိုင်းရှိသည်ဟု ပြောခဲ့ပါသည်။ ယင်းတို့မှာ (က) အခြေခံလိုအပ်ချက်များ ပြည့်စုံလိုမှု (ခ) လုံခြုံစိတ်ချရလိုမှု (ဂ) မေတ္တာတရား ရလိုမှု သို့မဟုတ် ရယူပိုင်ဆိုင်လိုမှု (ဃ) တန်ဖိုးထား လေးစားခံလိုမှုနှင့် (င) မိမိကိုယ်ကို ကျေနပ်နှစ်သက်မှုစသည်တို့ဖြစ်သည်ဟု လေ့လာဖူးပါသည်။ အပေါ်ပိုင်းသုံးခုကိုဖယ်လျှင် အောက်ခြေနှစ်ခုမှာ လူတိုင်းရဖို့လိုအပ်သည်ဟု ထင်ပါသည်။ ကောင်းကောင်းမွန်မွန် စားလိုမှု၊ နေထိုင်လိုမှု၊ ဝတ်ဆင်လိုမှု၊ စားဝတ်နေရေး ဖူလုံမှုတို့နှင့်အတူ လုံခြုံစိတ်ချရလိုမှု Safety သည် ဒုတိယဆင့်အနေဖြင့် စားဝတ်နေရေးပြီးလျှင် အလိုအပ်ဆုံးဖြစ်သည်ကို တွေ့နိုင်ပါသည်။

သို့ရာတွင် ကျွန်တော်တို့သည် လုံခြုံစိတ်ချရလိုမှု Safety ကို မည်မျှရပါသလဲ၊ ရအောင် ဘာတွေလုပ်ရမှာလဲဆိုသည့်အပိုင်းက အတော်အရေးပါသည် ထင်ပါသည်။ ကျွန်တော်တို့သည် စားရေးအတွက် စိတ်ချရလိုသည်၊ စားရေးအတွက် အရေအတွက်ကော အရည်အသွေးပါ စိတ်ချရလိုပါသည်။ ဝတ်ရေးအတွက်တွင်လည်း စိတ်ချရလိုပါသည်။ အရေအတွက်တွင်ရော အရည်အသွေးကိုပါ စိတ်ချရလိုပါသည်။ နေထိုင်ရေးတွင်လည်း စိတ်ချရလိုပါသည်၊ နေထိုင်ရေးတွင်လည်း အရေအတွက်ရော အရည်အသွေးပါ စိတ်ချရလိုပါသည်။ အစိုးရတိုင်းအတွက် စားသုံးသူပြည်သူများသည် အရေးအကြီးဆုံးဖြစ်သည်ဟု ဆိုကြပါသည်။

သို့ဖြစ်၍ လုံခြုံစိတ်ချရလိုမှု Safety သည် စားသုံးသူပြည်သူများအတွက် အရေးကြီးသည်ဟုဆိုပါက သုံးချက်တွက်နည်းပင် မလိုပါ။ စားဝတ်နေရေး ပြည့်စုံရန်နှင့် ရရှိလာသော စားစရာ၊ ဝတ်စရာ၊ နေစရာများသည် အရေအတွက်အားဖြင့်ဖြစ်စေ၊ အရည်အသွေးအားဖြင့်ဖြစ်စေ၊ လုံခြုံစိတ်ချရမှု Safety သည် အစိုးရတိုင်းအတွက်လည်း အရေးအကြီးဆုံးဖြစ်မည်ထင်ပါသည်။ အဆိုပါအခြေခံအချက်နှစ်ရပ်သည် ပြည်သူအတွက်ရော၊ အစိုးရအတွက်ပါ အရေးအကြီးဆုံး ဖြေရှင်း ရမည့်ကိစ္စဖြစ်လာပါသည်။

ကျွန်တော်တို့တွေက ကုန်ပစ္စည်းများကို စားဝတ်နေရေးအတွက် ထုတ်လုပ်ရာတွင် ကြည့်ပါက စားစရာမှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နနွင်း၊ ချင်း၊ အသားငါးနှင့် ဟင်းသီးဟင်းရွက်ဟူ၍ အခြေခံစားကုန် ၁၀မျိုးတွင် မိမိတိုင်းပြည်မှ မထုတ်လုပ်နိုင်သော ပစ္စည်းမရှိပါ။ ပိုလျှံသဖြင့် နိုင်ငံခြားသို့ တင်ပို့နေရပါသည်။ ဆီသာလျှင် အစားများလွန်းသဖြင့် ပြန်တင်သွင်းနေရခြင်းဖြစ်ပါသည်။ တင်ပို့ရာတွင်လည်း အများဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ အဆိုပါနိုင်ငံများအနက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများအနက် ကုန်သွယ်မှုအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

သူက ကျွန်တော်တို့၏ အားနည်းချက်ကို ခွင့်လွှတ်ပြီး အရည်အသွေးနိမ့်သော ကုန်စည်များကို ဝယ်ယူသည်၊ သို့သော် ဤသို့ အရည်အသွေးနိမ့် ကုန်စည်များကို ဝယ်ရသဖြင့် တရုတ်ကြီးက အနစ်နာခံခြင်း မဟုတ်ပါ။ သူတို့နိုင်ငံသို့ ကျွန်တော်တို့ တင်ပို့လိုက်သည့် ကုန်ကြမ်းသာသာ သာရှိသည့်ကုန်စည်များကို ပြန်လည်ပြုပြင်ပြီး လှလှပပ ထုပ်ပိုးကာ တရုတ်ပြည်မကြီး၊ ပြည်နယ်ခွဲလေးများ၊ အခြား ဒေသများနှင့် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ပြန်လည်တင်ပို့ ရောင်းချ နေပါသည်။ သူက ပိုတောင် အကျိုးရှိပါသည်။ အဘယ်ကြောင့်ပါနည်း၊ အရည်အသွေးမြင့် ကုန်မျိုးဖြစ်လာစေရန် နည်းပညာကောင်းကောင်းနှင့် ပြန်လည်ပြုပြင်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ရော အရည်အသွေးကောင်း ကုန်စည်များ မထုတ်လုပ်နိုင်ဘူးလား၊ ထုတ်လုပ်နိုင်ပါသည်။

သို့သော်-ဤသို့သော်က အရေးကြီးပါသည်။ ကျွန်တော်တို့၏ ကုန်ထုတ်လုပ်မှုတွင် ဆင်းရဲခြင်းက အရေးပါနေသလို၊ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသော ခေတ်များကလည်း အရေးပါနေပါသည်။ ဆိုရှယ်လစ်ခေတ်၊ ဆိုရှယ်လစ်စီးပွားရေးတွင် စိုက်ပျိုးရေးထွက်ကုန်များပါမကျန် အကန့်အသတ် အချုပ်အချယ် စည်းမျဉ်းစည်းကမ်း များဖြင့် ဝယ်ယူသိုလှောင် ရောင်းချ ပြည်ပတင်ပို့ခြင်းများကို ကန့်သတ်ခဲ့သဖြင့် တိုးတက်အောင်လုပ်ခြင်း၊ စံနစ်တကျ စာချုပ်စာတမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းများအစား ရှေးအစဉ်အလာဖြစ်သော ယုံကြည်မှုကိုအခြေခံပြီး အရေးယူမခံရရေး၊ အခွန်မထမ်းရရေးကိုသာ အဓိကထားပြီး၊ ကုန်သည်အများစုမှာ သိပ်သိပ်သည်းသည်းသာ လှုပ်ရှားရောင်းဝယ်ခဲ့ကြသဖြင့် ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာနှင့် လုပ်ငန်းများ မတိုးချဲ့ခဲ့ဘဲ ၁၉၈၈ ခုနှစ်ထိ တလှုပ်လှုပ်သာရှိခဲ့သည်ကို မြင်နေရပါသည်။

ထို့အပြင် ပစ္စည်း၏အရည်အသွေးထက် အရေအတွက်ကိုသာ အခြေခံထုတ်လုပ်သည့်စနစ်ဖြင့် လည်ပတ်နေရသဖြင့်စားသုံးသူအား ဦးစားပေးသည့် အခြေအနေမဟုတ်ဘဲ ထုတ်လုပ်သူက အဓိကကျသည့် အခြေအနေဖြစ်နေသည်ကိုတွေ့နေရပါသည်။ ထိုအခြေအနေဆိုးသည် စားသုံးသူအား ဦးစားပေးရသည့် ဈေးကွက်စီးပွားရေးစနစ်အကောင်အထည်ဖော်နေသည့် ယခုအချိန်ထိ ပြောင်းလဲလာသည့် ရေစီးကြောင်းနှင့်အညီ လိုက်မလုပ်နိုင်ဘဲ အရည်အသွေး ညံ့ညံ့ပစ္စည်းများကို ထုတ်လုပ်ပြီး အကျိုးအမြတ်များများကိုသာ လိုချင်နေသည့် ဝိသမ လောဘကုန်သည်များကျန်ရှိနေပြီး၊ ယင်းတို့သည် အစိုးရအား အခွန်မဆောင်လိုသည့် တရားမဝင်ကုန်စည် ကူးသန်းရောင်းဝယ်သူများအဖြစ်ဖြင့်သာ ဆက်လက်တည်ရှိနေသည်ကို တွေ့ရပါသည်။

သူတို့၏ လောဘများက အတောမသတ်သဖြင့် ဘယ်သူ သေသေ ငတေမာရင်ပြီးရော ဆိုသကဲ့သို့ အကျိုးအမြတ် များများကျန်ရေးသာ ဦးတည်ပြီး၊ စားသုံးသူများ၏ ကျန်းမာရေးကို မည်မျှပင် ထိခိုက်စေကာမူ မျက်ကွယ်ပြုကာ စီးပွားရေး မသမာမှုများ ပြုလုပ်နေကြပါသည်။ သူတို့ကို လုပ်ငန်းတူသူများက သတိထားမိနေမည်မှာ မလွဲပါ။ သို့သော် လုပ်ငန်းတူချင်း တိုင်ကြားဖို့ကို အားနာခြင်း၊ သူတို့၏စီးပွားရေးထိခိုက်မည်ကို စိုးရိမ်ခြင်းဟူသော တလွဲဆံပင် ကောင်းခြင်းများကြောင့် မသမာသူများ သက်ဆိုးရှည်နေသည်ကို တွေ့နေရပါသည်။

တပ်မတော်အစိုးရတက်လာပြီးနောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲရန်ဆောင်ရွက် ခဲ့ကြပါသည်။ ထိုအခြေအနေတွင်ပင် အစိုးရဌာနများအနေဖြင့် ဆန်စပါး၊ ပဲပြောင်းများကို ၁၉၉၉၊ ၂၀၀၀ ခုနှစ်အထိ ဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူသိုလှောင်ခြင်း၊ ပြည်ပတင်ပို့ခြင်းများကို လုပ်ခဲ့ကြပါသည်။ ၂၀၀၀ ခုနှစ် ရောက်မှသာ ပုဂ္ဂလိကကုန်သည်များအနေဖြင့် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှု စတင်ခဲ့ရပါသည်။ ၁၉၉၇-၉၈ ခုနှစ်အတွင်းကသာ နယ်စပ်ကုန်သွယ်မှုများတွင် သီးနှံများအား တရားဝင်တင်ပို့တင်သွင်းလျက်ရှိသည်ကို တွေ့ရပါသည်။ ၂၀၀၅ ခုနှစ်တိုင်အောင် နယ်စပ်ကုန်သွယ်မှုတွင် အစေ့ထုတ်ပြောင်းကို တစ်ဦးတည်း တင်ပို့မှုမှ မည်သူမဆို တင်ပို့မှုမျိုး စတင်ကြောင်းတွေ့ရပါသည်။ ဆန်ကို ၂၀၀၇၊ ၂၀၀၈ ရောက်မှ နယ်စပ်ကုန်သွယ်မှုမှ တရားဝင် တင်ပို့ခွင့်ပြုခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကုန်ထုတ်လုပ်သူများ၊ ကုန်သည်များ အနေဖြင့် ပြိုင်ဆိုင်မှုများ အရေးကြီးကြောင်း၊ တရားဝင် ပြိုင်ဆိုင်ရန်လိုကြောင်း၊ စနစ်တကျနှင့် နိုင်ငံတကာသို့ ထိုးဖောက်မှုမျိုးကို ဆောင်ရွက်နိုင်ရန် များစွာ ကြိုးစားရန် လိုကြောင်းများကို တွင်တွင်ကျယ်ကျယ် သိရန်၊ လေ့လာရန် များစွာ လိုပါသည်။ စီးပွားရေး အကျင့်စာရိတ္တ ကောင်းရန် လိုပါသည်။ ပြိုင်ဆိုင်ရာတွင် အရည်အသွေးကောင်းရေးမှာ အဓိကဖြစ်သည်ကို သိရှိထားရပေမည်။ ထို့ပြင် ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရန် လိုအပ်သည်ဟုလည်း ခံယူရန် လိုပါသည်။ အရည်အသွေးကောင်းလျှင် မည်သည့်နိုင်ငံသို့ပင် ပို့ပါစေ မျက်နှာငယ်စရာမရှိပါ။ နိုင်ငံခြားမှ အဝယ်လိုက်လာလျှင် ကျွန်တော်တို့က အညံ့များ ထိုးထည့်တတ်ကြသည်။ မကောင်းသော အကျင့်ဖြစ်သည်ကို ပြောစရာလိုမည်မထင်ပါ။ ယခုနှစ်တွင် ပဲဈေးနှုန်း တက်ပါသည်။ တက်သည်နှင့် အရောအနှောပြဿနာကို ကြားရပါသည်။ ထိုသို့ အညံ့များရောညှပ်သဖြင့် ယခုပင် မတ်ပဲကို အရည်အသွေး မကောင်းသဖြင့် သင်္ဘောစင်းလုံး ပြန်လွှတ်သည်ကို ကြားလာရပါသည်။ မည်သည့်နိုင်ငံ၊ မည်သည့်အရပ်ဒေသမှမဆို၊ စားသုံးသူတိုင်းသည် မိမိတို့ပေးရသည့် တန်ဖိုးငွေကြေးနှင့်ကိုက်ညီသည့် အရည်အသွေးရှိသော ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုမျိုးကိုသာ လိုချင်သည်၊ ရသင့်သည်ဆိုသည်မှာ ကိုယ်ချင်းစာတရားနှင့်ပင် စဉ်းစားလုပ်ကိုင်နိုင်ပါသည်။ ကျွန်တော်တို့အနေဖြင့် နောက်ကျနေသောနိုင်ငံ၏ စီးပွားရေးကို အလျင်အမြန် တိုးတက်လာစေရန်မှာ အရည် အသွေးကောင်းသည့် ထုတ်ကုန်များ၊ အရည်အသွေးကောင်းသည့် ဝန်ဆောင်မှုများဖြင့် နိုင်ငံတကာကို စိန်ခေါ်ပြီး ထုတ်လုပ်နိုင်မှ၊ ဝန်ဆောင်မှုပေးနိုင်မှ တော်ရုံကျမည်ထင်ပါသည်။ ကျွန်တော်တို့တွင် အရည်အသွေးမီ ကုန်စည်များထုတ်လုပ်နိုင်ရန်၊ ကျွန်တော်တို့တွင် အရည်အချင်းရှိသည့် လုပ်သားများနှင့်ကျွမ်းကျင်ပညာရှင်များရှိရပါမည်၊ နည်းပညာများ လည်း လိုအပ်ပါသည်၊ အရင်းအနှီးများလည်း လိုအပ်ပါသည်။ သို့သော်ရှေးဦးစွာ အရည်အသွေးကောင်းကောင်းကို ရှိသည့် အခြေအနေနှင့် ထုတ်လုပ်ပြီးမှ နောက်တစ်ဆင့်သို့ တက်သင့်ပါသည်။ ထို့နောက် အရည်အသွေးကောင်းသည့် ထုတ်ကုန်များ၊ အရည်အသွေးကောင်းသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ပြီဆိုလျှင် ကျွန်တော်တို့နိုင်ငံ တိုးတက်ပြီ ဟုခေါ်နိုင်ပြီထင်ပါသည်။

# ဝန်ထမ်းကောင်းတွေ ဆွဲဆောင်ထိန်းသိမ်းမယ်တဲ့လား



ခင်မောင်ညို(ဘောဂဗေဒ)

(၁)

တကယ်တော့ မရေးဘဲ နေမလို့ပါပဲ။ ဒါပေမယ့် ခုရက်ပိုင်းမှာ တွေ့နေရတာတွေကြောင့်၊ ပြောစရာတွေ ရှိလာလို့ ချရေးလိုက်တယ်။

(၂)

ဘောဂဗေဒမှာဖြစ်ဖြစ်၊ စီမံခန့်ခွဲရေးမှာဖြစ်ဖြစ်၊ သီအိုရီတွေ သဘောတရားတွေနဲ့ ကင်းလွတ်လို့မရဘူး။ သီအိုရီတွေ၊ သဘောတရားတွေအရေးမပါဘူး၊ လက်တွေ့မှာ ဘာမှ အသုံးမဝင်ဘူးလို့ ပြောတဲ့သူဟာ၊ ဘာသီအိုရီကိုမှ မသိတဲ့သူ၊ အနည်းဆုံး သူလုပ်ကိုင်ကျင့်သုံးနေတဲ့ သီအိုရီကိုတောင်မှ မသိတဲ့သူ ဖြစ်နိုင်တယ်။

ဒီလိုပဲ၊ သီအိုရီဘောင်ထဲမှာပဲနေ၊ စာအုပ်ကြီးတွေက ပြောတာကိုပဲ အသေ ဆုပ်ကိုင်ထားပြန်ရင်လည်း နောက်ထပ် အမှားတစ်ခုကို ကျူးလွန်ရာရောက်တယ်။

(၃)

ဝန်ထမ်းကောင်းတွေ ဆွဲဆောင်ထိန်းသိမ်းမယ်တဲ့လား

မကြားဘူးပါဘူး။

နေပါဦး၊ ဝန်ထမ်းကောင်းဆိုတာ၊ ဘယ်သူက အဓိပ္ပာယ်ဖွင့်ဆိုထားတာလဲ၊ ပိုင်ရှင်ကလား၊ မန်နေဂျာကလား၊ တခြားဝန်ထမ်းတွေကလား၊ ဝန်ထမ်းကောင်းတွေ ကိုယ်တိုင်ကလား?

လွယ်လွယ်ပြောရရင် ဝန်ထမ်းကောင်းဆိုတာ လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်တဲ့ စွမ်းရည်ရှိတဲ့သူပေ့ါ။

ဒါဖြင့် ဝန်ထမ်းကောင်း တစ်ယောက်ကို သတ်မှတ်ဖို့၊ အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်က ဘာလဲ။

အမြတ်ရဖို့လား၊ ဈေးကွက်ဝေစု ကြီးကြီးမားမားရဖို့လား၊ ဈေးကွက်ထဲ ဝင်ဖို့လား၊ အရောင်းမြှင့်တင်ဖို့လား?

နေ. . . နေကြပါဦး။

အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုရဲ့ ရည်ရွယ်ချက်နဲ့၊ လုပ်ငန်းပိုင်ရှင်တွေ၊ မန်နေဂျာတွေရဲ့ ရည်ရွယ်ချက်တွေတူသလား?

လွယ်လွယ်ပြောရင် တူတာပေ့ါ။ ဒါပေမယ့် လက်တွေ့မှာတော့မတူ။ ကိုယ့်အကျိုးစီးပွား၊ ကိုယ့်တစ်ဦးချင်း ရည်ရွယ်ချက်နဲ့ လုပ်ငန်းရဲ့အကျိုးစီးပွား ထပ်တူမကျတတ်ရုံမက၊ တစ်ခါတစ်ရံ ဆန့်ကျင်ဘက်တွေ၊ ပဋိပက္ခတွေပါ ဖြစ်နေတတ်သေး။

အဲဒီအခါမှာ သတ်မှတ်ရမယ့် ပေတံတွေ၊ ရည်မှန်းချက်တွေဆိုတာကိုကိုယ်တိုင်က မရှင်းလင်းလေတော့ ဝန်ထမ်းကောင်းဆိုတာ ကိုယ့်ရဲ့ဆန္ဒနဲ့ ကိုက်ညီတဲ့သူ၊ ကိုယ့်လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးတဲ့သူ ဖြစ်လာပါလေရော။

ဝန်ထမ်းကို ကြည့်ပြောရရင် သူနဲ့ဆက်နွယ်တဲ့ လုပ်ငန်းခွင်ထဲက တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နေတဲ့သူဖြစ်ဖို့ လိုတယ်။ ဒါထက် အရေးကြီးတာက သူဟာ ဝန်ထမ်းဆိုလေတော့ သူ့အထက်လူရဲ့ မျက်နှာကိုကြည့်ပြီး ပေါင်းသင်းဆက်ဆံရေး ကောင်းဖို့လိုတယ်။ ပြီးတော့ လုပ်ငန်းနယ်ပယ်တစ်ခုထဲက လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆက်ဆံရေး ကောင်းဖို့ လိုတယ်။ သူတစ်ယောက်ထဲ ကျွမ်းကျင်နေပေမယ့် အများနဲ့ အလုပ်လုပ်ရတဲ့အခါ၊ အဆင်မပြေရင် ဘယ်လိုမှ အလုပ်လုပ်လို့မရ။ အထက်လူနဲ့ အဆင်မပြေရင် သူတို့အထက်လူတွေ၊ ကြီးကြပ်ရေးမှူးတွေ၊ မန်နေဂျာတွေက၊ ဝန်ထမ်းကောင်းလို့ သတ်မှတ်မယ်မထင်။ နီးရာဓား ကြောက်ရတယ် မဟုတ်လား။

ဒါကြောင့် အခုထိ ဝန်ထမ်းကောင်းတွေကို တန်ဖိုးထားကြတယ်လို့မထင်ပါ။ ဒီတော့ ဝန်ထမ်းကောင်းတွေမရ၊ ရပြန်ရင်လည်း တော်ရာ ချောင်ထိုး၊ ကိုယ်ယုံကြည်စိတ်ချတဲ့ ရွက်ကြမ်းရည်ကျိုတွေနဲ့ အလုပ်လုပ်။ ဝတ်ကျေတန်းကျေတွေ အလုပ်လုပ်။ သာမန်အဆင့် ရလဒ်တွေ ထွက်ပေါ်၊ ဒုံရင်း ဒုံရင်းအဆင့်က မတက်နိုင်။ နောက်ကျ ကျန်နေရစ်ကုန်ကြတယ်လို့ ထင်ပါတယ်။

ဝန်ထမ်းတွေကလည်း ကောင်းချင်ယောင်ဆောင်ကြ၊ အတုအယောင်ကောင်းပြ၊ တကယ်တမ်း လေထဲမိုးထဲမှာကျတော့ တကယ်အလုပ်မဖြစ်တဲ့သူတွေကြားထဲမှာ၊ ကောင်းချင်တဲ့သူတွေ၊ ကောင်းမယ့်သူတွေ၊ နေရာမရဖြစ်ကုန်နိုင်ပါတယ်။ ဘယ်လိုလုပ်ပြီး သူတို့ကိုဆွဲဆောင်နိုင်၊ ထိန်းသိမ်းနိုင်မလဲ။

တကယ်ပဲ ဝန်ထမ်းကောင်းတွေဆွဲဆောင်ကြ၊ ထိန်းသိမ်းကြတော့မှာလား?

# မြန်မာ့သရက်ပွဲတော်မှသည် ပြည်တွင်း/ပြည်ပ ဈေးကွက်ချဲ့ထွင်ရေးသို့

|တင်မာကြည်|

(ယခင်တစ်ပတ်မှအဆက်)

**အရောင်းပြခန်းများ**

ဒုတိယအကြိမ် သရက်ပွဲတော်မှာ MFVP အသင်းဝင်များဖြစ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ သရက်သီးအစုအဖွဲ့များ၏ ဒေသထွက် သရက်သီးအရောင်းပြခန်းများ၊ MFVP နဲ့ဆက်နွယ်နေတဲ့ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဝါးအသင်း၊ မြန်မာနိုင်ငံ ကော်ဖီအစုအဖွဲ့၊ မြန်မာနိုင်ငံ လက်ဖက် အစုအဖွဲ့ စတဲ့ အသင်းအဖွဲ့ များမှ အရောင်းပြခန်းများ ခင်းကျင်းပြသရောင်းချခဲ့ပါတယ်။ ဒီလိုရောင်းချခဲ့တဲ့အတွက် သရက်ပြပွဲကို လာရောက်လေ့လာသူများ၊ စားသောက်ကုန်ထုတ်လုပ်သူများ၊ မုန့်လုပ်ငန်းလုပ်ကိုင်သူများနဲ့ အိမ်ရှင်မများပါ အလွယ်တကူ ဝယ်ယူနိုင်ခဲ့ပါတယ်။ အသင်းအဖွဲ့များနဲ့လည်း ချိတ်ဆက်ရောင်းဝယ်ခြင်းကို ပြုလုပ်နိုင်ခဲ့ပါတယ်။

**သရက်ပညာပေးဆွေးနွေးခန်း**

သရက်ပညာပေးဆွေးနွေးခန်းကတော့ ဒုတိယအကြိမ် သရက်ပွဲတော်ကို တက်ရောက်လာတဲ့ တိုင်းနဲ့ပြည်နယ်အသီးသီးမှ သရက်အစုအဖွဲ့များ၊ သရက်စိုက်တောင်သူများ၊ လေ့လာသူများအနေနဲ့ သရက် စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့အခက်အခဲများ၊ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးနိုင်တဲ့ နေရာလေးဖြစ်ပါတယ်။ အပင်ရောဂါကာကွယ်ရေးဌာနနဲ့ အခြားအဖွဲ့မှ ပညာရှင်များဟာ သရက်အထူးကု ဆရာဝန်များအနေနဲ့ ပါဝင်အားဖြည့်ထားပါတယ်။ ဒီပြခန်းမှာ သရက်ပင်များ ကိုင်းကူး၊ ကိုင်းဆက်နည်းများ ကိုလည်း လက်တွေ့ပြသထားပါတယ်။ သရက်ပိုးမွှားကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးသုံးစွဲနည်းများကို မေးမြန်းပြီး ပညာရှင်များထံမှ အကြံပြုချက်များ တောင်းခံနိုင်ပါတယ်။

**သရက်သီးလေလံပွဲ**

သရက်သီးပွဲတော် ဒုတိယနေ့ဖြစ်တဲ့ မေလ ၂၄ ရက်နေ့ နေ့လယ် ၂း၀၀ နာရီအချိန်မှာ သရက်သီးအမျိုးပေါင်း ၁၉၀ ကျော် ပါဝင်တဲ့ သရက်သီးပဒေသာခြင်း ငါးခြင်း၊ ဆုရပြိုင်ပွဲဝင် သရက်သီးများ၊ ပြခန်းတွင် အလှဆင်ပြသထားသော သရက်သီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများမှ သရက်သီးများကို လေလံတင်ရောင်းချခဲ့ပါတယ်။ သရက်သီးလေလံပွဲမှ ရရှိတဲ့ အကျိုးအမြတ်များကို သရက် တောင်သူများ ပညာရေးရန်ပုံငွေအတွက် ပေးလှူသွားမယ်လို့ သိရပါတယ်။

**သရက်ပွဲတော်မှသည် ဥရောပဈေးကွက်ဆီသို့**

ဤသရက်ပွဲတော်မှာ မြန်မာ့သရက်မျိုးများ၏ ထူးကဲသည့် အရသာ၊ အသား၊ ပုံသဏ္ဍာန်၊ အရွယ်အစား၊ အရောင်အဆင်းတို့ကို လက်တွေ့လေ့လာနိုင်တဲ့အတွက် မြန်မာ့နာမည်ကျော်သရက်သီးအတွက် နိုင်ငံတကာဈေးကွက်လိုအပ်ချက်နဲ့ အရည်အသွေးတို့ကို သတိထား အလေးပေးမှုမြင့်တက်စေပါတယ်။ သရက်စိုက်သူ၊ ရောင်းသူ၊ ထုတ်လုပ်သူ၊ နိုင်ငံခြားဈေးကွက်သို့ တင်ပို့သူတို့အတွက် အတွေ့အကြုံတွေ၊ အမြင်တွေ ဖလှယ်နိုင်တဲ့ အကောင်းဆုံး အခွင့်အရေးကြီးလည်းဖြစ်ပါတယ်။ သရက်ထုတ်လုပ်သူများအနေနဲ့ ၎င်းတို့ထုတ်ကုန်များကို လက်ကားဖြန့်ချိသူများသို့ မိတ်ဆက်တင်ပြနိုင်တဲ့ အခွင့်အရေးတစ်ခုလည်းဖြစ်ပါတယ်။ မြန်မာ့သရက်ကို ပြည်တွင်းဈေးကွက်တိုးချဲ့နိုင်ရန်နဲ့ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန်မှာ စားသုံးသူတို့၏ လိုအပ်ချက်၊ ကြိုက်နှစ်သက်မှုများ၊ ပြည်ပဈေးကွက် တောင်းဆိုချက်များကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်ဖို့လိုပါတယ်။ အားနည်းမှုများရှိနေတဲ့ သရက်စိုက်ပျိုးနည်းစနစ်၊ ရိတ်သိမ်းချိန်လွန်နည်းပညာ လိုအပ်ချက်တွေကြောင့် ဈေးကွက်စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရတဲ့ မြန်မာ့သရက်အတွက် ဒီသရက်ပွဲတော်မှာ ပြည်တွင်း/ပြည်ပ ကျွမ်းကျင်ပညာရှင်များမှ အရည်အသွေးပြည့်မီပြီး အထွက်နှုန်းကောင်းစေသည့် စိုက်ပျိုးနည်းစနစ်များ နိုင်ငံတကာမှ လိုက်နာကျင့်သုံးနေသော GAP စိုက်စနစ်နဲ့ အော်ဂဲနစ်အသုံးပြုတဲ့ စိုက်ပျိုးခြင်းနည်းစနစ်များ၊ ဈေးကွက်လိုအပ်ချက် စံအရည်အသွေးများ၊ စားသုံးသူတို့၏ ကြိုက်နှစ်သက်မှုများ၊ ပြည်ပဈေးကွက် တောင်းဆိုချက်များကို ဆွေးနွေးတင်ပြသွားတဲ့အတွက် ဗဟုသုတများကို တိုးပွားစေပါတယ်။ သရက်စိုက်ပျိုးထုတ်လုပ်သူများအနေနဲ့ ရရှိတဲ့ဗဟုသုတများကို လက်တွေ့အသုံးချပြီး မိမိတို့သရက်လုပ်ငန်း နောက်တစ်ဆင့်တက်လှမ်းနိုင်ကာ အာရှဈေးကွက်၊ ဥရောပဈေးကွက်ဆီသို့ ချိတ်ဆက်တင်ပို့နိုင်ရန်ကြိုးပမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း။

**Source: ၂၀၁၅ ခုနှစ်၊ မေလ ၂၃ရက်မှ ၂၅ရက်နေ့အထိ ကျင်းပခဲ့သော မြန်မာသရက်သီးပွဲတော်နှင့် စာတမ်းဖတ်ပွဲ အတွေ့အကြုံများ။**

## ပြောင်း



### ပြောင်းဈေးအနည်းငယ်တက်

မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းများမှ ဇွန်လ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၆၇၈ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၂၆၇၀ တန်နီးပါး တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၁၃၀၃ တန်ကျော်၊ လွယ်ဂျယ်မှ တန် ၁၀၀၀ နဲ့ ကန်ပိုက်တီးမှ ၃၆၆ တန်ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၀၈၅၆ တန်၊ လွယ်ဂျယ်မှ တန် ၂၀၀၀ နဲ့ ကန်ပိုက်တီးမှ တန် ၁၉၀ ဖြစ်ပါတယ်။ တရုတ်နယ်စပ်မှ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ပြောင်းတန်ချိန် ၆၂၆၀၀ ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇွန်လ ၃၀ ရက်နေ့က ပြောင်းဆန်တစ်အိတ်ကို ပျမ်းမျှ အနိမ့်ဆုံး ၂၇၀၀၀ ကျပ်မှ အမြင့်ဆုံး ၂၇၅၀၀ ကျပ်ရှိခဲ့ပြီး မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၄၈၉၈၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၆၈၂၀၈ ကျပ်သို့ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ တရုတ်ဘက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရောင်းအဝယ် အနေဖြင့် ၁၀၀ ကီလိုဂရမ်ကို ယွမ် ၂၀၀ ဈေးပေါက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်သို့ သကြားတင်ပို့

ဇွန်လ ၂၀ ရက်မှ ၂၆ရက်ထိကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ သုည ဒသမ ၂၇၅ သန်းတန်ဖိုးရှိ သကြားဖြူ ၄၅၈ တန်တင်ပို့ခဲ့ပါတယ်။

ဇွန်လတစ်လလုံးမှာ ကန်ဒေါ်လာ ၁ ဒသမ ၉၉၅ သန်းတန်ဖိုးရှိ သကြားဖြူ ၃၃၂၅ တန်၊ ကန်ဒေါ်လာ သုည ဒသမ ၁၃၇ သန်းတန်ဖိုးရှိ သကြားညို ၂၃၆ တန်ခွဲ တင်ပို့နိုင်ခဲ့ပြီး သကြားတစ်ပိဿာ ပေါက်ဈေးကတော့ ၁၀၀၀ကျပ်နဲ့၁၁၀၀ကျပ်ကြား ရှိတယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

| ၂၉-၆-၂၀၁၅ မှ ၃-၇-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 179 | 12,123,316.799 |
| 2 | Form D | 36 | 1,541,375.050 |
| 3 | Form E | 74 | 1,571,155.450 |
| 4 | Korea GSP | 1 | 35,707.230 |
| 5 | Form AK | 34 | 2,281,035.559 |
| 6 | Form AJ | 7 | 340,570.580 |
| 7 | Form AI | 61 | 1,550,787.150 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **392** | **19,443,947.818** |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှု လျော့ကျ

ဇွန်လ ၂၁ ရက်မှ ၂၇ ရက်နေ့ထိ ရက်သတ္တပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာ တန် ၂၅၀ ခန့်ကို စင်ကာပူနဲ့ မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံကို ကန်ဒေါ်လာ သုည ဒသမ ၂၆၅ သန်းဖိုးရှိ MSR-20 ၂၁၂ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကတော့ စင်ကာပူနိုင်ငံကို တန်၄၉၀ ခန့်တင်ပို့နိုင်ခဲ့လို့ ၂၇၈ တန် လျော့နည်းခဲ့ပါတယ်။ မလေးရှားနိုင်ငံကို ကန်ဒေါ်လာ ၂၇၀၀၀ ဖိုးရှိ RSS-3 တန် ၂၀နဲ့ ကန်ဒေါ်လာ ၂၁၆၀၀ ဖိုးရှိ MSR -20 ၁၈ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၂ တန်ခန့် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးအပြောင်းအလဲ အတက်အကျအနည်းငယ်သာရှိပါတယ်။ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာများကိုတော့ ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ချက်အရ သိရှိရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၅၀-၁၆၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၀၀-၁၆၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### နယ်စပ်ရော်ဘာဈေး ဆက်လက်မြင့်တက်

ဇွန်လစတုတ္ထပတ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၈၆၈ သန်းဖိုးရှိ ရော်ဘာ ၁၃၃၉ တန်ကျော်ကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ စခန်းတစ်ခုချင်းစီရဲ့ တင်ပို့မှုတွေကတော့ မူဆယ်မှ RSS-3 ၇၅၁ တန်ကျော်၊ RSS-5 ၃၂ တန်၊ MSR-20 ၁၆ တန်ကျော်နဲ့ MSR-50 ၉၇ တန်ဖြစ်ပါတယ်။ချင်းရွှေဟော်စခန်းမှ RSS-3 ၂၀၂ တန်ကျော်၊ MSR-20တန် ၁၉၀နဲ့ တာချီလိတ်စခန်းမှ Latex 60% DRC တန်၅၀ ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်ရဲ့ ရော်ဘာဈေး ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရှိရပါတယ်။ RSS-3 တစ်တန် ကို ယခင်တစ်ပတ်က ၁၅၅၉၃၁၇ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၅၉၄၆၂၃ ကျပ်သို့ ဈေးမြင့်လာတာဖြစ်ပါတယ်။ မြိတ်နဲ့ မော်လမြိုင် ဒေသပေါက်ဈေးတွေကတော့ အတက်အကျမရှိဘဲ ဈေးငြိမ်လျက်ရှိနေပါတယ်။ မြိတ်မှာ RSS-3 တစ်ပေါင် ၆၈၁ ကျပ်နဲ့ မော်လမြိုင်မှာ RSS-3 တစ်ပေါင် ၇၉၀ ကျပ်ဖြစ်ပြီး ဇွန်လဆန်းမှာဖြစ်ပေါ်ခဲ့တဲ့ အမြင့်ဈေးနဲ့ ရပ်တည်နေတာဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## သံမဏိတင်သွင်းမှုအပေါ် သွင်းကုန်ခွန် တစ်ပတ်အတွင်း တိုးမြှင့်ကောက်ခံရန် အိန္ဒိယနိုင်ငံဆုံးဖြတ်

သံမဏိတင်သွင်းမှုအပေါ် သွင်းကုန်ခွန်များကို တစ်ပတ်အတွင်း တိုးမြှင့် ကောက်ခံရန် အိန္ဒိယနိုင်ငံ အကြီးစား စက်မှုလုပ်ငန်းများနဲ့ ပြည်သူပိုင်လုပ် ငန်းများဝန်ကြီးဌာန ဝန်ကြီး Anant Geete က ပြောကြားလိုက်ပါတယ်။

ထိုကဲ့သို့ တိုးမြှင့်စည်းကြပ်ရန် ဆုံးဖြတ်ရခြင်းမှာ ပြည်တွင်းထုတ်လုပ်သူများအား ပြည်ပနိုင်ငံများ ဥပမာအားဖြင့် တရုတ်၊ ရုရှားတို့မှ တင်သွင်းခြင်းကို ကာကွယ်ပေးရန် ဖြစ်တယ်လို့ ဝန်ကြီးက ပြောကြားပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်ကလည်း ပြည်ပမှ သံမဏိအများအပြား တင်သွင်းခြင်းကို ဟန့်တားတဲ့အနေနဲ့ အစိုးရက သံပြားတင်သွင်းခြင်းအပေါ် ၇ ဒသမ ၅ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း၊ သံချောင်းလုံး တင်သွင်းခြင်းကို ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ သွင်းကုန်ခွန်များကို အသီးသီး မြှင့်တင်ထားပြီးဖြစ်ပါတယ်။

ပြည်တွင်းမှသံမဏိကုမ္ပဏီများဖြစ်တဲ့ Ta Ta Steel Co., JSW Steel Ltd နဲ့ Kalyani Steels Ltd ကဲ့သို့သော ကုမ္ပဏီအများ အပြားဟာ ပြည်ပမှ သံမဏိတင်သွင်းမှု များပြားလွန်းတဲ့အတွက် အမြတ်အစွန်း နည်းနေတယ်လို့ သိရပါတယ်။

အကြီးစား စက်မှုလုပ်ငန်းများ ဝန်ကြီးဌာနဝန်ကြီးနဲ့ ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးတို့တွေ့ဆုံပြီး ပြည်ပမှ အိန္ဒိယသို့ တင်သွင်းတဲ့ သံမဏိရဲ့ အရည်အသွေးကို စစ်ဆေးဖို့လိုအပ်ကြောင်းပြောကြားသွားမယ်လို့ မွမ်ဘိုင်းမှာပြုလုပ်တဲ့ စက်မှုလုပ်ငန်းများ ကွန်ဖရင့်မှာ မီဒီယာတွေကိုပြောကြားခဲ့ပါတယ်။

**CMK**



# ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မတ်ပဲဈေးနှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မတ်ပဲဈေး စိစစ်သုံးသပ်ချက်

ကျော်မြင့်

**ယခင်အပတ်မှ အဆက်**

ဖော်ပြထားသော ပုံ-၇ အရ ၂၀၀၈ ခုနှစ်တွင် ငွေကြေးဖောင်းပွမှု ပါဝင်သော (Nominal price)ရန်ကုန်မတ်ပဲဈေးသည် ငွေကြေးဖောင်းပွမှုမပါဝင် သောဈေး (Real price) ထက် ၅ ရာခိုင်နှုန်းပိုမြင့်မားပြီး ၂၀၁၄ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုပါဝင်သော (Nominal price) ရန်ကုန်မတ်ပဲဈေးသည် ငွေကြေး ဖောင်းပွမှု မပါဝင်သောဈေး (Real price) ထက် ၂၇ ရာခိုင်နှုန်းပို၍ မြင့်မားလာသည်။ အဓိက အကြောင်းရင်းမှာ ငွေကြေးဖောင်းပွမှုများလာသောကြောင့် ဖြစ်သည်။

**ပုံ ၈။ ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nominal price) ၂၀၀၈ မှ ၂၀၁၄ ထိ**




**ပုံ ၉။ ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) ၂၀၀၈ မှ ၂၀၁၄ ထိ**




ဇာစ်မြစ်၊ www.etrademyanmar.com

ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nominal price) နှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) ကိုသိသာ ပေါ်လွင်စေရန် ဖော်ပြသော ပုံ-၈ နှင့် ပုံ-၉ တွင် စကေးတူ (The same scale) ထားပြီး နှိုင်းယှဉ်ဖော်ပြထားပါသည်။ ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nominal price) သည် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) ထက်မြင့်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

**ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nomi-nal price) နှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price)**

ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nominal price) နှင့် ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Real price) ကို ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိနှစ်အလိုက် ပျမ်းမျှအဖြစ် ဇယား-၁ တွင်ဖော်ပြ ထားပါသည်။ ၂၀၀၈ ခုနှစ်တွင် ငွေကြေး ဖောင်းပွမှုပါဝင်သော ဈေးနှင့် ငွေကြေး ဖောင်းပွမှုမပါဝင်သော ဈေးကွာခြားချက်မှာ တစ်ပိဿာ ၄၅ ကျပ်ဖြစ်ရာမှ ၂၀၁၄ ခုနှစ်တွင် ၃၁၉ ကျပ်ထိဖြစ်လာသည်ကို စိစစ်တွေ့ရှိရသည်။

**ဇယား၁။ ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မှ မတ်ပဲဈေး (Nominal price) နှင့် ငွေကြေးဖောင်းပွမှု မပါဝင်သောရန်ကုန်မှမတ်ပဲဈေး (Real price)နှစ်အလိုက် နှိုင်းယှဉ်ချက်**

| ခုနှစ် | ငွေကြေး ဖောင်းပွမှု ပါဝင်သော ရန်ကုန် မတ်ပဲဈေး (Nominal price) | ငွေကြေး ဖောင်းပွမှု မပါဝင်သော ရန်ကုန် မတ်ပဲဈေး (Real price) | ကွာ ခြား ချက် | ကွာ ခြား ချက် |
|---|---|---|---|---|
| | ကျပ်=ပိဿာ | ကျပ်=ပိဿာ | ကျပ်=ပိဿာ | ကျပ်=မတန် |
| ၂၀၀၈ | ၈၆၉ | ၈၂၄ | ၄၅ | ၂၇၅၆၃ |
| ၂၀၀၉ | ၁၀၉၈ | ၁၀၂၁ | ၇၇ | ၄၇၁၆၃ |
| ၂၀၁၀ | ၁၄၀၃ | ၁၂၂၁ | ၁၈၂ | ၁၁၁၄၇၅ |
| ၂၀၁၁ | ၉၈၀ | ၈၁၁ | ၁၆၉ | ၁၀၃၅၁၃ |
| ၂၀၁၂ | ၇၃၉ | ၆၀၂ | ၁၃၇ | ၈၃၉၁၃ |
| ၂၀၁၃ | ၈၆၂ | ၆၆၆ | ၁၉၆ | ၁၂၀၀၅၀ |
| ၂၀၁၄ | ၁၁၈၈ | ၈၆၉ | ၃၁၉ | ၁၉၅၃၈၈ |
| ၂၀၁၄>၂၀၀၈ | ၃၇% | ၅% | | |

**မှတ်ချက်၊ ၁ မတန်= ၆၁၂ ဒသမ ၅ ပိဿာ**

ဇယား-၁ အရ ၂၀၁၄ ခုနှစ် ငွေကြေးဖောင်းပွမှုပါဝင်သော ရန်ကုန်မတ်ပဲဈေး (Nominal price)သည် ၂၀၀၈ ခုနှစ်ထက်၃၇ ရာခိုင်နှုန်းဈေးပိုမြင့် လာပြီး ၂၀၁၄ ခုနှစ်တွင် ငွေကြေးဖောင်းပွမှု မပါဝင်သော ရန်ကုန်မတ်ပဲဈေး (Realprice) သည် ၂၀၀၈ ခုနှစ်ထက် ၅ ရာခိုင်နှုန်းသာ ဈေးပိုမြင့်လာသည်ဟု စိစစ်ရရှိပါသည်။

ငွေကြေးဖောင်းပွမှုမပါဝင်သော ရန်ကုန်မတ်ပဲဈေးသည်လည်း ၂၀၁၀ ခုနှစ်တွင် ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင် ဈေးကျသွားခဲ့ သည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အခြေအနေကို နှိုင်းယှဉ် ပါက ရောင်းဝယ်သူ များ၊ ပြည်ပတင်ပို့သူများသည် ငွေကြေးဖောင်းပွမှုကြောင့် မတ်ပဲရောင်းဝယ်မှု လုပ်ငန်းတွင် မြန်မာကျပ်ငွေကို ပိုမိုသုံးစွဲရသည့်အခြေအနေဖြစ်လာကြောင်း စိစစ်သုံးသပ်ရရှိပါသည်။

---

# တိကျစွာတိုင်းတာမှုပညာ တိုးတက် ဖွံ့ဖြိုးလာဖို့ အခွင့်ခွင့်နှင့် မြန်မာနိုင်ငံ အခြေအနေ

|ဒေါက်တာသစ်သစ်လွင်|

**(ယခင်တစ်ပတ်မှအဆက်)**

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်နေသည်ကို ကုစားရန်မှာ ပို့ကုန်မြှင့်တင်ရေးမှတစ်ပါး အခြားမရှိသည်ကို အများသိရှိပြီးဖြစ်ပါသည်။ စာရေးသူအထက်တွင် တင်ပြခဲ့သည့်အတိုင်း ကမ္ဘာ့ကုန်သွယ်ရေးနှင့်ချိတ်ဆက်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကစိန်ခေါ်မှုမှာ စံချိန်စံညွှန်းတိကျစွာတိုင်းတာမှုပညာ၊ စမ်းသပ်စစ်ဆေးမှုနှင့် အရည်အသွေးဆိုင်ရာ စွမ်းရည်များမရှိမှုဖြစ်သည်ကို လေ့လာမှုများမှ သိရှိပြီးဖြစ်ကြပါသည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးဥပဒေထုတ်ပြန်လက်ခံပြောင်းလဲကျင့်သုံးပြီးဖြစ်သော မက်ထရစ်စနစ်ကိုပင် မကျင့်သုံးနိုင်သေးရာ မိမိကဲ့သို့ဖွံ့ဖြိုးဆဲနိုင်ငံများထက်ပင် တိကျစွာ တိုင်းတာမှုပညာ၌ ပိုမိုခေတ် နောက်ကျကျန်ခဲ့သည့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးဆီသို့ လက်လှမ်းမီရန်မှာ စိန်ခေါ်မှုကို ထပ်ဆင့်တိုးစေပါသည်။

ယင်းအခြေအနေများကို လေ့လာသုံးသပ်ကြည့်ပါက အနောက်နိုင်ငံ များ၏ စက်မှုတော်လှန်ရေးကာလ နောက်ပိုင်းတိုးတက်လာသည့် ခေတ်ပညာများကို သင်ယူရန် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ကြိုးပမ်းမှုအနည်းငယ် ရှိခဲ့သည်မှအပ လက်လှမ်းမမီခဲ့ခြင်း၊ အင်္ဂလိပ်ခေတ်ပညာရေးတွင်လည်း ကိုလိုနီယန္တရားကို အထောက် အကူပြုနိုင်ရန် အိုင်စီအက်စ်အရာရှိလောင်းများ ဖြစ်လာနိုင်မည့် ဝိဇ္ဇာ၊ ဥပဒေနှင့်အုပ်ချုပ်ရေး ပညာတတ်များကိုသာ အဓိကထားမွေးထုတ်ခဲ့ရာ မြန်မာပညာတတ်များအနက် စက်မှုဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် သိပ္ပံနှင့်အင်ဂျင်နီယာ ပညာတတ်များ နည်းပါးခြင်းတို့မှစ၍ တဖြည်းဖြည်း ကွာဟလာခဲ့ပါသည်။

ထပ်ဆင့်၍ ဆုံးရှုံးခဲ့ရသည်မှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း သိပ္ပံသုတေသနဌာနများ တည်ထောင်ပြီး ခေတ်ပညာသင်ယူရန် နိုင်ငံရပ်ခြားသို့ စေလွှတ်မှုများ ရှိခဲ့သော်လည်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိပြီးနောက် သိပ္ပံပညာရှင်များအတွက် လေ့လာတိုးတက်နိုင်မည့် ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးမပေးနိုင်ခြင်း၊ ပညာရှင်များ၏ ပင်ကိုယ်သဘာဝအရ ပညာရပ်အပေါ် နိုင်ငံရေး၊ စီးပွားရေးစသည့် အခြားသောစွက်ဖက်မှုများကို မနှစ်သက်ခြင်းတို့ကြောင့် မြန်မာပြည်တွင် ရပ်တည်လိုမှုနည်းပါးလာပြီး “ဦးနှောက်ယိုစီးမှု ”ကြီးမားစွာဖြစ်ပေါ်ကာ ပညာရှင်အရေအတွက်ခါးဆက်ပြတ်ခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။ လက်ကျန်ပညာရှင်အများစုမှာလည်း ရပ်တည်မှုအတွက် ပညာရှင်စိတ်ဓာတ်ကို နှိမ့်ချထားခဲ့ကြရသဖြင့် ပြုပြင်ပြောင်းလဲသင့်သည်ကို ပညာရှင်များ၏ အကြံဉာဏ်ဖြင့် အစိုးရနှင့်ပူးပေါင်း၍ ဥပဒေပြုကာ ရဲရဲဝံ့ဝံ့တင်ပြပြောင်းလဲမှု မပြုနိုင်ခဲ့သဖြင့် မြန်မာ့တိုင်းတာမှုစနစ်သည် နိုင်ငံတကာနှင့်အဆက်ပြတ်ပြီး ခေတ်နောက်ကျကျန်ခဲ့ရခြင်းဖြစ်ပါသည်။

မကြာမီ နောင်လာနောက်သားတို့က စာရေးသူတို့ခေတ်လူများ၏ တာဝန်ပျက်ကွက်မှုကို တွေ့ရှိအပြစ်တင်ကြပါလိမ့်မည်။ ဤတာဝန်သည် အစိုးရနှင့်သက်ဆိုင်ရာပညာရှင်များ အမြန်ဆုံးပူးပေါင်းဆောင် ရွက်ရမည့် တာဝန်ဖြစ်ပါသည်။ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲမှု စတင်ခဲ့သည်မှာ ငါးနှစ်နီးပါးခန့်ရှိပြီဖြစ်ရာ ခေတ်နောက်ကျလျက်ရှိ သည့် တိုင်းတာမှုစနစ်ဆိုင်ရာ အခန်းကဏ္ဍကို ခေတ်မီစေရန် ကြိုးပမ်းရမည့် အခန်းကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ရာ၌ အတားအဆီးဖြစ်လေ့ရှိသည်မှာ လူ့သဘာဝအရ ခေတ်နောက်ကျသည့်စနစ်ဟောင်းနှင့်ကျင့်သားရနေသော လူနည်းစုပြည်သူအချို့ထံမှ စနစ်သစ်ကို ပြောင်းလဲလက်ခံရန် အသင့်မဖြစ်နိုင်သဖြင့် ကန့်ကွက်ခြင်း သို့မဟုတ် လက်မခံခြင်း ရှိနိုင်သော်လည်း တာဝန်ရှိသော သက်ဆိုင်ရာဌာနများမှာ မှန်ကန်စွာ တွေးခေါ်သုံးသပ်၍ ပြောင်းလဲမှုဖြစ်ပေါ်လာရန်ရဲဝံ့စွာ ဆောင်ရွက်သင့်ပါသည်။ ပြည်သူများကိုလည်း နားလည်လက်ခံလာအောင် ရှင်းလင်းတင်ပြခြင်းဖြင့် ညင်သာစွာ စည်းရုံးဆောင်ရွက်သင့်ပါသည်။ ယခုကိစ္စကဲ့သို့ နည်းပညာဆိုင်ရာ ပြောင်းလဲမှုများအတွက် အများလက်ခံမှု ရရှိနိုင်ရန်မှာ သက်ဆိုင်ရာဌာနအနေဖြင့်

- အများပြည်သူ လွယ်ကူစွာ ပြောင်းလဲကျင့်သုံးနိုင်မည့် အစီအမံများကြိုတင်စီမံခြင်း၊
- မှီငြမ်းကိုးကား တိုက်ဆိုင်စစ်ဆေးရမည့် စံချိန်စံညွှန်းများကို ပြည်သူများ လွယ်ကူစွာ ရယူအသုံးပြုနိုင်ရန် စီမံခြင်း၊
- ခါးဆက်ပြတ်နေသည့် ပညာရှင်ကဏ္ဍကို စနစ်တကျမွေးထုတ်သင်ကြားပေးခြင်း
- အစိုးရအနေဖြင့် နယ်ပယ်အနှံ့အခြေခံအဆောက်အအုံ မတည်ဆောက်နိုင်သည့် လုပ်ငန်းများတွင် ပုဂ္ဂလိက-အစိုးရ-စီးပွားဖက် (Private-Public-Partnership) အစီအစဉ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများကို ခန့်အပ်၍ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်းဖြင့် အတိုင်းအတာတစ်ခုအထိ လွယ်ကူချောမောစွာ ပြောင်းလဲကျင့်သုံးနိုင်မည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

အချုပ်အားဖြင့် အင်္ဂလိပ်ကိုလိုနီခေတ်တွင် ကျန်ရစ်ခဲ့သော မြန်မာတို့၏ တိုင်းတာမှုစနစ်ကို ဥပဒေသတ်မှတ်၍ အမြန်ဆုံးပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဖြစ်ကြောင်းနှင့် ယင်းတိုင်းတာမှုစနစ်အတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် အရေးပေါ် လိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

# ပြည်သူ့ဗဟိုပြု ၂၀၁၅ အလွန် အာဆီယံစားသုံးသူကာကွယ်ရေး အစီအစဉ်အား ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်

အာဆီယံဒေသတွင်းတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများသည် တစ်စုတစ်စည်းတည်းဖြစ်သော ဈေးကွက်အား ချောမွေ့စွာလည်ပတ်နိုင်စေရန် အရေးပါလှပါသည်။ စားသုံးသူကာကွယ်ရေးသည် စားသုံးသူများအတွက် အကျိုးကျေးဇူးများစွာရရှိစေမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့ဝယ်ယူမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအား မှန်ကန်စွာရွေးချယ်ဝယ်ယူတတ်စေရန် ပြည့်စုံသော သတင်းအချက်အလက်များရရှိနိုင်သည့် အခွင့်အရေးကို ရယူပိုင်ဆိုင်နိုင်ခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းကို တိုးတက်စေရန် ပြည့်စုံလုံလောက်သောလုပ်ငန်းစဉ်များရှိခြင်း၊ တိုင်တန်းမှုများ ပြုလုပ်သည့်အခါ ထိရောက်သော အရေးယူဆောင်ရွက်သည့် လုပ်ငန်းစဉ်များရှိခြင်း စသည့် အရေးယူဆောင်ရွက်ခြင်းများကို ပြုလုပ်ပေးခြင်းဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများက စားသုံးသူများကို အကျိုးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင် ရွက်ပေးနိုင်ရန်မှာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် လုပ်ငန်းစဉ်များ ထိရောက်မှုရှိပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း aadcp2 ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီသည် အဓိကအားဖြင့် အာဆီယံနိုင်ငံများတွင် စားသုံးသူကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်း၊ ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းသော ထုတ်ကုန်များနှင့် ဈေးကွက်အတွင်းသို့ မဝင်ရောက်စေရန် တားဆီးပိတ်ပင်သောထုတ်ကုန်များအတွက် သတိပေးလှုံ့ဆော်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းစသည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရရှိစေခြင်း၊ နိုင်ငံဖြတ်ကျော်စားသုံးသူအရေးယူဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက် ပုံစံများဖွံ့ဖြိုးတိုးတက်စေခြင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အရာထမ်းများ၏ စွမ်းဆောင်ရည်ခိုင်မာစေခြင်းနှင့် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အကြံဉာဏ်ပေးအပ်သည့်လုပ်ငန်းများ တိုးတက်စေခြင်းတို့ကိုအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ရာတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ကို အကောင်အထည်ဖော်ရန် နီးကပ်လာသည်နှင့်အမျှ High-Level Task Force on Economic Integration အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ အာဆီယံဒေသတွင်းနိုင်ငံများတွင် အဓိကဦးစားပေး ဆောင်ရွက်သွားမည့် နယ်ပယ်များပါဝင်သည့် လုပ်ငန်း အစီအစဉ်များ၏ လက်ရှိတိုးတက် ဖြစ်ပေါ် မှုကို အကဲဖြတ်ရန်နှင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မဟာဗျူဟာ ကျသောအာဆီယံ စားသုံးသူကာကွယ်ရေးလုပ်ငန်း အစီအစဉ်ကို ရေးဆွဲရန် လိုအပ်လာပါသည်။

အာဆီယံနိုင်ငံများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး တီထွင်ဆန်းသစ်မှုတို့ရှိကာ လှုပ်ရှား တက်ကြွမှုရှိသော တစ်စုတစ်စည်းတည်းဈေးကွက်အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၁၀ နှစ် ကြာ မူဘောင် (အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅) ကို ရည်ရွယ်၍ ၂၀၁၅ အလွန် အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်ကို ရေးဆွဲလျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစီမံကိန်းအရ နောင်လာမည့် ၁၀ နှစ်အတွင်း အာဆီယံနိုင်ငံများရှိ စားသုံးသူလုပ်ငန်းများ၏ ဦးတည်ရာလမ်းကြောင်း၊ အာဆီယံစားသုံးသူကာကွယ်ရေးလုပ်ငန်း စီမံချက်အပေါ် အကျိုး သက်ရောက်နိုင်မည့် သုံးစွဲမှုပုံစံများ စသည်တို့ပါဝင်သည့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေကို ဖော်ပြထားသည့် အကဲဖြတ်အစီရင်ခံစာကို ရေးဆွဲပြုစုသွားမည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းလုပ်ငန်းစီမံချက်အရ ၂၀၁၅ အလွန် မဟာဗျူဟာကျသော အာဆီယံ စားသုံးသူ ကာကွယ်ရေးလုပ်ငန်းအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းအစီအစဉ်အရ စားသုံးသူကာကွယ်ရေးနှင့်ဆက်နွယ်သောအရေးကိစ္စများတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အညီ သီးခြားဆောင်ရွက်မည့်လုပ်ငန်းများနှင့် အဓိကဆောင်ရွက်မည့် လုပ်ငန်းများအား ၁၀ နှစ်ကြာ မဟာဗျူဟာကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း နှစ်အလိုက် သီးခြားဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ငါးနှစ်ကြာ အသေးစိတ် အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**



# မြစ်ကြီးနားမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် သင်တန်းဖွင့်လှစ်

စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်ရန် ကျောင်းသား/ကျောင်းသူ ကလေးငယ်များမှစ၍ ကျန်းမာရေးနှင့် ညီညွတ်မှုတသော အစားအစာများ ဝယ်ယူစားသုံးတတ်ကြစေရန်၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ရရှိစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကချင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနနှင့် NGO အဖွဲ့များ ပူးပေါင်း၍ ဇွန်လ ၂၇ ရက်နေ့က မြစ်ကြီးနားမြို့နယ်၊ တပ်ကုန်းရပ်ကွက် အင်္ဂလိကန် ဘုရားကျောင်းဝင်းအတွင်းရှိခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာ ပေးဟောပြောပွဲနှင့် သင်တန်းကို ကျင်းပခဲ့ပါသည်။

ပထမဦးစွာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်၌ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေ၏ ရည်ရွယ်ချက် အောင်မြင်စေရန် ဗဟိုကော်မတီ ဖွဲ့စည်းမှု၊ အငြင်းပွားမှု ဖြေရှင်းဆောင်ရွက်ပေးမည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခဲ့မှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယ ဦးစီးမှူး ဦးဘောမ်ဇုန်းက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းနှင့် စားသုံးသူနှင့်ထုတ်လုပ်ရောင်းချသူများ၏ အခွင့်အရေးစည်းကမ်းချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးက ထုတ်ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းအကြောင်းနှင့် ပတ်သက်၍ စားသောက်ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့် အမည်နှင့် လိပ်စာ စသည့်ပါဝင်ရမည့် အချက်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ ကချင်ပြည်နယ် တာဝန်ခံဒေါက်တာတင်ထွန်းဦးက ဌာနအနေဖြင့် ပြည်တွင်းမှ ထုတ်လုပ်သည့် အစားအစာ၊ အလှကုန်၊ ဆေးဝါး၊ ရေသန့်များနှင့် ပြည်ပမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေစွာသုံးရာတွင်လည်း အာဟာရပြည့်ဝသည့် အစားအစာများကို ရွေးချယ်စားသုံးနိုင်ရေးတို့ကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် NGO အဖွဲ့အစည်းများမှ ကုန်ပစ္စည်းများကို ခင်းကျင်းပြသ၍ လက်တွေ့ရှင်းလင်းခြင်း၊ အစားအသောက်ပစ္စည်းများထည့်သည့် ပလတ်စတစ်အန္တရာယ်၊ လျှပ်စစ်ပစ္စည်း (ဂျိုးမကပ်သည့်အိုး)၊ အချိုရည်ဘူးများ၊ အသင့်စားအစားအစာ၊ ခြင်ဆေးခွေနှင့် ပိုးသတ်ဆေးအန္တရာယ်အကြောင်းတို့ကို ဗွီနိုင်းဓာတ်ပုံကားချပ်များ၊ ပရိုဂျက်တာများနှင့် လက်တွေ့ပြသ ရှင်းလင်းဆွေးနွေးသွားခဲ့ ကြပါသည်။

အဆိုပါ ဟောပြောပွဲနှင့် သင်တန်းသို့ ကချင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးကော်မတီဝင်များ၊ ကချင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာတင်ထွန်းဦး၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ NGO အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ရပ်ကွက်နှင့် ကျေးရွာ (၁၆) ခုမှ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မောင်မောင်ခိုင်၊ မြစ်ကြီးနား**

# ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးအတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ကျိုက်လတ်မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဖျာပုံခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများနဲ့ မြို့နယ်ဦးစီးမှူးရုံးရှိ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဈေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဦးစီးအရာရှိ ဈေးအရာရှိနဲ့ ဈေးတာဝန်ခံတို့ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဇွန်လ ၂၆ ရက်နေ့က မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များသို့ လှည့်လည်ကာ စားသုံးရန်မသင့်သော အစားအစာများ ဈေးကွက် အတွင်း ရောင်းချမှုရှိ/မရှိ ကွင်းဆင်းလေ့လာပြီး အသိပညာ ပေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

"အခုဆိုရင် ဒီမြို့မဈေးကြီးထဲက ဈေးရောင်းတဲ့သူ အများစုဟာ ဒီစားသုံးသူကာကွယ်ရေးနဲ့ပတ်သက် ပြီး သိသင့်သလောက်သိသွားကြပြီဆိုပေမယ့် ဈေးဝယ်သူတွေ တစ်နည်း အားဖြင့် စားသုံးသူတွေအနေနဲ့လည်း သိရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့် နေ့စဉ်ထုတ် သတင်းစာတို့၊ FDA တို့က ထုတ်ပြန်ထားတဲ့ စားသုံးရန်မသင့် တဲ့အစားအစာနဲ့ ကုန်ပစ္စည်းစာရင်းတွေကို အများပြည်သူ သိရှိအောင် ဈေးအဝင်ဝတွေမှာရှိတဲ့ ကြော်ငြာသင်ပုန်းတွေမှာ ကပ်ထားပေးမှာဖြစ်ပါတယ်။ ဒါဆို ရင် ရောင်းသူရော ဝယ်သူပါ သိရှိသွားမှာပါ" လို့ ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့တာဖြစ်ပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မင်္ဂလာတောင်ညွန့် မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို စားသုံးသူပြည်သူများ သိရှိအောင် မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ဇွန်လ ၂၉ ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀) ဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းပြီးစီးခဲ့မှုအခြေအနေ၊ ဥပဒေ၏ ရည်ရွယ်ချက် အောင်မြင်စေရန် ဗဟိုကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ စားသုံးသူများ၏ အငြင်းပွားမှုဖြေရှင်းဆောင်ရွက်ပေးမည့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုကို ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခဲ့မှုနှင့် အဆိုပါ အဖွဲ့ကို အထောက်အကူပေးမည့် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခဲ့သည့်အခြေအနေများ၊ ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်၊ တားမြစ်ချက်များကို စားသုံးသူပြည်သူများသိရှိရအောင် အသေးစိတ်ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဥမ္မာစိုးဝင်းက ပြည်တွင်းတွင် ထုတ်လုပ်ခြင်း၊ ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သုံးစွဲရာတွင် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းအောင် ဌာနမှ ဆောင်ရွက်ပေး လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်က စားသုံးသူများကို ကာကွယ်ပေးရန်အတွက် အားလုံး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်မှသာ လုပ်ငန်းအောင်မြင်မှုရရှိနိုင်မည့်အခြေအနေများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနက် ရေတွင်းကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲနောင်သိန်းက လုံခြုံစိတ်ချရမှု မရှိသည့် အစားအသောက်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့ကို ဌာနမှ ကွင်းဆင်းစစ်ဆေးရာတွင် အရေးယူ ဆောင်ရွက်သင့်သည်များ ထိထိရောက်ရောက် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ တာဝန်ရှိ သူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်တရားရုံး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အတွင်းရှိ ဈေးတာဝန်ခံများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ နှင့် ကျောင်းမုန့်ဈေးတန်းများတွင် ဈေးရောင်းချသူများ၊ စုစုပေါင်း ၉၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ခင်ဝင်းမြင့် (စားသုံးသူ)၊ ရန်ကုန်**

# ပဲခူးတိုင်းဒေသကြီးတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ၂၅ ရက်နေ့ထိ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ နံနက် ၁၀း၀၀နာရီအချိန်တွင် စတင်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်း ဒေသကြီးဦးစီးမှူး ဦးစိန်သွင်ကအဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်ပို့ချ ရခြင်း၏ ရည်ရွယ်ချက်များအား အကျယ်တဝင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သင်တန်းပို့ချခဲ့ရာ ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ဦးက ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးတာဝန်နှင့် တားမြစ်ချက်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ အကြောင်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာနီနီအေးက အမျိုးသားအစားအသောက်ဥပဒေနှင့် အမျိုးသားဆေးဝါး ဥပဒေအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒေါ်အေးအေးမင်းက စည်ပင်သာယာ အဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများအကြောင်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ အဖွဲ့ဝင် ဒေါ်သန်းသန်းဦး (ဥပဒေပညာရှင်)က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ် အသင်းမှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံဒေါက်တာ ဇော်နိုင်က အစားအသောက် ဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အသီးသီးပို့ချခဲ့ကြောင်းသိရသည်။



၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဒုတိယနေ့ သင်တန်းတွင် ပြည်ခရိုင်ကုန် သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစိုးငြိမ်း (ဦးစီးအရာရှိ)က အာဆီယံနှင့် နိုင်ငံတကာ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ နီနီအေးက စားသောက်ကုန်၊ ဆေးဝါး၊ အလှကုန်များ၏ ကုန်မှတ်တံဆိပ်အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းမှ ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာ ဇော်နိုင်က အစားအသောက် ဘေးအန္တရာယ်များအကြောင်း ဒုတိယပိုင်းကိုလည်းကောင်း အသီးသီး ဟောပြောပို့ချခဲ့ပြီး တက်ရောက်လာသော သင်တန်းသားများ၏ ပြန်လည်မေးမြန်းချက်များအား သက်ဆိုင်ရာ သင်တန်းဆရာများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရပါသည်။

သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ ၊ စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီဝင်များ၊ ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း (စားသုံးသူ ၊ ပဲခူး)**

## တောင်ကြီးမြို့မဈေးအတွင်း ခွင့်မပြုစားသောက်ကုန်များ၊ အလှကုန်များကို စစ်ဆေးတွေ့ရှိခဲ့ပြီး သိမ်းဆည်းဖျက်ဆီးခဲ့

ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှု ကော်မတီ၏ လမ်းညွှန်မှုအရ တောင်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိ သူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက်က တောင်ကြီးမြို့ မြို့မဈေး အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ အလှကုန်အရောင်းဆိုင် များနှင့် ကုန်စုံဆိုင်များသို့ ရှောင်တခင်ဝင်ရောက်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တရားမဝင်ကြောင်း ထုတ်ပြန်ကြေငြာထားသော ခွင့်မပြုဓါတုပစ္စည်းနှင့် ဆိုးဆေးများပါဝင်သည့် အစားအသောက်များနှင့် အလှကုန်ပစ္စည်းများ၊ ဆေးဝါးများကို စစ်ဆေးသိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း သိရပါတယ်။

ထိုသို့စစ်ဆေးခဲ့ရာတွင် တောင်ကြီးမြို့မ ဈေးအတွင်းရှိ ကုန်စုံဆိုင်များမှ ခွင့်မပြု ဓါတုပစ္စည်းနှင့်ဆိုးဆေးများ ပါဝင်သော အစားအသောက်များဖြစ်သည့် အရောင်တင်မှုန့်များ၊ ငါးပိထောင်းဘူးများ၊ ခေါက်ဆွဲခြောက်များ၊ ချိုချဉ်ချောင်းများကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး တောင်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးဝင်းအတွင်း မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် တောင်ကြီးမြို့ပေါ်ရှိ ဈေးများနှင့် အခြားမြို့များမှ ဈေးများကိုပါ စီမံချက်ဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

ထိုသို့စစ်ဆေးသိမ်းဆည်းရာတွင် ရှမ်းပြည်နယ်မှ စစ်ဆေးတွေ့ရှိခဲ့သော သုံးစွဲရန်မသင့်သည့် စားသောက်ကုန်များတွင် စားသုံးရန်မသင့်သည့်စားသောက်ကုန်များအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေငြာထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အလှကုန်နှင့် ဆေးဝါးပစ္စည်းများ အားလုံးပါဝင်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးရဲ့ အဆိုအရ သိရပါတယ်။

**မင်းအောင်- တောင်ကြီး**




# LINE Messenger App ကို မြန်မာနိုင်ငံတွင် တရားဝင်အသုံးပြု၍ရပြီ

ဂျပန်နိုင်ငံအခြေစိုက် LINE Corporation သည် မြန်မာနိုင်ငံတွင် LINE Messenger App ကို ဇူလိုင်လ ၃ရက်နေ့မှစတင်ကာ တရားဝင် ဖြန့်ချိလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

LINE ကို မြန်မာနိုင်ငံတွင် ယခုနှစ် မတ်လအတွင်းက စမ်းသပ်လုပ်ဆောင်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပြီး အသုံးပြုသူအရေအတွက်မှာ ၃၀၉ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သဖြင့် ယခုကဲ့သို့ တရားဝင်မိတ်ဆက်ကာ ဖြန့်ချိရခြင်းဖြစ်ကြောင်း LINE Myanmar ၏ အထွေထွေမန်နေဂျာ မစ္စတာဒါရင်ဟွမ်က ပြောကြားခဲ့သည်။

LINE သည် အခြေခံဝန်ဆောင်မှုများဖြစ်သည့် Message များ ပေးပို့ခြင်း၊ Voice Call ၊ Video Calls နှင့် Group Chatting များသာမက ခံစားချက်များကို ပိုမိုပေါ်လွင်စေသည့် Stickers များကိုထည့်သွင်းပေးထားကြောင်း သိရသည်။ ထို့ပြင် အဆိုပါ LINE App တွင် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် ပါဝင်သည့် Home နှင့် Timeline ကိုပါ ထည့်သွင်းထားကြောင်း သိရသည်။

LINE Corporation သည် LINE App ဝန်ဆောင်မှုကို ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ် ဇွန်လတွင်စတင်ခဲ့ခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများဖြစ်သည့် အရှေ့အလယ်ပိုင်းဒေသများ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် အခြားသော အရှေ့တောင်အာရှနိုင်ငံတို့တွင်လည်း အသုံးပြုသူများ များပြားလာခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာပြည်တွင်း၌ LINE ကို အသုံးပြုရာတွင် ပိုမိုနှစ်သက်စေရန် အတွက် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အောင်ရဲလင်းနှင့် ခင်ဝင့်ဝါတို့ကို LINE ၏ အထူးသံတမန်များအဖြစ် ခန့်အပ်ခဲ့သည်။ ထို့ပြင် ၎င်းတို့၏ပုံရိပ်များကို LINE ၏ Stickers များတွင် ထည့်သွင်းအသုံးပြုကာ အသုံးပြုသူအချင်းချင်း အဆိုပါ Sticker များကို အသုံးပြု၍ Message များကိုပေးပို့နိုင်မည်ဖြစ်သည်။

ထို့ပြင် LINE Messenger App ၏ ထူးခြားချက်မှာ LINE စတစ်ကာ၏ ဇာတ်ကောင်များအား အမည်များမှည့်ခေါ်ထားပြီး စတစ်ကာပုံတစ်ပုံချင်းစီတွင် စိတ်ခံစားမှုကို ပုံဖော်ပေးနိုင်သည့် ပုံရိပ်များကို ထည့်သွင်းထားကြောင်း သိရသည်။ LINE App နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက LINE Myanmar Official Account နှင့် ၎င်း၏ဖေ့စ်ဘုတ်Account ဖြစ်သည့် www.facebook.com/LineMyanmar.Official. သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာအေဗွီ (ဖိုး) (၂၀၀၂) | ယာယီ | ၁၇၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၂။ | စီအာဗွီ (၂၀၀၃) | ယာယီ | ၁၇၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၃။ | တိုယိုတာဝစ်ရှ် (၂၀၀၃) | ယာယီ | ၁၅၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၄။ | ဗီလ်ဒါ (၂၀၀၉) | ယာယီ | ၁၆၀ သိန်း | ၁.၅ ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၂၇၅ သိန်း | ၂.၄ ဓာတ်ဆီ |
| ၆။ | တိုယိုတာဗင် (၂၀၁၀) | ယာယီ | ၁၀၂ သိန်း | ၁.၃ ဓာတ်ဆီ |
| ၇။ | မစ်ဆူဘီရှိ/အာဗီအာ (၂၀၁၀) | ယာယီ | ၂၅၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၈။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၁၁၈ သိန်း | ၁.၃ ဓာတ်ဆီ |
| ၉။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၀၅ သိန်း | ၁.၃ ဓာတ်ဆီ |
| ၁၀။ | ဘွန်ဂို(ကို့ချ်) (၂၀၀၄) | ယာယီ | ၁၃၀ သိန်း | ၂.၄ ဓာတ်ဆီ |

SN

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃×၅၀)ပေ | လျှာထိုးခင်း၊ ခန်းဖွဲ့ | ၁၁၈၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀×၅၀)ပေ | BN (၁) ထပ် | ၂၅၅၀ သိန်း | မြေပိုပါ၊အသင့်နေ | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၃။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ သော်မဆင်ရိပ်သာလမ်း | ၇၅၀ စ/ပေ | (၆)လွှာ၊အခန်းဖွဲ့ | ၆၅၀ သိန်း | | ၀၉/၂၅၃/၈၂၈၂၀၂ |
| ၄။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ (ပ)ထပ် | (၃၂×၇၀)ပေ | အခန်းဖွဲ့၊ အဆင့်မြင့်ပြင်ဆင်ပြီး | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | မြေ | လှည်းကူးမြို့နယ်၊ ရန်ကုန်-မန်းလမ်းမ(ပုံမှန်လမ်းနံဘေး) | စတုရန်းပေတစ်သောင်း | မြေသီးသန့်၊ ခြံခတ်ပြီး | ၁၅၀၀၀သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | တိုက်ခန်း | တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ ၄လွှာ | ၆၅၀ စ/ပေ | အခန်းဖွဲ့၊ ပြင်ဆင်ပြီး | ၂.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၅) ရပ်ကွက် | (၄၀×၆၀)ပေ | BN (၂) ထပ် | ၃၅၀၀ သိန်း | မြေပိုပါ၊လမ်းမအနီး | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၄၀×၆၀)ပေ | မြေသီးသန့် | ၁၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ် | (၆၀×၈၀)ပေ | ဂရန်မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |

# UOB မှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြမည့် နိုင်ငံတကာနှင့် ဒေသတွင်း ကုမ္ပဏီများအား ကူညီပံ့ပိုးပေးသွားမည်




UOB သည် လာမည့် ၁၂လအတွင်း ၎င်း၏မိတ်ဆွေလုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။အဆိုပါလုပ်ငန်းများတွင် ဥရောပနှင့် အာရှဒေသအခြေစိုက်လုပ်ငန်းများပါဝင်ပြီး စက်ရုံများတည်ဆောက်ခြင်း၊ ဟိုတယ်များတည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်မည့်လုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

UOB ရန်ကုန်ရုံးခွဲသည် မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လာသော ဒေသတွင်းနှင့် နိုင်ငံတကာမှ ကုမ္ပဏီများအား အသင်းအဖွဲ့ဆိုင်ရာ ချေးငွေများ၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးထောက်ပံ့မှုများ၊ လိုအပ်သော အရင်းအနှီးချေးငွေများနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အရှေ့တောင်အာရှ ဒေသတစ်ဝန်းတွင် UOB သည် ဘဏ်လုပ်ငန်းကွန်ရက်ကို အကျယ်ပြန့်ဆုံးဖြန့်ကြက်ထားရှိပြီး မြန်မာနိုင်ငံ၏အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမှာပင် ရုံးခွဲပေါင်း ၁၅၆ခုဖွင့်လှစ်ထားသည်။

“ငွေကြေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုတွေအပြင် နေရာသစ်တစ်နေရာမှာ စီးပွားရေးလုပ်ငန်းတွေ စတင်လုပ်ကိုင်လည်ပတ်တဲ့အခါဘာတွေလိုအပ်သလဲဆိုတာကို ကျွန်တော်တို့ ကောင်းကောင်း နားလည်သဘောပေါက်လာပါတယ်။ ကျွန်တော်တို့ရဲ့ ကျယ်ပြန့်တဲ့ဒေသတွင်း ကွန်ရက်နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ရန်ကုန်ရုံးအဖွဲ့မှတစ်ဆင့် မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ ကျွန်တော်တို့ရဲ့မိတ်ဆွေစီးပွားရေးလုပ်ငန်းရှင်တွေ၊ သက်ဆိုင်ရာ ကဏ္ဍနယ်ပယ်အသီးသီးက တာဝန်ရှိသူတွေနဲ့ချိတ်ဆက်ရာမှာရော၊ စီးပွားရေး လက်တွဲဖော်တွေ ရှာဖွေရာမှာပါ တက်ကြွစွာ ကူညီဆောင်ရွက်ပေးနေပါတယ်”ဟု UOB အုပ်စု၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr Wee Ee Cheong က ပြောကြားခဲ့သည်။

UOB သည် ၂၀၁၃ ခုနှစ်တွင် ၎င်း၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပေးဌာနကို ဖွင့်လှစ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၌ ၎င်း၏မိတ်ဆွေစီးပွားရေးလုပ်ငန်းရှင်များ၏လုပ်ငန်းများ ချဲ့ထွင်ရာတွင် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဌာနသည် အာရှဒေသတွင်း UOB ဖွင့်လှစ်ထားသည့် ဌာနကိုးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၎င်း၏ မိတ်ဆွေစီးပွားရေးလုပ်ငန်းများ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ လေ့လာရှာဖွေရန် ကူညီပေးခဲ့သည်။

UOB သည် ၎င်း၏နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကြံပေးဌာနများမှတစ်ဆင့် အာရှဒေသအတွင်း စီးပွားရေးလုပ်ငန်းများချဲ့ထွင်ခဲ့သော ကုမ္ပဏီပေါင်း ၅၀၀ ခန့်ကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့သည်။

**မယ်သီတာ**

သင့်ကျန်းမာရေး

# အဝလွန်ခြင်းနှင့် အစားအစာ

ဒေါက်တာလွင်သန့်

**မေး။** ဆရာခင်ဗျာ၊ ကျွန်တော်အသက် ၄၀ နှစ်ရှိပါပြီ။ အိမ်ထောင်သည်ဖြစ်ပြီး သားသမီးနှစ်ယောက် ရှိပါတယ်။ အလုပ်အကိုင်က ကုမ္ပဏီမန်နေဂျာပါ၊ အဝလွန်နေလို့ ဘယ်လိုကျင့်ကြံရမလဲ။ အကြံပေးပါဆရာ။ (ကိုကို-လှိုင်)

**ဖြေ။** အဝလွန်ခြင်းဆိုရာမှာ နောက်ပိုင်းမှာ ခန္ဓာကိုယ်အချိုးအဆ (BMI-Body Mass Index)နဲ့ပြကြတယ်။ ဘီအမ်အိုင်ဆိုတာကတော့ ကိုယ်အလေးချိန် (ကီလိုဂရမ်)ကို အရပ်အမြင့်မီတာ (နှစ်ထပ်ကိန်း)နဲ့စားလို့ရတဲ့ ရလဒ်ဖြစ်ပြီး သာမန် (၁၈ ဒသမ ၉) မှ (၂၄ ဒသမ ၉) အတွင်းရှိရပါမယ်။ ဘီအမ်အိုင် ၃၀ နှင့်အထက်ကို "အဝလွန်ခြင်း" လို့ သတ်မှတ်ပါတယ်။

**အစားအစာ။** အစားအသောက်ဟာ လူတို့ အသက်ရှင်နေထိုင်ရေးအတွက် အရေးကြီးသလို၊ သင့်တင့်လျောက်ပတ်စွာ စားသောက်ဖို့ အရေးကြီးပါတယ်။ အများအားဖြင့် လိုအပ်တာထက်စားသုံးမှုကြောင့် အဝလွန်ခြင်းပြဿနာ ဖြစ်ရပါတယ်။ အခြားအကြောင်းအရင်းများလည်း သက်ဆိုင်နိုင်ပါတယ်။ (၁) အစားအစာလွန်ကဲစွာ စားသုံးခြင်း (၂) လှုပ်ရှားမှုနည်းခြင်း (၃) စိတ်နှင့်ပတ်သက်သောစိတ်ခံစားမှုဆိုင်ရာ အချက်အလက်များရှိခြင်း (၄) လူမှုရေးဆိုင်ရာအချက်အလက်များရှိခြင်း (၅) ဟော်မုန်းဓာတ်များခြင်း၊ (၆) မျိုးရိုးလိုက်ခြင်း (၈) အခြေခံဇီဝကမ္မဖြစ်ပျက်မှု အကြောင်းအချက်များ ပါဝင်နိုင်ပါတယ်။

**အစားအစာလွန်ကဲစွာ စားသောက်ခြင်းမှာ** အရေးကြီးလိုက်နာသင့်တဲ့အချက်ပဲဖြစ်တယ်။ ပိုလျှံတဲ့ ကယ်လိုရီကို အဆီအဖြစ်စုဆောင်းတဲ့အခါ သွေးထဲမှာ ကိုလက်စထရော များလာတယ်။ အသည်းအဆီဖုံးခြင်း၊ အဝလွန်ခြင်းဖြစ်လာတယ်။

အဝလွန်ခြင်းဖြစ်စေတဲ့ အကြောင်းအရာထဲမှာ အစား လွန်ကျူးခြင်းဟာ အဓိကအကြောင်းအချက်ပါဝင်တယ်။ အစားအစာကို ကိုယ်ခန္ဓာကြီးထွားမှုနဲ့ ခွန်အားအတွက်လိုတာထက် ပိုစားသုံးရင်ရက်အနည်းငယ်အတွင်းဝလာပါတယ်။

**မျိုးရိုး။** မိဘများ အဝလွန်ရင်၊ ကလေးများအဝလွန်ခြင်းဖြစ်ဖို့ အခွင့်အရေးရှိတယ်။ မိဘများရဲ့ စားသောက်မှု၊ အလေ့အကျင့်ကို ကလေးကအတုခိုးမှားလို့ဖြစ်နိုင်သလို၊ အဝဗီဇ (Fatty gene)က မျိုးရိုးကြောင့် ဖြစ်နိုင်ပါတယ်။

**စိတ်ပိုင်း။** စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ၊ အလေ့အထများမှာ မူလအလေ့အကျင့်မဖျောက်နိုင်ခြင်း၊ ဂရုမစိုက်ခြင်းကြောင့် ဖြစ်နိုင်ပါတယ်။ အချို့လူများဟာ အစားအစာကို စိုးရိမ်ပူပန်မှု(သို့) ကိုယ့်လိုဘမပြည့်နိုင်မှုကြောင့် ပေါပေါများများစားတတ်တယ်။ ခဏခဏစားတယ်။ ကလေးများလည်း ဆုရအောင်လုပ် စားချင်တာကျွေးမယ်ဆိုပြီး၊ အစားနဲ့ ဆွဲဆောင်ထားကြတယ်။ ပန်းကန်ထဲထည့်ပေးတဲ့ ထမင်းနဲ့ဟင်းကို မကုန်မချင်း စားခိုင်းစေတာကလည်း ဝစေခြင်းဖြစ်တယ်။ အချို့သူများကလည်း ဝစေတဲ့အစားအစာ အသင့်အမြန်စားအစာ (Snap) များ(ဟမ်ဘာဂါ၊ ဆင်းဒဝစ်၊ ပီဇာ) တို့မလွတ်တမ်းစားကြလို့ ပိုမိုဝလာတယ်။

**ဟော်မုန်း။** ဟော်မုန်းပြဿနာကလည်းပါဝင်နေတယ်။ သိုင်းရွိုက်အကျိတ်၊ ပီကျူထရီအကျိတ် (Thyroid or pituitory or Adrenal) တို့ဆောင်ရွက်မှုများ၊ မမှန်ကန်မှုက ဟော်မုန်းကို ကမောက်ကမဖြစ်စေပြီး ဝလာစေတယ်။ အလေးချိန်လျှော့ရာမှာ၊ အစားအစာထဲက ကယ်လိုရီလျှော့ခြင်းက အဓိကကျပါတယ်။

**လှုပ်ရှားမှုနည်းခြင်း။** အဝလွန်ခြင်းဖြစ်စေတဲ့ အကြောင်းထဲမှာ အဓိကအကြောင်းတစ်ရပ်က နေ့စဉ်နာရီဝက်(သို့) တစ်နာရီ အားကစား(လမ်းလျှောက်၊ စက်ဘီးစီး၊အပြေး) မလုပ်ခြင်းဖြစ်တယ်။ ရေကူး(သို့)ကြက်တောင်ရိုက်ခြင်းတို့လည်း မှန်မှန်လုပ်ပေးရင် အဝလွန်ခြင်းမဖြစ်နိုင်ပါဘူး။ နေ့စဉ်စားသောက်တဲ့ အစာထဲကပိုလျှံတဲ့ ကယ်လိုရီကို " ချွေး" အဖြစ် စွန့်ထုတ်လို့၊ "အဆီ" အဖြစ် မစုနိုင်ပါဘူး။

**စားချင်စိတ်လျော့ချခြင်း။** စားချင်စိတ်များနေရင်၊ အချိန်မရွေးစားသောက်ပြီး၊ အဝလွန်ခြင်းဖြစ်တယ်။ တိရစ္ဆာန်များနဲ့ စမ်းသပ်ကြည့်ရင် ဟိုက်ပိုသဲပက် (Hypothalmcos) ဒဏ်ရာကြောင့် ပန်ကရိယမှ အင်ဆူလင်အထွက်များပြီး များများစားခြင်းဖြင့် အဆီစုပြုံခြင်းများဖြစ်ပေါ်ကြောင်း တွေ့ရပါတယ်။

**အခြေခံဇီဝကမ္မ။** အခြေခံဇီဝကမ္မအချက်အလက်များမှာ ချေဖျက်ပြောင်းလဲမှု ပါဝင်တယ်။ အချို့လူများဟာ အစာများများစားပေမယ့် အဝလွန်ခြင်း မဖြစ်ပေမယ့်၊ အချို့အစာအနည်းငယ်စားလို့၊ အဝလွန်ခြင်းဖြစ်တယ်။ ချေဖျက်ပြောင်းလဲမှုများလို့၊ အစာနည်းနည်းစားပေမယ့် အဝလွန်ခြင်းဖြစ်စေတယ်။

**နောက်ဆက်တွဲပြဿနာများ။** အဝလွန်ခြင်းမှ နောက်ဆက်တွဲမှာ ခြေထောက်သွေးပြန်ကြောဖောင်းတွန့်ခြင်း၊ ကိုယ်ခန္ဓာအောက်ပိုင်းအဆစ်အမြစ်များနာခြင်း၊ ခါးနာခြင်း၊ ချက်တိုင်မှအူကျွံကျနိုင်ခြင်း၊ သည်းခြေအိတ်ရောင်ခြင်း၊ သည်းခြေကျောက်တည်ခြင်း၊ ဆီးချိုရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ သွေးတိုးခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ခွဲစိတ်ကုသခဲ့ပါက မေ့ဆေးကိုခန္ဓာကိုယ်မှ မစွန့်ထုတ်နိုင်ဘဲအဆီထဲမှာ စုပြုံပြီးတော်ရုံနဲ့သတိမရနိုင်ခြင်း၊ ခွဲစိတ်ဒဏ်ရာကျက်ခဲခြင်း၊ သွေးကြောကျဉ်းခြင်း၊ အမျိုးသမီးများမှာ သားဥအိမ်နှင့်သားအိမ်ကင်ဆာဖြစ်ခြင်း တို့တွေ့ရှိရပါတယ်။

**နည်းလမ်းများ။** အကောင်းဆုံးနည်းလမ်းမှာ အာဟာရမျှတပြီး၊ ကယ်လိုရီနည်းနည်းပါတဲ့အစာကို စားသုံးပြီး၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ဆောင်ရွက် (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး)ခြင်းတို့ကို နေ့စဉ်နာရီဝက်ခန့် လုပ်သင့်တယ်။

**ဆား။** အငန်ရှောင်ရမယ်။ ဆားပါတဲ့အစားအစာ သရက်သီးသနပ်၊ ချိုချဉ်၊ ဆီးငန်ပြား၊ ဝက်အူချောင်း၊ ငံပြာရည်၊ ပဲငံပြာရည်ရှောင်ရမယ်။ အငန်ဓာတ်ရှိတဲ့ ငါးခြောက်၊ ငါးပိ၊ ပုစွန်ခြောက်၊ ဝက်သားခြောက်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ဝက်သားချဉ်၊ ယို၊ နို့ဆီ၊ သကြား၊ မလိုင်ရှောင် ရမယ်။ ချိုချဉ်ရည်၊ အချိုရည်၊ အချိုမှုန့်၊ ကြက်သားမှုန့် (ဆိုဒီယမ်ဟိုက်ပိုကာဗွန်နိုက် )ရှောင်ရမယ်။ ဟင်းခါးရည်ရှောင်ပါ။

**ဆေးဝါး။** အချို့ဆရာဝန်က အဆီချဆေး ညစဉ်တစ်လုံးတစ်လခန့်တိုက်ကျွေးတတ်ပါတယ်။ အဓိကမှာ အစားအသောက်လျော့ပြီး နေ့စဉ်အားကစားနာရီဝက် (သို့) တစ်နာရီလုပ်သင့်ပါတယ်။ အစားအစာ၊ ကယ်လိုရီနည်းတဲ့ အသီးအရွက်ကြော်၊ အသုပ်စုံ၊ ဟင်းချိုရည်၊ စွပ်ပြုတ်ရည်သောက်ပေး သင့်ပါတယ်။ မနက်နဲ့နေ့လယ်စာပုံမှန်စားပြီး၊ ညဘက်ဟင်းချိုများ များသောက်ပေးရင် ဗိုက်ပြည့်သွားလို့၊ ရေရှည်အလေးချိန်လျှော့ရာမှာ အသုံးဝင်လှပါတယ်။

**ရေသောက်ခြင်းလျှော့ချပြီး** ဆားဓာတ်(အငန်)လျှော့ချရမယ်။ ခန္ဓာကိုယ်တွင်းဝင်ရောက်တဲ့ ကယ်လိုရီမျှတရမယ်။ အဆီလျှော့စားပြီး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးများများစားပေးရမယ်။ အချိုရည်ဘူး၊ ဘီယာ၊ အရက်၊ ဆေးလိပ်ရှောင်ရမယ်။ နေ့စဉ်အသားဓာတ် (၅၀)ဂရမ်၊ အဆီ(၄၅)ဂရမ်၊ ကစီ(၁၀၀၀) ဂရမ်စားပေးရင်၊ (၁၀၀၀)ကယ်လိုရီရပြီး၊ ယင်းမှာနေ့စဉ်လိုအပ်ချက်ပဲဖြစ်တယ်။ မရနိုင်ပါက အစာအိမ်ခွဲစိပ်ထုတ်ပယ်ခြင်း၊ လိုအင်ဆန္ဒ လျှော့ချခြင်းနည်းဖြစ်ပါတယ်။

# ယာဉ်ကြောပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာသည့် ဆူညံသံများက လေဖြတ်ခြင်းနှင့် သေဆုံးခြင်းတို့ကို ပိုမိုဖြစ်ပွားစေနိုင်

ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေသည့်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများသည် တိတ်ဆိတ်ငြိမ်သက်သည့်ဒေသများတွင် နေထိုင်ကြသည့်သူများထက် ပိုမိုအသက်တိုစေနိုင်သည့်အပြင် လေဖြတ်ခြင်းကိုလည်း ပိုမိုဖြစ်ပွားစေနိုင်ကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်ကို ကိုးကား၍ European Heart Journal တွင် ဖော်ပြထားသည်။



ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရလည်း နေ့လယ်နေ့ခင်းတွင် ဆူညံနေသည့် နေရာများ၌ နေထိုင်သည့်သူများတွင် ကျန်းမာရေးချို့တဲ့မှုနှင့်ရင်ဆိုင်နေရကြောင်း၊ ထိုသူတို့တွင် ဦးနှောက်နှင့်နားက ခံနိုင်ရည်ရှိသည့် ပမာဏထက် ပိုမိုလက်ခံထားရသဖြင့် အသက်တိုစေနိုင်ကြောင်း၊ ထိုသူတို့တွင် ၅၅ dB (Decibels) ကို ကျော်လွန်နေကြောင်း၊ ထိုပမာဏသည် လူတစ်ဦး၏လက်ခံနိုင်သည့်ပမာဏထက် ကျော်လွန်နေကြောင်း သိရသည်။ ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်းများစွာတို့ သည် မြို့ပြဒေသများတွင် နေထိုင်ကြသည့်အပြင် အဆိုပါနေရာများတွင် နေ့လယ်နေ့ခင်း၌ ထွက် ပေါ်လာသည့်အသံများသည် လူတို့၏ ဦးနှောက်နှင့် နားက ခံနိုင်ရည်ရှိသည့် ပမာဏထက် များပြားလွန်းနေသည်ဟု ဆိုသည်။

၂၀၁၄ ခုနှစ်အတွင်းက လေ့လာချက်ကို Environmental Health Perspectives တွင် အမေရိကန်နိုင်ငံရှိ လူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် နှစ်စဉ်ယာဉ်ကြောပိတ်ဆို့ရာမှ ထွက်ပေါ်လာသည့်အသံများကြောင့် လက်ခံနိုင်သည့် ပမာဏမှာ ၇၀ dB အထက်တွင် ရှိနေကြောင်း ဖော်ပြခဲ့သည်။

အဆိုပါပမာဏမြင့်တက်လာမှုကြောင့် ဆူညံသည့် နေရာများတွင် နေထိုင်သူတို့သည် အကြားအာရုံများလျော့ပါးလာခဲ့ကာ အခြားသောဆက်စပ်ရောဂါများ ကူးစက်ဝင်ရောက်လာခဲ့သည်ဟုဆိုသည်။ လေယာဉ်ပျံတစ်စင်းမှ ထွက်ပေါ်လာသည့် ဆူညံသံများကြောင့် အဆိုပါအသံကို နေ့စဉ်ကြားနေရသူတစ်ဦးသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှုနှုန်း ပိုမိုမြင့်တက်လာခဲ့ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ သုတေသနပညာရှင်များက ၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း သေဆုံးခဲ့ရသည့်သူများနှင့် ဆေးရုံများတွင် တက်ရောက် ကုသမှုခံယူနေသူများအား တစ်နှစ်ချင်းစီအလိုက် နှိုင်းယှဉ်ခဲ့ရာ အသက် ၂၅ နှစ် မှ ၇၄နှစ်နှင့် ၇၅နှစ်နှင့်အထက်ရှိသည့်သူများတွင် အဆိုပါဖြစ်ရပ်များ ဖြစ်ပွားတတ်ကြောင်း ဖော်ပြထားသည်။

**မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၆-၇-၂၀၁၅ မှ ၁၂-၇-၂၀၁၅ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိမိကိုယ်တိုင် အပင်ပန်းခံ၍ လုပ်ကိုင်ရသောလုပ်ငန်းများမှ အောင်မြင်မှုရရှိနေတတ်ပါသည်။ အမွေအနှစ်များနှင့်စီးပွားရေးအတွက် အရင်းအနှီးများလည်း ရတတ်သည်။ အပြင်ပန်းအနေဖြင့် ကျန်းမာရေးကောင်းသည်ဟု ထင်ရတတ်သော်လည်း ရင်တွင်းနေမကောင်းခြင်း၊ ခန္ဓာကိုယ်ဖောက်ပြန်မှုဒဏ်ကို ခံစားရတတ်သည်။ အချစ်ရေးတွင်ချစ်သူပေါများသော်လည်း သိပ်အကောင်းချည်းတော့မဟုတ်ပါ။ အိမ်ထောင်ရေးတွင် တစ်ယောက်တစ်မျိုးဖြစ်တတ်သည်။

**ယတြာ။ နှင်းဆီနီရောင်ကို အသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** ဆရာသမားများ၏ အကူအညီပေးမှု အကြံဉာဏ်ပေးမှုတို့ကြောင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်လာပြီး ဝင်ငွေများရရှိနေတတ်ပါသည်။ ပညာရေးတွင် ဝီရိယအားထုတ်မှုပေါ် မူတည်၍ ကံကောင်းလိမ့်မည်။ ကျန်းမာရေးတွင် အင်အားကုန် ခန်းတတ်သော ဝေဒနာခံစားရတတ်သည်။ နာတာရှည်ခံစားရတတ်တာမျိုးဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။ ထင်မှတ်ထားခြင်းမရှိသူနှင့် ချစ်သူအဖြစ် သမုတ်ခံရတတ်ပါသည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင် မိသားစုစီးပွားရေးအတွက် ကြိုးစားရလိမ့်မည်။

**ယတြာ။ မီးခိုးရောင်သုံးပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း အောင်မြင်တိုးတက်မှု လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်လာမှုတို့ကြောင့် စီးပွားရေး လူမှုရေးတို့တွင် ထင်ပေါ်ကျော်စောနေမည်။ ကျန်းမာရေးတွင် ဝေဒနာဟောင်းကို ကုသနေရတတ်သည်။ ထုံထိုင်းခြင်းဝေဒနာ ထိခိုက်ဒဏ်ရာရတတ်သည်။ ပညာရေးတွင်စီမံခန့်ခွဲမှုပညာ၊ ဥပဒေပညာများ အကျိုးပေးနိုင်ပါသည်။ အချစ်ရေးတွင် အနိုင်ယူလွှမ်းမိုးသူနှင့်တွေ့ရတတ်သည်။

**ယတြာ။ နီညိုရောင်ပစ္စည်းသုံးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** နည်းပညာသစ်များကို လက်တွေ့အသုံးချ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ပြီး လုပ်ငန်းများတိုးချဲ့ရန်ကိုပါ လျာထားချက်များ ရှိလာတတ်ပါသည်။ မမျှော်လင့်ဘဲချစ်သူကြင်ဖက်ရတတ်သည်။ အိမ်ထောင်ဖက်အရေးကို ဦးစားပေးဆောင်ရွက်နေရတတ်ပါသည်။ ကျန်းမာရေးတွင် ဦးနှောက်အာရုံကြော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ သစ်ရွက်စိမ်းရောင်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် ကြီးမားသောရည်ရွယ်ချက်များ ထားရှိတတ်သော်လည်း အခြေအနေနှင့်အချိန်အခါကိုကြည့်၍ ဆုံးဖြတ်ရတတ်ပါသည်။ ရွှေ၊ ငွေ၊ ပုလဲ၊ ကျောက်မျက်ရတနာများ ရောင်းဝယ်ရေး အကျိုးပေးနေတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် အခုတစ်မျိုးတော်ကြာတစ်မျိုးဖြစ်တတ်သည်။ ကျန်းမာရေးတွင် အဖျားရောဂါ၊ အစာအိမ်ရောဂါတို့ဖြစ်တတ်သည်။

**ယတြာ။ ကြေးနီရောင်ကိုဆောင်ပါ။**



**သောကြာသားသမီးများအတွက်** ငွေအားလူအားဖြင့် စိုက်ထုတ်၍ လုပ်ကိုင်ဆောင်ရွက်နေရခြင်းအပေါ် ဆရာသမားများ၊ မိတ်ကောင်းဆွေကောင်းများက ကူညီမှုပေးကြခြင်းဖြင့် အောင်မြင်ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင် ဖြစ်ရတတ်ပါသည်။ ပညာရေးတွင် နိုင်ငံရပ်ခြားဘာသာပညာရပ် ထူးချွန်မည်။ အချစ်ရေးတွင် ချစ်သူခြင်း အဆင်ပြေမှုကြုံမည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေး လေထိုး၊ လေအောင့် ထိခိုက်ဒဏ်ရာ ရတတ်ပါသည်။

**ယတြာ။ အဖြူရောင်၊ သနပ်ခါးရောင် ဆောင်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်နေရသော်လည်း ထင်သလောက် အမြတ်အစွန်း မရနိုင်သေးပါ။ လုပ်ငန်းခွင်ပညာရေးတွင် အောင်မြင်မှုရနေလိမ့်မည်။ မိတ်ကောင်းဆွေကောင်းများနှင့် ဆုံရတတ်သည်။ အချစ်ရေးတွင် ပျော်ရွှင်စရာများ ကြုံမည်။ ကျန်းမာရေးတွင် စိတ်ကျရောဂါရရှိတတ်သည်ကို သတိပြုသင့်ပါသည်။

**ယတြာ။ ခရမ်းရောင်အရောင်ဝတ္ထုပစ္စည်းအသုံးပြုပါ။**

# ဝါဈေးကောင်းရလို့ တောင်သူများအဆင်ပြေ

ယင်းမာပင်ခရိုင်မှာ ယာမြေဧကများလို့ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဆေးရွက်ကြီး၊ ကုလားပဲ၊ ဂျုံများစိုက်ပျိုးကြသလို ဆီထွက်သီးနှံအဖြစ် နှမ်း၊ နေကြာ၊ မြေပဲများကိုလည်း သီးထပ်အဖြစ် စိုက်ပျိုးလျက်ရှိပါတယ်။

စက်မှုကုန်ကြမ်းသီးနှံအဖြစ် မိုးကြိုချည်မျှင်ရှည်ဝါများကိုလည်း ယင်းမာပင် ၁၃၈ ဧက၊ ဆားလင်းကြီး ၃၀ ဧက၊ ပုလဲ ၆၃ ဧက၊ ကနီ ၆ ဧကဖြစ်ပြီး၊ တစ်ခရိုင်လုံး မိုးကြိုချည်မျှင်ရှည်ဝါစိုက်ဧက ၂၃၈ဧက စိုက်ပျိုးထားကြောင်း သိရှိရပါတယ်။ ယခင်နှစ် မိုးကြိုချည်မျှင်ရှည်ဝါကို ၂၆၂ ဧကစိုက်ပျိုးကြောင်း၊ ယခုနှစ်စိုက်ဧကလျော့နည်းရခြင်းမှာ အောက်တိုဘာ၊ နိုဝင်ဘာလ ဝါလှိုင်လှိုင်ပေါ်ချိန်မှာ တစ်ပိဿာ ၈၀၀ ကျပ်ဈေးရှိသဖြင့် ယခုနှစ် စိုက်အားနည်းနေခြင်းဖြစ်ပါတယ်။

ဆားလင်းကြီးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ရွာရှည်ကျေးရွာအုပ်စု ကူးတို့ကုန်းကျေးရွာနေ ညောင်ပင်ကြီးမြစ်ရေတင်ရေဖြင့် ဒေါ်ကြည်စန်းရဲ့ယာမြေမှာ ငွေချည် (၉) နဲ့ ရွှေတောင် (၈) မျိုးကောင်းမျိုးပွားစိုက်ပျိုးပေးထားတာကို တွေ့မြင်ခဲ့ရပါတယ်။ ၎င်းငွေချည် (၉) နဲ့ရွှေတောင် (၈) မျိုးတို့ဟာ အပင်သက် (၃) လမှာ စတင်ခူးဆွတ်နိုင်ပါတယ်။ ယင်းမာပင်မြို့နယ်၊ နုံးကြီးကျေးရွာမှ ဦးပေါ်အေးက ယခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါကို တစ်ပိဿာ ၁၁၀၀ ကျပ်နဲ့ စတင်ဝယ်ယူထားကြောင်း၊ ပိဿာချိန် ၅၀၀ ဝယ်ပြီး၊ ယခုဝါဈေး ၁၀၀၀ ကျပ်ကျော်ရှိလို့ ဝါစိုက်တောင်သူများ ဝင်ငွေတိုးပြီး ပျော်နေကြပါတယ်။

**သန်းပို-ယင်းမာပင်**



# ပြည်ပဈေးကွက်အရောင်းအဝယ်သွက်နေသော ရေပုသိမ်ထီးဈေးကွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လက်မှုလုပ်ငန်းများမှ ကမ္ဘာတစ်ဝန်းကျော်ကြားလျက်ရှိတဲ့ ပုသိမ်ထီးမှာ မိုးတွင်းမှာလည်း အရောင်းအဝယ်သွက်လျက်ရှိပြီး၊ ပြည်တွင်း၊ ပြည်ပမှ အမှာစာများနဲ့ဝယ်ယူလျက်ရှိကြောင်း၊ ပုသိမ်မြို့ တောရကျောင်းလမ်းရှိ ရွှေစာထီးလုပ်ငန်းရှင် ဦးအောင်နိုင်ကပြောပါတယ်။

လက်ရှိမှာ ဥရောပနိုင်ငံသို့ Ingyin Yangon ကုမ္ပဏီမှတစ်ဆင့် ကမ်းခြေသုံးထီး ၆ ပေ၊ ၈ ပေ၊ ၁၀ ပေ အလက် ၄၀၀ ဝယ်ယူရန် အမှာစာရရှိထားပြီး၊ နှစ်လအတွင်း အပြီးတင်ပို့နိုင်ရန် စာချုပ်ချုပ်ဆိုထားကြောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံ၊ ညောင်ဦး၊ အင်းလေးဒေသများရှိ ဟိုတယ်များမှလည်း ဟိုတယ်တစ်လုံးလျှင် ထီးအလက် ၂၀၊ ၃၀ ခန့် အသုံးပြုပြီး၊ ယခုအချိန်တွင် အမှာစာဖြင့်မှာယူထားသော ဟိုတယ်များလည်းရှိကြောင်း၊ ပုသိမ်မြို့အတွင်းမှာလည်း ဘုန်းကြီးဆောင်း ထီးအလက် ၅၀၀ အော်ဒါရရှိထားကြောင်း၊ နိုင်ငံတကာမှ ပြည်ပဧည့်ခရီးသွားများကလည်း လာရောက်ဝယ်ယူလျက်ရှိပြီး၊ ပွင့်လင်းရာသီတွင် ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ အမေရိကန်နဲ့ နယူးဇီလန် နိုင်ငံများသို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မန္တလေး-လားရှိုး ကုန်စည်သယ်ယူခနှုန်းထားများ

၂၀၁၅ ခုနှစ် ဇွန်လအတွင်း မန္တလေးမှ မူဆယ်သို့ ကုန်ပစ္စည်းသယ်ယူခ ကားခနှုန်းထားများမှာ ပထမပတ်တွင် ပို့ကုန်ရောသွင်းကုန်ပစ္စည်းများ သယ်ယူခပါ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ဒုတိယပတ်မှစပြီး မိုးတွင်းကာလလည်းဖြစ်တာကြောင့် သယ်ယူနှုန်းထားများ တဖြေးဖြေး ကျဆင်းသွားခဲ့တာတွေ့ရပါတယ်။

မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ ပြောင်း၊ဆန်၊နှမ်း၊ ပဲအမျိုးမျိုး၊ ရော်ဘာ၊ ရေထွက်ကုန်များ၊ ကြက်သွန်နီ၊ နနွင်းတက်နဲ့ သစ်သီးဝလံမျိုးစုံတို့ တင်ပို့နေရပြီး တရုတ်နိုင်ငံမှလည်း အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ဆိုင်ကယ်၊ စက်ဘီး၊ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ အချိုမှုန့်၊ ဂျုံမှုန့်၊ နေကြာစေ့၊ ကာနေးရှင်းပန်းနဲ့ လူသုံး/ အိမ်သုံး ပစ္စည်းအမျိုးမျိုး ပုံမှန်တင်သွင်းနေပါတယ်။ ဇွန်လရဲ့ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်လိုက် ဖော်ပြပေးလိုက်ပါတယ်-

**(ပိဿာ/ကျပ်)**

| ပို့ကုန် | ၃၀-၅-၂၀၁၅ မှ ၅-၆-၂၀၁၅ ထိ | ၆-၆-၂၀၁၅ မှ ၆-၆-၂၀၁၅ ထိ | ၁၃-၆-၂၀၁၅ မှ ၁၉-၆-၂၀၁၅ ထိ | ၂၀-၆-၂၀၁၅ မှ ၂၆-၆-၂၀၁၅ ထိ |
|---|---|---|---|---|
| ပြောင်း | ၈၄-၇၅ | ၇၈-၇၆ | ၇၈-၇၃ | ၇၆-၇၃ |
| ဆန် | ၈၄ | ၈၂-၈၀ | ၈၆-၇၈ | ၇၇-၇၃ |
| ပဲတီစိမ်း | ၈၇-၈၁ | ၈၁-၈၀ | ၈၂-၇၇ | ၇၉-၇၅ |
| နှမ်း၉၃-၉၀ | ၉၀-၈၉ | ၈၉-၈၆ | ၈၆-၈၅ | |
| ရော်ဘာ | ၈၄-၈၂ | ၈၂-၈၀ | ၈၄-၇၈ | ၇၈-၇၅ |
| သွင်းကုန် | | | | |
| မြေဆီ | ၂၆-၂၀ | ၂၀-၂၃ | ၂၃ | ၂၃ |

**မော်မော်အောင်**

## မြို့ကြီးများ၏ ၆-၇-၂၀၁၅ မှ ၁၀-၇-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၇-၂၀၁၅) | အင်္ဂါ(၇-၇-၂၀၁၅) | ဗုဒ္ဓဟူး(၈-၇-၂၀၁၅) | ကြာသပတေး(၉-၇-၂၀၁၅) | သောကြာ(၁၀-၇-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| ရန်ကုန်မြို့ | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | ၆၀% ၃၅°C/၉၅°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| မြစ်ကြီးနား | ၉၀% ၂၈°C/၈၃°F | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၉၀°F | ၃၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၁°F |
| လားရှိုး | ၉၀% ၂၅°C/၇၇°F | ၅၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၄၀% ၃၀°C/၈၇°F |
| လွိုင်ကော် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| ဘားအံ | ၉၀% ၂၉°C/၈၄°F | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| တောင်ငူ | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F |
| မုံရွာ | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၃၃°C/၉၁°F |
| ပုသိမ် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| မြိတ် | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| စစ်တွေ | ၈၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| မကွေး | ၁၀၀% ၂၉°C/၈၄°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| ဖလမ်း | ၉၀% ၂၂°C/၇၂°F | ၈၀% ၂၀°C/၆၉°F | ၈၀% ၂၀°C/၆၉°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၂°F |



## တရုတ်တွင် အင်အားပြင်းငလျင်လှုပ်ခတ် အနည်းဆုံး လူလေးဦးခန့် သေဆုံးပြီး အိမ်ခြေသုံးထောင်ကျော် ပျက်စီး

တရုတ်နိုင်ငံအနောက်ပိုင်း စီကျန်းဒေသတွင် ဇူလိုင်လ ၃ရက်နေ့ နံနက်ပိုင်းက အင်အားရစ်ချ် တာစကေး ၆ ဒသမ ၄အဆင့်ရှိ အင်အားပြင်းငလျင် တစ်ခုလှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူလေးဦးခန့်သေ ဆုံးပြီး အိမ်ခြေသုံးထောင်ကျော်ပျက်စီးဆုံးရှုံးခဲ့ရ ကြောင်း တရုတ်နိုင်ငံအာဏာပိုင်များက ထုတ် ဖော်ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ရာဒေသသည် မွတ်ဆလင် ဘာသာဝင်အများစုနေထိုင်ရာ အူဂါဒေသရှိယာ ကန်းဟုလူသိများသည့် ဆာချီမြို့အရှေ့တောင် ဘက် ၁၃၁ ကီလိုမီတာနှင့် ဟိုတန်မြို့၏အနောက် မြောက်ဖက် ၁၆၄ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ငလျင်တိုင်း တာရေးဗဟိုမှ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဒေသသည် တာကာမန်ကန် သဲ ကန္တာရ၏ အစွန်ဆုံးဒေသတွင် တည်ရှိသော်လည်း ဒေသဆိုင်ရာအာဏာပိုင်များက လူလေးဦးသေဆုံး ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ပြောကြား ခဲ့သည်။

ဒေသခံပြည်သူများအား ရွက်ဖျင်တဲများထိုး ကာ နေရာများချထားပေးခဲ့ပြီး ကူညီစောင့်ရှောက် မှုများ ပြုလုပ်ပေးလျက်ရှိသည်ဟု ဆိုသည်။

"ငလျင်လှုပ်ခတ်တဲ့အတွက် အဲဒီဒေသက နေ အိမ်ပေါင်း သုံးထောင်ကျော်လောက် ပျက်စီးသွား ခဲ့ရပါတယ်။ နေအိမ်ပျက်စီးခဲ့ရတဲ့ ပြည်သူတွေကို ရွက်ဖျင်တဲပေါင်း ၁၀၀၀ ပေးပို့ပြီး ကူညီပေးခဲ့ပါ တယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဇူလိုင် ၃ရက်နေ့ ညနေပိုင်းတွင် ဆင်ဟွာ သတင်းဌာန၏ သတင်းထုတ်ပြန်ချက်များအရ လူ သုံးဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၄၃ ဦး ဒဏ်ရာရရှိ ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် လှုပ် ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် လူ ခုနစ် သောင်းနီးပါး သေဆုံးခဲ့ရသည်။

## ဒါဂျီလင်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုကျမှုများဖြစ်ပွား အနည်းဆုံး လူ ၃၈ ဦး သေဆုံးပြီး ၂၀ ခန့် ပျောက်ဆုံး

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ကိုလ်ကတ္တားမြို့ရှိ ဒါဂျီလင်ခရိုင်တွင် ဇူလိုင်လ ၁ရက်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့ သဖြင့် မြေပြိုကျ မှုများဖြစ်ပွားခဲ့ကြောင်း သည်အိန္ဒိယ အိတ်စ်ပရက်စ် သတင်းတွင် ဖော်ပြထားသည်။

မြေပြိုကျမှုကြောင့် အနည်းဆုံး လူပေါင်း ၃၈ ဦး သေဆုံးခဲ့ပြီး ၂၀ခန့်မှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒါဂျီလင်ခရိုင်မှ ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ဆစ်ခန်ဒေသသို့သွားသည့် အမျိုးသားအဝေးပြေး လမ်းမကြီး အမှတ်(၁၀) တွင်လည်း မြေပြိုကျမှုများ ဖြစ်ပွားခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးများပါ ပြတ်တောက်ခဲ့ရကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

အနောက်ဘင်္ဂလားပြည်နယ် ဝန်ကြီးချုပ် မာမာတာဘန်နရီ ရာဂျီးက "မြေပြိုကျလို့ သေဆုံးသွားခဲ့တဲ့သူတွေရဲ့ အလောင်းတွေ အနက် ၂၈ ဦးကိုတော့ သက်ဆိုင်ရာမိသားစုတွေလက်ထဲကို အပ် လိုက်ပါပြီ။ ကယ်ဆယ်ရေးလုပ်သားတွေကလည်း ကယ်ဆယ်ရေးလုပ် ငန်းတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု မြေပြိုကျမှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့်စီမံခန့်ခွဲ ရေးအာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် မြေပြိုကျ သည့် နေရာပေါင်းများစွာကို ခက်ရာခဲဆစ်သွားရောက်ကာကယ်ဆယ် ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်းဖြင့် အဆိုပါသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အနောက်ဘင်္ဂလားပြည်နယ်၊ ဒါဂျီလင်ခရိုင်အတွင်း နေရာ ပေါင်း ၅၀၀ ကျော်တွင် မြေပြိုကျမှုများဖြစ်ပွားခဲ့ပြီး အဝေးပြေးလမ်း မကြီးအမှတ်(၁၀)၏ နေရာပေါင်း ၂၅နေရာတွင် မြေပြိုကျ မှုများ ဖြစ်ပွားခဲ့သည့်အတွက် တံတားများကျိုးကျခြင်း၊ တောင်များပြိုကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သဖြင့် အဆိုပါဒေသသို့ သွားရောက်နိုင် သည့် အဝေးပြေးလမ်းမကြီးအား ပိတ်ထားခဲ့ရကြောင်း ပြည်နယ် အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။

မြေပြိုကျမှုတွင်ပါဝင်ခဲ့သည့် လူ ပေါင်း ၂၀၀၀ ကျော်ကို ကယ် ဆယ်ရေးစခန်းများတွင် နေရာချထားခဲ့သည်။ အိန္ဒိယနိုင်ငံဝန်ကြီး ချုပ် နရိန္ဒာရာမိုဒီကလည်း မြေပြိုကျရာတွင် အသက်သေဆုံးခဲ့ရသည့် မိသားစုဝင်များအား ရူပီး နှစ်သိန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်း၏တွစ်တာမှတစ်ဆင့် ပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.25 Monday July 6 2015

# အာရှယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(စ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိခဲ့ပါက ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်

၂၀၁၆ခုနှစ်အတွင်း ဘာရိန်းနိုင်ငံတွင်ကျင်းပမည့် AFC U-19 Championship Bahrain 2016 ပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို အုပ်စု ၁၀စုခွဲ၍ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာအသင်းပါဝင်သည့် အုပ်စု(စ)ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အုပ်စု(စ)တွင် အိမ်ရှင် မြန်မာ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ဘရူနိုင်းနှင့် အရှေ့တီမောအသင်းတို့ ပါဝင်ကြသည်။ အဆိုပါအုပ်စု(စ)၏ပွဲစဉ်များကို ၂၀၁၅ ခုနှစ်စက်တင်ဘာလ ၂၈ရက်မှ အောက်တိုဘာ ၆ရက်အထိ ရန်ကုန်မြို့၊ သုဝဏ္ဏရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အာရှ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များအား အုပ်စု ၁၀ စုမှ ပထမရသည့် အသင်း ၁၀ သင်း၊ အကောင်းဆုံးအုပ်စု ဒုတိယရရှိသည့် အသင်း ငါးသင်းနှင့် အိမ်ရှင် ဘာရိန်းအသင်း၊ စုစုပေါင်းအသင်း ၁၆



သင်းတို့သည် ၂၀၁၆ခုနှစ်အတွင်း ဘာရိန်းနိုင်ငံတွင် နောက်ဆုံးအဆင့် ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

AFC U19 Championship Bahrain 2016 နောက်ဆုံးအဆင့် ပွဲစဉ်များမှ ဆီမီးဖိုင်နယ် တက်ရောက်သည့် အသင်းလေးသင်းသည် ၂၀၁၇ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင်ကျင်းပမည့် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တက်ရောက်ကစားခွင့်ရရှိမည်ဖြစ်သည်။

ထို့အပြင် တောင်ကိုရီးယား ယူ-၁၉ အသင်းအနေဖြင့် အာရှချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်ပါက ယူ-၂၀ ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံဖြစ်သည့်အတွက် အာရှမှဝင်ခွင့် တစ်နေရာ ပိုမိုရရှိကာ ငါးသင်းအထိ ဝင်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းအား AFC U19 Championship Bahrain 2016 ခြေစစ်ပွဲစဉ်များတွင် ပရိသတ်အကြိုက် ခြေစွမ်းပြနိုင်ရေးနှင့်ခြေစစ်ပွဲစဉ်များတွင် အောင်မြင်ရေးအတွက် အကောင်းဆုံးစုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၉အသင်းသည် ပြီးခဲ့သည့် ၂၀၁၄ခုနှစ်AFC U19 Championship Myanmar 2014 ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ မြန်မာ ယူ-၁၉အသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သဖြင့် နယူးဇီလန်တွင်ကျင်းပခဲ့သည့် ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ယခု ကျင်းပမည့် AFC U19 Championship Bahrain 2016 ပြိုင်ပွဲ၏ အုပ်စု(စ)ပွဲစဉ်တွင် မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့်ပွဲဦးထွက်ယှဉ် ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု(စ)ပွဲ စဉ်များကို တစ်နေ့လျှင် နှစ်ပွဲစီယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ပထမပွဲစဉ်ကို ညနေ၃နာရီ၃၀မိနစ်တွင် လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ညနေ ၆ နာရီ ၃၀ မိနစ်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

### အုပ်စု(စ)ပွဲစဉ်များ

| | |
|---|---|
| ၂၈-၉-၁၅ | ဟောင်ကောင် - ဗီယက်နမ် |
| | တီမော - ဘရူနိုင်း |
| ၃၀-၉-၁၅ | ဘရူနိုင်း - မြန်မာ |
| | တီမော - ဟောင်ကောင် |
| ၂-၁၀-၁၅ | မြန်မာ - တီမော |
| | ဗီယက်နမ်-ဘရူနိုင်း |
| ၄-၁၀-၁၅ | ဗီယက်နမ် - တီမော |
| | ဟောင်ကောင်-မြန်မာ |
| ၆-၁၀-၁၅ | ဘရူနိုင်း - ဟောင်ကောင် |
| | မြန်မာ - ဗီယက်နမ် |




## အမေရိကန်ဒေါ်လာ နှစ်သန်းကျော် ကုန်ကျမည့် မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)ကို ရှစ်လအတွင်း အပြီးတည်ဆောက်သွားမည်

အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းခန့်ကုန်ကျမည့် မြန်မာဘောလုံးအကယ်ဒမီ (ရန်ကုန်)ကို ရန်ကုန်မြို့ သုဝဏ္ဏရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပိုင်မြက်ခင်းတုကွင်းအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ မြန်မာဘောလုံးအကယ်ဒမီကို ရှစ်လနှင့်အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ အမေရိကန်ဒေါ်လာငါးသိန်း ထောက်ပံ့ပေးမည်ဖြစ်ရာ ထပ်မံလိုအပ်သည့်အမေရိကန်ဒေါ်လာ နှစ်သန်းကို ဇေယျာဝတီ ဖောင်ဒေးရှင်းမှ ပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် မြန်မာဘောလုံးအကယ်ဒမီ(ပုသိမ်)တို့ကို တည်ဆောက်ဖွင့်လှစ်ထားပြီးဖြစ်သည်။

ထို့ကြောင့် မြန်မာဘောလုံးအကယ်ဒမီ(ရန်ကုန်)သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ တတိယမြောက်ဘောလုံးအကယ်ဒမီဖြစ်လာခဲ့ပြီး သက်တမ်းအလိုက်လက်ရွေးစင်ကစားသမားများကို မွေးထုတ်ပေးလျက်ရှိကာ ၂၀၁၄ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်လူငယ်ဘောလုံးပွဲတော်သို့ အဆိုပါဘောလုံးအကယ်ဒမီများမှ လူငယ်ကစားသမားများ သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်လျက်ရှိသည့် ဘောလုံးအကယ်ဒမီကျောင်းများသည် အသက် ၁၁နှစ်အရွယ်မှ အသက် ၁၅နှစ်အရွယ်ရှိသည့်ကျောင်းသားများကိုလက်ခံကာ ဘောလုံးပညာရပ်များကို သင်ကြားပေးသည့်အပြင်အတန်းပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

## ၂၀၁၆ ဘရာဇီးနွေရာသီအိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့်ခြေစစ်ပွဲစဉ်များကို မြန်မာနိုင်ငံတွင်ကျင်းပမည်

၂၀၁၆ခုနှစ် ဩဂုတ်လအတွင်း ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင် ကျင်းပမည့် နွေရာသီအိုလံပစ်ပွဲတော်၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် ဒုတိယအဆင့်ခြေစစ်ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ ခြေစစ်ပွဲပထမအဆင့်ပွဲစဉ်များကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုအခါ ဒုတိယအဆင့်ခြေစစ်ပွဲစဉ်များကိုလည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



အိုလံပစ်ခြေစစ်ပွဲ ပထမအဆင့်ပွဲ စဉ်များကို မန္တလေးမြို့ရှိမန္တလာသီရိအားကစားကွင်းတွင်ကျင်းပခဲ့ရာထိုစဉ်က မြန်မာအသင်းသည် သီရိလင်္ကာ၊ အိန္ဒိယအသင်းတို့ကို အနိုင်ကစားကာ အုပ်စုဗိုလ်ဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲဒုတိယအဆင့်တွင် ဗီယက်နမ်၊ ဂျော်ဒန်၊ တရုတ်(တိုင်ပေ)၊ ထိုင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုဒုတိယအဆင့်တွင် ထိပ်ဆုံးတစ်သင်းသာဂျပန်နိုင်ငံတွင်ကျင်းပမည့်နောက်ဆုံးခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်ကို ၂၀၁၅ခုနှစ်၊စက်တင်ဘာလ ၁၄ရက်နေ့တွင်စတင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပွဲစဉ်အသေးစိတ်ကို မူထုတ်ပြန်ထားခြင်းမရှိသေးပေ။ ပွဲစဉ်များကို မန္တလေးမြို့ရှိ မန္တလာသီရိကစားကွင်းတွင်ပင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ခင်မိုးဝေနှင့် ဝင့်သိင်္ဂီထွန်းတို့က သွင်းဂိုးအများဆုံး(၆ဂိုးစီ)ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး နော်အားလိုဝါးဖော၊ ရီရီဦးနှင့် ဂျော်ဒန်မှ မေဆာဂျာဘာရှ်တို့က လေးဂိုးစီဖြင့် ဒုတိယနေရာတွင် ရပ်တည်နေကြသည်။

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ၂၀၁၅ ပြိုင်ပွဲအတွက် တပ်မတော်မှ ကျပ်သိန်း ၂၀၀၀ ပံ့ပိုးလှူဒါန်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကျင်းပလျက်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ၂၀၁၅ရှုံးထွက်ပြိုင်ပွဲအတွက် တပ်မတော်မှ ကျပ်သိန်း ၂၀၀၀ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပံ့ပိုးလှူဒါန်းခြင်း အခမ်းအနားကို ဇွန်လ ၂၇ရက်နေ့က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် မြန်မာ့ဘောလုံးလောကအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး မြဝတီ၊ ဒဂုံ အက်ဖ်စီစသည်ဖြင့် ကလပ်အသင်းများဖွဲ့စည်းကာ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ထို့ပြင် လိဂ်-၂ ပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင်တပ်မတော်အနေဖြင့် မြဝတီအမျိုးသမီးဘောလုံးအသင်းကိုလည်း ဖွဲ့စည်းထားပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက်လည်း ကစားသမားများမွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်မှ လှူဒါန်းငွေ ကျပ်သိန်း ၂၀၀၀ ကို တပ်မတော်ကိုယ်စား စစ်ရေးချုပ်ဗိုလ်ချုပ်ဆန်းဦးက ပေးအပ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ကလပ်အသင်းပိုင်ရှင်များက လက်ခံရယူခဲ့ကြသည်။



## ခြစားမှုနှင့် ပတ်သက်၍ စိတ်ရှင်းသည်ဟု ဘလက်တာဆို

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ရှစ်ယောက်မြောက်ဥက္ကဋ္ဌဖြစ်သည့် ယိုဆေဆပ်ဘလတ္တာက ဖီဖာ၏ခြစားမှု အရှုပ်တော်ပုံတွင် ၎င်းအနေဖြင့် စိတ်ရှင်းကြောင်း၊ ယခုအချိန်အထိ ၎င်းကို မည်သူတစ်ဦးတစ်ယောက်ကမှ ခေါ်ယူခြင်းမရှိသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဖီဖာဥက္ကဋ္ဌအဖြစ် ၁၉၈၉ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့သည့် ဆပ်ဘလတ္တာသည် အသက် ၇၄နှစ် အရွယ်ရှိပြီး ဖီဖာအဖွဲ့ချုပ်အတွင်း လာဘ်စားမှုများရှိနေသည်ဟူသည့် စွပ်စွဲချက်များဖြင့် ဖီဖာအမှုဆောင်များကို ဖမ်းဆီးခဲ့ပြီးနောက် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့သည်။

"ကျွန်တော် အမှားတစ်ခုမှ မလုပ်ခဲ့ပါဘူး။ အဲဒီလိုမလုပ်ခဲ့တဲ့အတွက် ကျွန်တော်သေတဲ့အခါကျရင် ကောင်းကင်ဘုံကိုပဲ သွားရမှာပါ။ ဒီခြစားမှုနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဘယ်သူမှ လာပြီး မေးမြန်းစုံစမ်းတာတွေ မလုပ်ကြသေးပါဘူး။ ဖီဖာက လာဘ်စားတယ်ဆိုတဲ့စကားလုံးဟာ ကျွန်တော့်ခေါင်းကို ကမ္ဘာလုံးလောက်ကြီးသွားစေတယ်။ ထောင်ထဲမှာ သွားနေသင့်တယ်လို့ လူတိုင်းက ပြောနေကြတယ်"ဟု ဆပ်ဘလတ္တာနှင့် ဂျာမန်မဂ္ဂဇင်း Bunte တို့ တွေ့ဆုံမေးမြန်းရာတွင် ဘလတ္တာက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အစောပိုင်းကလည်း ဒိုမီနီကန်နိုင်ငံမှ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Osiris Guzman က ဘလတ္တာအား ဘုရားသခင်နှင့်တူညီသည်ဟု ခိုင်းနှိုင်းပြောဆိုသကဲ့သို့ နယ်လ်ဆင်မင်ဒဲလား၊ ဝင်စတန်ချာချီတို့ကဲ့သို့ ပုံရိပ်ကောင်းသည့် သူတစ်ဦးဖြစ်သည်ဟု ချီးကျူးပြောဆိုခဲ့သည်။

## နှစ်ထပ်ကွမ်း ဝင်ဘယ်ဒန်ချန်ပီယံ ရာဖေးနာဒယ်ကို နိုင်ခြေအဆင့် သတ်မှတ်ခြင်းမခံရသည့် ဒပ်စတင်ဘရောင်းက လေးပွဲကစားပြီး အနိုင်ယူ





၂၀၁၅ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပွဲစဉ်များကို ကျင်းပလျက်ရှိရာ ဇူလိုင် ၃ ရက်ကကျင်းပခဲ့သည့် ရာဖေးနာဒယ်နှင့် ဒပ်စတင်ဘရောင်းတို့၏ပွဲတွင် ဒပ်စတင်ဘရောင်းက လေးပွဲတစ်ပွဲဖြင့် အနိုင်ယူကာ ဝင်ဘယ်ဒန်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားခဲ့သည်။

ဝင်ဘယ်ဒန်နှစ်ထပ်ကွမ်း ချန်ပီယံရာဖေးနာဒယ်သည် နိုင်ခြေအဆင့် ၁၀ အဖြစ် သတ်မှတ်ခံထားရပြီး ဒပ်စတင်ဘရောင်းမှာမူ နိုင်ခြေအဆင့်သတ်မှတ်ခံရခြင်းမရှိသည့် ကစားသမားတစ်ဦးဖြစ်သည်။

ယခုကဲ့သို့ နိုင်ခြေအဆင့် သတ်မှတ်ခံထားရခြင်းမရှိသည့် ကစားသမားက တင်းနစ်ချန်ပီယံအား လေးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည့်အတွက် တင်းနစ်လောကတွင် ဒပ်စတင်ဘရောင်း၏ ဂုဏ်သတင်းသည် ထင်ပေါ်လာခဲ့သည်။

အသက် ၃၀ အရွယ်ရှိသည့် ဂျာမနီနိုင်ငံသားတင်းနစ်ချန်ပီယံ ဒပ်စတင်ဘရောင်းသည် အဆိုပါပြိုင်ပွဲတွင် နာဒယ်အား ၇-၅၊ ၃-၆၊ ၆-၄၊ ၆-၄ ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝင်ဘယ်ဒန်ပြိုင်ပွဲ၏ ပွဲစဉ်ဇယားရေးဆွဲမှုအရ ဒပ်စတင်ဘရောင်းသည် ကွာတားဖိုင်နယ်တွင် အန်ဒီမိုရေးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အန်ဒီမိုရေးသည် ဒုတိယအဆင့်ပွဲစဉ်တွင် ရော်ဘင်ဟတ်စ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ယူကာ တတိယဆင့်သို့ တက်လှမ်းလာခဲ့သည်။

နာဒယ်နှင့် ဒပ်စတင်ဘရောင်းတို့၏ပွဲစဉ်တွင် ဒပ်စတင်ဘရောင်းသည် စပေးဘောများပေးရာတွင် ရိုက်ချက်ပြင်းပြင်းဖြင့် ပေးခဲ့သည့်အတွက် စပေးဘောအမှတ်များရရှိခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘယ်သန်တစ်ဦးဖြစ်သည့် နာဒယ်သည် ဒပ်စတင်၏စပေးဘောရိုက်ချက်များကို ဆယ်မနိုင်ခြင်းမရှိဘဲ အမှတ်များ ပြန်ပေးလိုက်ရခြင်းဖြစ်သည်။ ယခုကဲ့သို့ အနိုင်ရရှိခဲ့သည့်အတွက် ဒပ်စတင်က ၎င်း၏ဘဝတွင် အကောင်းဆုံးသောနေ့တစ်နေ့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော် ဒီနေ့ပွဲမှာ အနိုင်ရခဲ့တဲ့အတွက် အရမ်းကိုပျော်ပါတယ်။ ဒီပွဲဟာ ကျွန်တော့်အတွက် အနိုင်နဲ့အရှုံးနှစ်ခုမှာ အရှုံးရလဒ်ကကျွန်တော့်အတွက် ပိုပြီးများပါတယ်။ ဒါပေမယ့် ဒီပွဲမှာကျွန်တော် ပြတ်ပြတ်သားသားနဲ့ကို အနိုင်ရခဲ့တာပါ။ တင်းနစ်ကွင်းထဲမှာ ကစားဖို့ စိတ်အားထက်သန်တဲ့ကလေးတွေအတွက် စွမ်းအားတစ်ရပ်လို့ ကျွန်တော်ခံစားမိပါတယ်"ဟု ဒပ်စတင်ဘရောင်းက ပြောကြားခဲ့သည်။

## ဒဏ်ရာမသက်သာမှုကြောင့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲမှ အူစိန်ဘော့လ်တ် နုတ်ထွက်




ဂျမေကာ တာတိုအပြေးချန်ပီယံ အူစိန်ဘော့လ်တ်သည်လာမည့်ရက်ပိုင်းအတွင်း ကျင်းပမည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်တော့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အိုလံပစ် တာတိုအပြေးချန်ပီယံဘွဲ့ကို ခြောက်ကြိမ်တိတိ ရယူထားနိုင်ခဲ့သည့် အူစိန်ဘော့လ်တ်က ၎င်းတွင် ရရှိထားသည့်ဒဏ်ရာသည် ရာနှုန်းပြည့် ကောင်းမွန်လာခြင်းမရှိသေးသဖြင့် ပြေးလွှားလှုပ်ရှားရာတွင် အဆင်မပြေသေးကြောင်း၊ ထို့ကြောင့်ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဟု ကြေညာခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၂၈ နှစ်အရွယ်ရှိ အူစိန်ဘော့လ်တ်သည် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ဂျမေကာနိုင်ငံ ပြည်တွင်းပြေးခုန်ပစ်ပြိုင်ပွဲကိုပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပေ။

အူစိန်ဘော့လ်တ်သည် ယခုနှစ် ပြေးခုန်ပစ်ရာသီအတွင်းတွင် သူ၏ပြိုင်ဘက်များဖြစ်ကြသည့် ဂျပ်စတင်ဂတ်လင်းနှင့် တိုင်ဆန်ဂေးတို့ပြေးသည့် စံချိန်ကိုပင်မမှီခဲ့ခြင်းမရှိပေ။သူ၏မီတာ ၁၀၀ စံချိန်သည် ၁၀ ဒသမ ၁၂ စက္ကန့်ရှိခဲ့ပြီး မီတာ ၂၀၀ စံချိန်မှာ ၂၀ ဒသမ ၁၃ စက္ကန့်ရှိခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၂၈ရက်က အမေရိကန်နိုင်ငံမှ တာတိုအပြေးချန်ပီယံ ဂျပ်စတင်ဂတ်လင်း၏ မီတာ ၂၀၀ စံချိန်သည် ၁၉ ဒသမ ၅၇ စက္ကန့်သာရှိခဲ့ရာ တာတိုအပြေးပြိုင်ပွဲဝင်မည့် သူများအားလုံး အံ့အားသင့်ခဲ့ကြရသည်။ ထို့ပြင် ဂတ်လင်းသည် ကမ္ဘာ့ပဉ္စမအမြန်ဆုံး လူသားဘွဲ့ကို ခံယူထားသော်လည်း သူ၏မီတာ ၁၀၀ စံချိန်မှာ ၉ ဒသမ ၇၄ စက္ကန့်သာရှိခဲ့သည်။ ထို့အတူ တိုင်ဆန်ဂေး၏ မီတာ ၁၀၀ စံချိန်သည်လည်း ၉ဒသမ ၈၇စက္ကန့်သာရှိခဲ့သည်။

မီတာ ၁၀၀ နှင့် မီတာ ၂၀၀ တို့တွင်ကမ္ဘာ့စံချိန်ချိုးထားနိုင်ခဲ့သည့် အူစိန်ဘော့လ်တ်သည် မြူးနစ်မြို့တွင် ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရရှိခဲ့သည့် ဖနောင့်ကြောဒဏ်ရာကြောင့် ပြိုင်ပွဲများနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

"ကျွန်တော် တကယ်စိတ်ပျက်မိတယ်။ ဒီဒိုင်းမွန်းလိဂ်ကို အားခဲထားတာပါ။ ပြေးနေရရင် ကျွန်တော်ပျော်တယ်။ အဲဒီထဲမှာ ကျွန်တော့်ရဲ့ပျော်ရွှင်မှုတွေရှိတယ်။ ဒါပေမယ့် ကျွန်တော် အခုရှေ့ဆက်တိုးလို့မရဘူးဖြစ်နေတယ်၊ ကျွန်တော် ရာနှုန်းပြည့် မကောင်းသေးဘူးလေ"ဟု ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

## The Greenbrier Classic ပြိုင်ပွဲ၏ ပထမဦးဆုံးနေ့မှာပင် အကောင်းဆုံးစွမ်းရည်ကို တိုက်ဂါးဝုဒ်ပြသနိုင်ခဲ့



အမေရိကန်နိုင်ငံ၏ ဂေါက်သီးချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် တိုက်ဂါးဝုဒ်သည် အနောက်ဗာဂျီးနီးယားတွင် ကျင်းပလျက်ရှိသည့် The Greenbrier Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမဦးဆုံးနေ့မှာပင် ၎င်း၏ အကောင်းဆုံးလက်စွမ်းကိုပြသနိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်သည် အဆိုပါပြိုင်ပွဲတွင် ကျင်းအမှတ် ၁၂ ၌ စတင်ယှဉ်ပြိုင်ခဲ့ရာ သတ်မှတ်ရိုက်ချက်အောက် လေးချက်လျှော့ရိုက်ခဲ့ပြီး ပါရအောင်ယူနိုင်ခဲ့သည်။ တိုက်ဂါးဝုဒ်၏ လက်ရည်တက်လာသည့်သတင်းကို မီဒီယာအသီးသီးက ချီးကျူးထုတ်ဖော်ရေးသားခဲ့ကြသည်။

၎င်းသည် ပီဂျီအေတိုးဂေါက်သီး ရိုက်ပြိုင်ပွဲများတွင် ၂၀၁၄ခုနှစ် မတ်လ ကတည်းက လက်ရည်များကျဆင်းလာခဲ့ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့် ၂၂၀ အထိ ကျဆင်းသွားခဲ့သည်။ ၎င်း၏ဆိုးရွားလှသည့်ရလဒ်များကြောင့် တိုက်ဂါးဝုဒ်သည်ချန်ဘာဘေးတွင်ကျင်းပသည့် ယူအက်စ်အိုးပင်းပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။ ထို့ပြင် သူသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့်နောက်ဆုံး ခြောက်ပွဲတွင်လည်း ရလဒ်များဆိုးရွားမှုနှင့် ကြုံတွေ့ ခဲ့ရသည်။

ထို့ပြင် အိုဟိုင်းအိုးတွင် ကျင်းပခဲ့သည့် Memorial Tournament ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက် ၈၅ ချက်ထက် ၁၃ ချက်ပိုရိုက်ခဲ့သဖြင့် ပြိုင်ပွဲတွင် အရှုံးကွဲခဲ့ရသည်။

# အာဆီယံ-ကိုရီးယားစင်တာမှ တာဝန်ရှိသူများ ရှမ်းပြည်နယ်တောင်ပိုင်းရှိ လက်မှုလုပ်ငန်းများအား စိတ်ဝင်စားစွာကြည့်ရှုလေ့လာ

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရိုးရာရက်ကန်းနှင့် လက်မှုအနုထည်လုပ်ငန်းများကို အာဆီယံ-ကိုရီးယားစင်တာမှ ပညာရှင်များနှင့် ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စား သုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂ ရက်ကကြည့်ရှုလေ့လာခဲ့ကြောင်းသိရပါတယ်။

အဆိုပါအဖွဲ့ဝင်များဟာ ဇူလိုင် ၂ ရက်က ရှမ်းပြည်နယ်တောင်ကြီးခရိုင် ပင်းတယမြို့နယ်ရှိ လက်ရက်ကန်း အစုအဖွဲ့လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ရိုးရာရက်ကန်းရက်လုပ်မှု အခြေအနေများ၊ အဆင်ဒီဇိုင်းများ၊ ဈေးနှုန်းဈေးကွက် အခြေအနေများကို လေ့လာကြည့်ရှုဆွေးနွေးခဲ့ပြီး နေ့လယ် ၃ နာရီခန့်တွင် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသရှိ ခေတ်ဆန်းယဉ်၊ ကြာခြည်နှင့် ရိုးရာရက်ကန်းအလုပ်ရုံသို့ သွားရောက်လေ့လာခဲ့ပြီး ဈေးနှုန်းဈေးကွက်အခြေအနေများနှင့် အဆင်ဒီဇိုင်းနဲ့ပတ်သက်လို့ဆွေးနွေးကာ စိတ်ဝင်စားတဲ့ ရိုးရာအထည်များအား ဝယ်ယူအားပေးခဲ့ကြောင်း သိရပါတယ်။

ယင်းအဖွဲ့ဝင်များသည် ညနေပိုင်းတွင် IRDC Co.Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစိုင်းနွံခေး ကိုယ်တိုင်ဖွဲ့စည်းတည်ထောင်ရက်လုပ်သော ဝါးလက်မှုအနုထည်နှင့် ရိုးရာဝတ်စုံအရောင်းစင်တာသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်းနှင့် ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ကိုရီးယားစင်တာတို့ ပူးပေါင်းပြီး၊ မြန်မာနိုင်ငံမှ ဒေသထွက်ကုန်ကြမ်း များကို အခြေခံ၍ ရိုးရာလက်မှုနည်းပညာနှင့် ပေါင်းစပ်ထားသည့် ထုတ်ကုန်များကို နိုင်ငံတကာမှ ကြိုက်နှစ်သက်သည့် ဒီဇိုင်းများထုတ် လုပ်ပြီး၊ ဈေးကွက်သို့ ထိုးဖောက်နိုင်စေရန်နှင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံကြား စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့နိုင်စေရန်ရည်ရွယ်ပြီး မြန်မာလက်မှုထည်များအတွက် ဒီဇိုင်းအလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်တောင်ပိုင်းရှိ လက်မှုလုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရပါတယ်။



**မင်းအောင်-တောင်ကြီး**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဗဟန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ကျောင်းသား၊ ကျောင်းသူများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးမှုများကို ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ဇွန်လ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပခဲ့ပါသည်။



ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အင်းစိန်ခရိုင်ဦးစီးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်စောလှနှင့်တစ်ဦး၊ ဗဟန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီသော်၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်နှင့် အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူ ၆၆၅ ဦး၊ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချသည့်ဈေးသည်များ စုစုပေါင်း ၆၉၇ ဦးတက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ ကျောင်းကျန်းမာရေးတာဝန်ခံဆရာမနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ သတ်မှတ်ထားသည့် ကျောင်းတွင်း စားသောက်ဆိုင်များ လိုက်နာရမည့် စည်းကမ်း(၁၁)ချက်နှင့် ရောင်းချလျက်ရှိသည့် ကျောင်းမုန့်ဈေးတန်းကို ကြည့်ရှုစစ်ဆေးပြီး အသိပညာပေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ရွှေနန်ယဉ်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်စောလှက ကျောင်းကျန်းမာရေးနှင့် ဆက်စပ်လျက်ရှိသည့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အစားအစာ၊ လတ်ဆတ်သည့် အစားအစာများ ရွေးချယ်စားသုံးကြရန်တို့ကိုလည်းကောင်း၊ ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီသော်မှ လူတိုင်းလုံခြုံစိတ်ချရသည့် စားသောက်နေထိုင်မှု ဘဝကို ရရှိရန်၊ ဈေးရောင်းချသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုက်နာရမည့် စည်းကမ်းချက်နှင့်အညီ ဈေးရောင်းချခြင်း ရှိ/မရှိတို့ကို စစ်ဆေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေအား အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်က အသင့်စားအစားအစာများ စားသုံးခြင်းကြောင့် ကင်ဆာရောဂါဖြစ်ပွားနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းသိန်းက နေ့စဉ်စားသုံးနေသည့်အစားအစာများသည် အရေးကြီးသဖြင့် ကျောင်းသား/ကျောင်းသူများအနေဖြင့် ကျောင်းတွင်း မုန့်ဈေးတန်းနှင့် ကျောင်းပြင်ပတွင်ရှိသည့် မုန့်များကို ရွေးချယ်၍စားသုံးနိုင်မည့်နည်းလမ်းများကို အသေးစိတ်ဆွေးနွေး ခဲ့ပါသည်။

အလားတူ ဇူလိုင် ၂ရက်မွန်းလွဲ ၁ နာရီတွင် စမ်းချောင်းမြို့နယ်၊ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များနှင့် ကျောင်းသားမိဘများ၊ ကျောင်းသား/ကျောင်းသူ ၂၇၀ ဦး၊ ကျောင်းမုန့်ဈေးတန်းတွင် ဈေးရောင်းချသူများ၊ စုစုပေါင်းအင်အား ၃၅၀ ဦး တက်ရောက်ခဲ့ပါသည်။

ယင်းနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရန်ကုန်ရုံးခွဲမှ ဒေါက်တာ ဥမ္မာစိုးဝင်းက အန္တရာယ်ကင်းသော အစားအစာများ စားသုံးရန်နှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် အစားအစာ၊ လူသုံးကုန်ပစ္စည်းများအကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန (ကိုယ်စား) စမ်းချောင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်ချိုလတ်က ကာယစွမ်းအား၊ ဉာဏစွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချသည့် အစားအစာများသည် ကျန်းမာရေးနှင့်ညီညွတ်ရန် အရေးကြီးသဖြင့် ကျောင်းသား/ကျောင်းသူများမှ ရွေးချယ်စားသုံးရန် လိုအပ်ကြောင်းတို့ကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ဒေဝီထွန်း၊ ခင်မြဦး**
**(စားသုံးသူ)ရန်ကုန်**

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးဖို့ မုံရွာမြို့နယ် ခတက္ကန်(မ)ကျေးရွာမှာ ကျောက်ဆစ်လုပ်ငန်းအစုအဖွဲ့ ဖွဲ့

မုံရွာမြို့နယ်မှာ သဘာဝသယံဇာတများ ပေါကြွယ်ဝသလို မိရိုးဖလာနည်းပညာများနဲ့ အသေးစား ကုန်ထုတ်လုပ်ငန်းများအဖြစ် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ကြတဲ့ လက်မှုလုပ်ငန်းမျိုးစုံရှိရာ ခတက္ကန်မြောက်ရွာက ကျောက်ဆစ်လုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ဖိုးခေါင်တောင် (ခေါ်) ဗောဓိတစ်ထောင် တောင်ကြောများရှိ သဘာဝမီးသင့်ကျောက်များကို ပိုင်းဖြတ်ပြီး ကျောက်ငရုတ်ဆုံနဲ့ ကျောက်ဘီး၊ ကျောက်ပျဉ်များ ပြုပြင်ထုတ်လုပ်တဲ့ ကျောက်ဆစ်လုပ်ငန်းကို ရှေးယခင်မှ ယနေ့ထိ တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိတာ တွေ့ရပါတယ်။ အဆိုပါ ကျောက်ဆစ်လုပ်ငန်း ရေရှည်တည်တံ့ဖို့အတွက် လိုအပ်တဲ့နည်းပညာများ၊ အရင်းအနှီးများနဲ့ ဈေးကွက်များ ပိုမိုကျယ်ပြန့်စွာ ရရှိနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ခတက္ကန်မြောက်ကျေးရွာကျောက်ဆစ်လုပ်ငန်းအစုအဖွဲ့ကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့နယ်မှ လုပ်ငန်းရှင် ၁၀ ဦး၊ လုပ်သား ၁၂၃ ဦး စုစုပေါင်း ၁၃၃ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီး အလုပ်အမှုဆောင်ကော်မတီကို ခုနစ်ဦးနဲ့ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပါတယ်။

ကုန်ချောထုတ်လုပ်နိုင်မှုအနေနဲ့ တစ်ရက်ကို ကျောက်ငရုတ်ဆုံ အလုံး ၂၀၀ ခန့်နဲ့ မုန့်ကြိတ်ကျောက်ဘီး အရွယ်စုံ ၁၅ လုံးခန့် ထုတ်လုပ်နိုင်ပြီး လောလောဆယ်ဈေးကွက်အနေနဲ့ မုံရွာ၊ မန္တလေး၊ ရန်ကုန်၊ ဟသ်ာတ၊ စစ်ကိုင်းမြို့နယ်များနဲ့ မုံရွာ ဗောဓိတစ်ထောင် ဆိုင်ခန်းများမှ ဘုရားဖူးပြည်သူများအတွက် လက်လီလက်ကားဈေးကွက်ဖြန့်ချိလျက်ရှိတယ်လို့ ဆိုပါတယ်။ ကျောက်ဆစ်လုပ်ငန်းအတွက် လုပ်ငန်းရှင်တစ်ဦးရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ ၁၅၀ အထိရှိကာ ကုန်ကြမ်းအတွက် ငွေကြိုတင်ပေးရခြင်း၊ ကုန်ချောကို အကြွေးရောင်းချရခြင်းတို့ကြောင့် အရင်းအနှီးလိုအပ်ချက်များရှိနေရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးထံ တင်ပြပြီး ချေးငွေရရှိရေးဆက်လက် ချိတ်ဆက်ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မုံရွာမြို့တွင် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးဆွေးနွေးပွဲကို မုံရွာမြို့၊ ပေါ်ဦးခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်က EDNA Myanmar (Entrepreneurship Development Network Asia Myanmar Co, ltd. An Education) ရန်ကုန်မှ ကြီးမှူးပြီး ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် သင်တန်းသား၊ သင်တန်းသူ များကို ဖိတ်ကြားပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ မိမိတို့ ထုတ်ကုန် များအတွက် ဝယ်သူများရရှိနိုင်ရေး၊ ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေး၊ မိမိ၏ထောက်ပံ့မှုကွင်းဆက်တွင် ပါဝင်သော ကဏ္ဍအသီးသီးရှိ လုပ်ငန်းရှင်များနှင့် အဆက်အသွယ် ကွန်ရက်များ တည်ဆောက်နိုင်ရန်နှင့် ဒေသတွင်းအောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်၊ ပညာရှင်များမှ လုပ်ငန်းအတွေ့အကြုံများ၊ စိန်ခေါ်မှုများကို ပြန်လည်မျှဝေပေးရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ကျင်းပတာဖြစ်ပါတယ်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မုံရွာမြို့မှ ဦးစီးအရာရှိ ဒေါက်တာဒေါ်လဝန်းရွှေကလည်း မိမိတို့ဌာနအနေဖြင့် အစားအသောက်များ ဘေးဥပါဒ်မဖြစ်စေရန် Export, Import / ပြည်တွင်းထုတ် အစားအသောက်နှင့်ဆေးဝါးများကို ထောက်ခံချက်ပေးနေကြောင်း၊ အစားအသောက်ကို ထောက်ခံချက် ၂ နှစ်၊ ပုပ်သိုးလွယ်သော (ဆီပါ) အစားအသောက်ကို ၁ နှစ် ထောက်ခံချက်ပေးကြောင်း၊ စားသောက်ဆိုင်များအနေဖြင့် ဆောင်ရန်၊ ရှောင်ရန်၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသည်လည်း အရေးကြီးကြောင်း၊ သန့်ရှင်းစွာကိုင်တွယ်လုပ်ဆောင်ရန် နှင့် မီးဖိုချောင်၊ ပန်းကန်ခွက်ယောက်များကို အမြဲသန့်ရှင်းစွာထားခြင်းဖြင့် စားသုံးသူများအတွက် ဘေးဥပါဒ် အန္တရာယ်ကင်းရှင်းပြီး ရောဂါဘယကင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ယခုဆွေးနွေးပွဲမှာ စားသောက်ဆိုင်လုပ်ငန်းနဲ့အောင်မြင်နေတဲ့ အုပ်စိုးစားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်နှင့် ကံထူးကံသာမြန်မာထမင်းဆိုင်ပိုင်ရှင်တို့က ၎င်းတို့ရဲ့လုပ်ငန်းအောင်မြင်ရခြင်းအကြောင်းအရာများကို ပြောကြားခဲ့ပါတယ်။

အုပ်စိုးစားသောက်ဆိုင်လုပ်ငန်းသည် စားသောက်ဆိုင်လုပ်ငန်းနှင့် ခန်းမငှားခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဝန်ထမ်း ၃၀ ဦးခန့်ရှိကြောင်း၊ စီမံခန့်ခွဲမှုအပိုင်းတွင် ငွေ၊ လူနှင့် အချိန်ကိုစနစ်တကျစီမံခန့်ခွဲကြောင်း၊ နိုင်ငံခြားဧည့်သည်များအတွက် ထိုင်း၊ ကိုရီးယားအစားအစာများအား သင်တန်းတက်ပြီးသော စားဖိုမှူးများကို ရွေးချယ်ခန့်ထားကြောင်း၊ အစားအသောက်နှင့် ဝန်ဆောင်မှု ကောင်းမှ ဧည့်ဝင်ရောက်မှုများမည်ဖြစ်ကြောင်း၊ မုံရွာမြို့တွင် စားသောက်ဆိုင်လုပ်ငန်း အသင်းအဖွဲ့မရှိသေး၍ အသင်းအဖွဲ့ဖွဲ့စည်းကာ နိုင်ငံတကာ စံချိန်မီအောင် အားလုံးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ကံထူးကံသာမြန်မာထမင်းဆိုင်ပိုင်ရှင်က လုပ်ငန်းများကို လုပ်ဆောင်ရာ၌ မိမိလုပ်ငန်း၊ မိမိဝန်ထမ်း နှင့်စားသုံးသူများအပေါ် စေတနာထားဖို့လိုကြောင်း၊ ဆိုင်၏အပြင်အဆင်သည်လည်း ဧည့်သည်ကို ဆွဲဆောင်နိုင်ကြောင်း၊ တကယ်ကြီးပွားတိုးတက်ချင်လျှင် အမြဲတမ်းစူးစမ်းလေ့လာခြင်း၊ စာဖတ်ခြင်းဖြင့် ဗဟုသုတရှာဖွေခြင်းကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတိုးချဲ့သည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးရာရောက်ကြောင်း ဆွေးနွေးပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**သန်းသန်းတင် - မုံရွာ**

■

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်မှာ ဇွန်လ ၃၀ ရက်က ကဏ္ဍအလိုက်မြို့ပြ/ကျေးလက် ဒေသများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အရာထမ်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး LAG - LOG မှ ဦးနေဇင်လတ်က ဆွေးနွေးပွဲဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များအားရှင်းလင်းတင်ပြပြီး၊ (ပန်းတိုင်ရှင် လူမှုအဖွဲ့အစည်း)မှ ဦးခင်မောင်ဆွေက အရပ်ဖက်ကိုယ်စားလှယ်အဖြစ် လက်ရှိပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြား၍ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင် ဦးဝင်းမြင့်လှိုင်ကလည်း စီးပွားရေးလုပ်ငန်း များနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ အစည်းအဝေး ပထမနေ့တွင် စက်မှုလက်မှုနှင့်လျှပ်စစ်ကဏ္ဍကို တိုင်းဒေသကြီး ဝန်ကြီး ဦးစောမြသိန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှာ တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုးအောင်က ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဖြစ်သော ဇူလိုင်လ ၁ ရက်တွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို တိုင်းဒေသကြီး ဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က ဆွေးနွေးခဲ့ကြပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးကိစ္စရပ်များကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ခင်စောမူ၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်က ဆွေးနွေးသွားပါတယ်။

နှစ်ရက်ကြာဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ တိုးတက်မှုများ၊ စိန်ခေါ်မှုများနှင့်၊ အနာဂတ် အစီအစဉ်များကို စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအစီအစဉ်များ၊ အနာဂတ်လုပ်ငန်းအစီအစဉ်များအား သိရှိခွင့်ရရှိပြီး မည်ကဲ့သို့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည်ကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများဖော်ဆောင်ရာတွင်လည်း သက်ဆိုင်ရာ အစုအဖွဲ့များကြား ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး- ပုသိမ်**

# တောင်ကြီးခရိုင်၊ ရပ်စောက်မြို့တွင် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းပညာ သင်တန်းဖွင့်လှစ်ဆောင်ရွက်

ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ ကျေးလက်နေ ပြည်သူများ နည်းပညာနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးကြပ်၍ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၅ ခုနှစ် ဇွန်လ ၂၈ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့၊ ရတနာသီရိခန်းမမှာ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်းသိရပါတယ်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွှန့်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ရပ်စောက်မြို့နယ်မှ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ် အထောက်အကူပြုကော်မတီဝင်များ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၉၄ ဦး တက်ရောက်ခဲ့ကြပြီး၊ သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ကြာမြင့်မှာဖြစ်ကြောင်းသိရပါတယ်။

ယင်းသင်တန်းသို့ ရပ်စောက်မြို့နယ်မှ ဒေသခံတိုင်းရင်းသားများဖြစ်သော ပအို့(ဝ်) တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၊ ဗမာတိုင်းရင်းသားများ၊ ဓနုတိုင်းရင်းသားများ၊ ကရင်တိုင်းရင်းသားများ၊ ပလောင်တိုင်းရင်းသားများ စုစုပေါင်း သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြပြီး၊ ရှမ်းပြည်နယ်အစိုးရနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး အခမဲ့ဖွင့်လှစ်ဆောင်ရွက်ပေးပြီး သင်တန်းသားများကို လက်သုံးကရိယာများ အခမဲ့ပေးအပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင်-တောင်ကြီး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.25 Monday July 6 2015

# ကုန်သွယ်ရေး ထောက်ပံ့မှု (Aid for Trade) ရဲ့လက်တွေ့အကျိုးသက်ရောက်မှုရှိလာ

ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေရဲ့ စွမ်းဆောင်ရည်က အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှာပါဝင်လာကြတဲ့အခါ ခိုင်မာတောင့်တင်းမှုရှိနိုင်ဖို့အတွက် အထောက်အပံ့များပေးဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ကတိပြုထားပြီးဖြစ်ကြောင်း သတင်းမှာဖော်ပြထားပါတယ်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမှာ ပါဝင်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေတဲ့အပြင် ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချပေးနိုင်မယ်ဆိုတဲ့ ရည်မှန်းချက်ကိုအခြေခံပြီး ယခုလိုအကူအညီပေးခဲ့တာ ဖြစ်ပါတယ်။

ဒဗလျူတီအို အစီအစဉ်အရ ကုန်သွယ်ရေးဖြေလျှော့မှုတွေ ဆောင်ရွက်ရာမှာ ပါကစ္စတန်အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စိန်ခေါ်မှုအမြောက်အမြားနဲ့ ရင်ဆိုင်နေရကြောင်း ဖွံ့ဖြိုးဆဲနိုင်ငံတွေက အလေးပေးပြောကြားကြပါတယ်။ အဲဒီအခက်အခဲတွေထဲမှာ ဖြန့်ဖြူးရေးတစ်နည်းအားဖြင့် ရောင်းလိုအားဘက်မှာရှိနေတဲ့အဟန့်အတားများမှ အစပြုကာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှာ ထိထိရောက်ရောက်ပါဝင်ပြီး စီးပွားရေးအကျိုးအမြတ်ရယူနိုင်မယ့် စွမ်းဆောင်ရည်ကိုကျဆင်းစေတဲ့ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးမှုအဟန့်အတားတွေအထိ ပါဝင်ပါတယ်။

ဒီလိုနောက်ခံအခြေအနေတွေကို အကြောင်းပြုပြီး ၂၀၀၅ခုနှစ်က ဟောင်ကောင်မှာ ကျင်းပခဲ့တဲ့ ဒဗလျူတီအိုကွန်ဖရင့်မှာ ကုန်သွယ်မှုအကူအညီ (Aid For Trade) ကိုချမှတ်ခဲ့ပြီး အဖွဲ့ဝင် နိုင်ငံတွေရဲ့ လိုအပ်ချက်တွေရှာဖွေဖော်ထုတ်ဖို့နဲ့ သဘာဝအရင်းအမြစ်တွေစုစည်းရာမှာ အလှူရှင်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပေးဖို့ အဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပါတယ်။

အလှူငွေကို လက်ခံရယူမယ့်နိုင်ငံတွေအတွက် နိုင်ငံစုံ အပြန်အလှန်ဆောင်ရွက်နေတဲ့ အလှူရှင်တွေနဲ့ နှစ်နိုင်ငံ အပြန်အလှန်ဆောင်ရွက်နေတဲ့အတွက် အလှူရှင်တွေရဲ့ အလှူငွေတွေကို လက်ခံရ ရှိအောင် ဒဗလျူတီအိုရဲ့ ဆောင်ရွက်မှုတွေက အောင်မြင်မှုတွေ ရရှိထားပြီးဖြစ်ပါတယ်။ ဒဗလျူတီအိုက Aid For Trade အစီအစဉ်ကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ပေးလျက်ရှိပါတယ်။

ယခုအချိန် လေ့လာသုံးသပ်ချက်ကို ဖြန့်ဝေပေးထားပြီး ပဉ္စမလေ့လာသုံးသပ်ချက်ကို ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။

## ဆင်းရဲမှု လျှော့ချရေးအတွက် ကုန်သွယ်မှု အတားအဆီးများ လျှော့ချရေးက အရေးပါ

ကုန်သွယ်မှုကုန်ကျစရိတ်တွေ လျှော့ချပြီး ကုန်သွယ်မှု အတားအဆီးတွေ နည်းနိုင်သမျှနည်း အောင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကမ္ဘာ့ကုန်သွယ်မှုစနစ်အတွင်းသို့ ထဲထဲဝင်ဝင် ပါဝင်လာနိုင်ရေးအတွက် ပိုမိုကြိုးပမ်း ဆောင်ရွက်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရေးအတွက် အရေးပါတဲ့ဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း ကမ္ဘာ့ဘဏ်နဲ့ ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ (ဒဗလျူတီအို) တို့ရဲ့ ပူးတွဲအစီရင်ခံစာကို ကိုးကားပြီး dawn ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြ ပါတယ်။

"ဆင်းရဲမှု အဆုံးသတ်ရေးအတွက် ကုန်သွယ်မှုအခန်းကဏ္ဍ" ဆိုတဲ့ အစီရင်ခံစာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးရေး အတွက် ကုန်သွယ်မှုသည် အဓိကခွန်အားတစ်ခု ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် ကုန်သွယ်မှု အတားအဆီးတွေလျှော့ချတဲ့ အခါဆင်းရဲသူတွေက အကျိုးအမြတ်ကို အမြင့်ဆုံးခံစားနိုင်ဖို့ လိုအပ်ပြီး ရရှိလာတဲ့အကျိုးစီးပွားတွေက ကမ္ဘာ့အဆင်းရဲဆုံး ပြည်သူတွေထိ ရောက်ရှိနိုင်ကြောင်း အာမခံနိုင်အောင်ဆောင်ရွက်ဖို့လိုပါတယ်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းကစပြီး လူတစ်သန်းခန့်ကို ဆင်းရဲတွင်းမှ ကယ်ထုတ်ခဲ့ပြီး ဖြစ်ပါတယ်။

တစ်ရက်ဝင်ငွေ ၁ ဒသမ ၂၅ ဒေါ်လာ အောက်ရောက်နေတဲ့ ပြည်သူတစ်ဘီလီယံကို ဆင်းရဲတွင်းကလွတ်အောင် ကူညီရာမှာ ဆင်းရဲသားတွေအကျိုးခံစားခွင့်မရအောင် တားဆီးနေတဲ့အရာတွေကို ဖယ်ရှားဖို့လိုပါတယ်။

ကုန်သွယ်မှုကုန်ကျစရိတ်တွေ လျှော့ချပေးရာမှာ ကမ္ဘာ့စီးပွားရေးစနစ်အတွင်းမှာ ရှိနေတဲ့ ဝင်ငွေနိမ့်ကျတဲ့ နိုင်ငံတွေကို ပေါင်းစည်းနိုင်အောင် ဆောင်ရွက်ရာမှာ မဆုတ်မနစ်ကြိုးစားဖို့လိုပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# တရုတ်နိုင်ငံမှာ AIIB ဘဏ်ရဲ့ဥပဒေရေးရာမူဘောင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ




အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို တရုတ်နိုင်ငံ၊ ပေကျင်းမြို့မှာ ကျင်းပခဲ့ပါတယ်။ AIIB ဘဏ်က အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့ကို ယှဉ်ပြိုင်နိုင်ဖို့ဖွဲ့စည်းထားတဲ့ဘဏ်တစ်ခုအဖြစ် မှတ်ယူထားကြကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

ဘဏ်ရဲ့ ကနဦးမတည်ရင်းနှီးငွေနဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ရှယ်ယာကို သတ်မှတ်ပေးတဲ့ ပြဋ္ဌာန်းချက်တွေကို နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်တွေက သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။

ယူကေ၊ ဂျာမနီ၊ ဩစတြေးလျနဲ့ တောင်ကိုရီးယားနိုင်ငံတွေကလည်း စတင်တည်ထောင်ခဲ့တဲ့နိုင်ငံတွေထဲမှာ ပါဝင်ပါတယ်။ AIIB ကို အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့က ဆန့်ကျင်ခဲ့ပြီး အဖွဲ့ထဲမှာ မပါဝင်ဘဲနေတဲ့ နိုင်ငံတွေအနက် အထူးခြားဆုံးဖြစ်ပါတယ်။

AIIB ကို အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံရဲ့ "အပျော့စားစွမ်းအား"ကို ဖြန့်ဖြူးပေးမယ့် အဖွဲ့အစည်းတစ်ခုအဖြစ် သဘောထားခဲ့ပြီး ဒီအဖွဲ့အစည်းသစ်ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စံနှုန်းတွေကို သံသယရှိခဲ့ပါတယ်။ တခြားနိုင်ငံတွေကိုလည်း ဒီအဖွဲ့အစည်းမှမပါဘဲ ဝေးဝေးနေဖို့ သွေးဆောင်ခဲ့ပါတယ်။

AIIB ကို ၂၀၁၄ ခုနှစ် အောက်တိုဘာက နိုင်ငံပေါင်း ၂၁ နိုင်ငံနဲ့စတင် သန္ဓေတည်ခဲ့တာဖြစ်ပြီး အာရှဒေသရဲ့စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနဲ့ အခြေခံအဆောက်အအုံ စီမံကိန်းများကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ အက္ခရာစဉ်အရ ဩစတြေးလျနိုင်ငံက AIIB ရဲ့ ဥပဒေရေးရာမူဘောင်ကို ပထမဆုံး လက်မှတ်ရေးထိုးခဲ့ပြီး ကျန်အဖွဲ့ဝင် ၄၉ နိုင်ငံက လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ ကျန်အဖွဲ့ဝင် ခုနစ်နိုင်ငံကိုတော့ ယခုနှစ်အကုန်မှာ လက်မှတ်ရေးထိုးဖို့ သတ်မှတ် ထားပါတယ်။ အာရှ၊ အရှေ့အလယ်ပိုင်းဒေသနဲ့ လက်တင်အမေရိကနိုင်ငံတွေ အတော်များများက ဘဏ်ဖွဲ့စည်းရေးမှာပါဝင်ခဲ့တဲ့အတွက် ပေကျင်းက ဦးစီးဖွင့်လှစ်တဲ့ ဒီဘဏ်ကိုတရုတ်နိုင်ငံရဲ့ မဟာဗျူဟာအောင်မြင်မှုအဖြစ် လက်ခံခဲ့ပါတယ်။

# အာဆီယံမှာ ဖိလစ်ပိုင်ရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းအင်ကို တိုးမြှင့်ဖို့ အော်ဂဲနစ်စိုက်ပျိုးရေးကို အသုံးပြုမည်

ဖိလစ်ပိုင်နိုင်ငံ အာတဲနီယို ဒီဒါဗာအိုတက္ကသိုလ်မှာ "Competitiveness of Agriculture and Agribusiness in Mindanao in the ASEAN Market" ခေါင်းစဉ်နဲ့ ဖိုရမ်တစ်ခုကို ကျင်းပခဲ့ပါတယ်။

အိမ်နီးချင်းအာဆီယံနိုင်ငံများနဲ့ ယှဉ်ပြိုင်ရာမှာ အော်ဂဲနစ် လယ်ယာစိုက်ပျိုးရေးက ဖိလစ်ပိုင်ရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ပေးမှာ ဖြစ်ကြောင်း Acces Natural Farmip Institute ရဲ့ ဥက္ကဋ္ဌ၊ Acces Polytechnic College ရဲ့ အမှုဆောင်အရာရှိချုပ် ဒေါက်တာဖရန်စစ္စကို ပီဒဲလာပီနာက ပြောပါတယ်။

"အာဆီယံပေါင်းစည်းရေးကိစ္စကို ပြောကြတဲ့အခါ တခြား အာဆီယံနိုင်ငံတွေနဲ့ယှဉ်နိုင်အောင်လုပ်ဆောင်ဖို့ နည်းလမ်းက သမားရိုးကျလုပ်ငန်းတွေထက် အော်ဂဲနစ်စိုက်ပျိုးရေးကို ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်"လို့ သူကပြောပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက ကောင်းမွန်တဲ့လယ်ယာစိုက်ပျိုးရေးအလေ့အကျင့် (Good Agricultural Practices-GAP) တွေအတွက် အတော်များများ ရင်းနှီးမြှုပ်နှံထားကြပြီး အော်ဂဲနစ်လယ်ယာစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုမရှိသေးဘူးလို့ ပြောပါတယ်။

အစိုးရကမှန်ကန်တဲ့ အစီအမံတွေကိုဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ပါဝင်တဲ့သူတွေအနေနဲ့ ဂရုတစိုက်ဆောင်ရွက်မယ်ဆိုရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ဖိလစ်ပိုင်နိုင်ငံက တခြားနိုင်ငံတွေကို ကျော်လွန်နိုင်မယ့် အလား အလာတွေရှိကြောင်း ဒယ်လာပီနာကပြောပါတယ်။

"ကျွန်တော်တို့က အော်ဂဲနစ်လယ်ယာစိုက်ပျိုးရေးနဲ့ လယ်ယာခရီးသွား လုပ်ငန်းတွေမှာ ရှေ့တန်းကိုရောက်နေပါပြီ။ တခြားနိုင်ငံတွေမှာ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့အလေ့အကျင့်ကောင်းတွေ ရှိနေပါပြီ။ ဒါပေမယ့် အော်ဂဲနစ်စိုက်ပျိုးရေးမှာတော့ ကောင်းမွန်အောင်မဆောင်ရွက်နိုင်သေးပါဘူး။ ဒီအော်ဂဲနစ် လယ်ယာကဏ္ဍမှာ ကျွန်တော်တို့အစိုးရဟာ ပိုမိုရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက လယ်ယာစိုက်ပျိုးရေးအတွက် ဘတ်ဂျက် ပီဆို ၅၂ ဘီလီယံလျာထားပါတယ်။ ဒီထဲက အော်ဂဲနစ်လယ်ယာစိုက်ပျိုးရေး သုတေသနနဲ့ ဖွံ့ဖြိုးရေးအတွက် လျာထားငွေက ပီဆို ၆၃ ဒသမ ၆၄ သန်းဖြစ်ပါတယ်။ လယ်သမားတွေပူးပေါင်းဆောင်ရွက်မှုက သူတို့အတွက် ပြင်းထန်တဲ့လေ့ကျင့်ပေးမှုဖြစ်လာပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းထဲမှာ နိုင်ငံရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်စေမှာဖြစ်ပါတယ်။

# ဂရိကြွေးမြီအကျပ်အတည်းက အင်ဒိုနီးရှားနိုင်ငံကို တိုက်ရိုက်ဂယက်ရိုက်ခတ်မှုမရှိနိုင်

ယူရိုဇုန်အတွင်းမှ ဂရိနိုင်ငံ ထွက်ခွာရတော့မယ့်အခြေအနေထိခြိမ်းခြောက်လျက်ရှိနေတဲ့ ဂရိနိုင်ငံအကျပ်အတည်းက အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဂယက်ရိုက်ခတ်မှုဖြစ်စေမှာမဟုတ်ကြောင်း စတန်းဒတ်ချာတာဘဏ်မှ စီးပွားရေးပညာရှင်များရဲ့ ဦးစီးမှူး အီရစ်ဆုဂန္ဒီရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ဂယက်ရိုက်ခတ်မှုက တိုက်ရိုက်မဟုတ်ပေမယ့် ကြီးမားကြောင်း သူရဲ့ပြောကြားချက်ကို အင်တာရာသတင်းဌာနက ဇွန်လ ၃၀ ရက်နေ့မှာ ဖော်ပြပါတယ်။ ဂရိနိုင်ငံက အင်ဒိုနီးရှားနိုင်ငံရဲ့ အဓိကရင်းနှီးမြှုပ်နှံသူမဟုတ်တဲ့အတွက် အစိုးရရဲ့ ကြွေးမြီပြဿနာတွေက အင်ဒိုနီးရှားနိုင်ငံစီးပွားရေးကို တိုက်ရိုက်မထိခိုက်စေနိုင်ကြောင်း အီးရစ်က ပြောပါတယ်။

"ဂရိနိုင်ငံက ကျွန်တော်တို့ရဲ့ အဓိကရင်းနှီးမြှုပ်နှံသူမဟုတ်သလို အဓိကကုန်သွယ်ဖက်နိုင်ငံလည်းမဟုတ်ပါဘူး။ ဂရိကြွေးမြီအကျပ်အတည်းငွေကြေးဖလှယ်မှုကနေတစ်ဆင့်သွယ်ဝိုက်တဲ့ ဂယက်ရိုက်ခတ်မှုသာရှိနိုင်ပါတယ်"လို့ သူကပြောပါတယ်။

ဂရိနိုင်ငံနဲ့တိုက်ရိုက်ဆောင်ရွက်နေတဲ့ တခြားနိုင်ငံတွေမှတစ်ဆင့် သွယ်ဝိုက်ပြီး ဂယက်ရိုက်ခတ်မှုသာရှိနိုင်ကြောင်း သူကပြောပါတယ်။ ဂရိကြွေးမြီပြဿနာအပြင် တခြားပြင်ပအကြောင်းတရားတွေကြောင့်လည်း အင်ဒိုနီးရှားစီးပွားရေးကို ဂယက်ရိုက်ခတ်စေနိုင်ကြောင်းနဲ့ ဒီအကြောင်းတရားတွေအနက် တခြားနိုင်ငံငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်နေမှုလည်း ပါဝင်ကြောင်း သူကပြောပါတယ်။

"လက်ရှိ အခြေအနေအရတော့ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းတွေမြှင့်တင်တော့မယ့်အခြေအနေ၊ တရုတ်နိုင်ငံကဗဟိုဘဏ်အတိုးနှုန်း လျှော့ချပေးမယ့် အခြေအနေစတာတွေကို တွေ့မြင်နေရပါတယ်။ ယူရိုဇုန်မှာတော့ ဂရိကြွေးမြီအကျပ်အတည်းတစ်ခုပဲ ရှိပါတယ်"လို့ အီးရစ်က ပြောပါတယ်။ ဒေါ်လာတန်ဖိုးမြင့်တက်မှု အခြေအနေကြောင့် ဘဏ္ဍာရေးလုပ်ငန်းတွေမှတစ်ဆင့် ဂယက်ရိုက်ခတ်ပြီး အင်ဒိုနီးရှားရူပြားတန်ဖိုးဆက်လက်ကျဆင်းစေနိုင်ပါတယ်လို့ သူကပြောပါတယ်။

# ဘဏ္ဍာရေး စီမံခန့်ခွဲမှုကောင်းမွန်ရေးက အက်စ်အမ်အီးများအတွက် အရေးပါ

ဘဏ္ဍာရေးစီမံခန့်ခွဲမှုကောင်းမွန်ရေးက အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း SPRING Singapore ဒါရိုက်တာဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌရဲ့ ဇွန်လ ၃၀ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

SPRING Singapore နဲ့ စင်ကာပူအိတ်ချိန်းတို့ ပူးတွဲကျင်းပတဲ့ အက်စ်အမ်အီး ဘဏ္ဍာရေးစီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲမှာ သူကယခုလို ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီအခမ်းအနားက ရေရှည်ဖွံ့ဖြိုးမှုအတွက် အရေးပါတဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနယ်ပယ်ငါးခုကို အက်စ်အမ်အီးတွေသိမြင်နားလည်ပြီး လိုက်နာဆောင်ရွက်လာအောင် အားပေးဖို့ရည်ရွယ်ပြီး ကျင်းပပေးတာ ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့နယ်ပယ်တွေထဲမှာ ကော်ပိုရိတ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေး၊ လုပ်ငန်းတွင်းထိန်းချုပ်မှုမူဘောင်နဲ့ ဘဏ္ဍာရေးအစီရင်ခံစာတို့အပါအဝင် ဆုံးရှုံးနိုင်ခြေရှိမှုနဲ့ ကော်ပိုရိတ်စီမံခန့်ခွဲမှုစတဲ့နယ်ပယ်တွေ ပါဝင်ပါတယ်။




အက်စ်အမ်အီးတွေရဲ့ စွမ်းဆောင်ရည်ပြည့်ဝရေးကိုဦးတည်ဆောင်ရွက်မယ်ဆိုရင် အက်စ်အမ်အီးတွေရဲ့လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်နဲ့ ဖွဲ့စည်းမှုစနစ်ကို ခိုင်မာစေပြီး အက်စ်အမ်အီးတို့အတွက် မတည်ရင်းနှီးငွေဈေးကွက်ကို လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း SPRING က ပြောပါတယ်။ အက်စ်အမ်အီးလုပ်ငန်းတွေကို မြှင့်တင်ဖို့ဆောင်ရွက်တဲ့အချိန်မှာ ခိုင်မာထိရောက်တဲ့ဘဏ္ဍာရေးစနစ်နဲ့ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်တွေက အက်စ်အမ်အီးလုပ်ငန်းများ ကျယ်ပြန့်လာရေးအတွက် အရေးပါတဲ့ အထောက်အပံ့ဖြစ်ကြောင်း SPRING Singapore ရဲ့ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူး ယောင်မြာလင်းက ပြောပါတယ်။

စင်ကာပူအိတ်ချိန်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အက်စ်အမ်အီး ဘဏ္ဍာရေးမူဘောင်တွေနဲ့ မတည်ရင်းနှီးငွေရရှိရေး မဟာဗျူဟာကို တိုးတက်ကောင်းမွန်စေပြီး ရေရှည်ဖွံ့ဖြိုးမှုရစေဖို့ ရည်ရွယ်ထားကြောင်း သူမကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ထိုင်းဘွဲ့ရတွေရဲ့ လူမှုရေးနားလည်ကျွမ်းကျင်မှုက ကူးသန်းရောင်းဝယ်ရေးအပေါ် ဂယက်ရိုက်ခတ်မှု မြင့်မား

ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှု အရှိန်အဟုန်မြင့်မားလာပြီး ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်နေတဲ့အတွက် လူမှုရေးနားလည်ကျွမ်းကျင်မှု (Soft Skill) ရှိတဲ့ ဘွဲ့ရတွေရဲ့ အခန်းကဏ္ဍက အရေးပါလာတယ်လို့ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များနဲ့ လူ့အရင်းအမြစ်ဆိုင်ရာ ဒါရိုက်တာ ၉၀ ရာခိုင်နှုန်းက ယုံကြည်နေကြောင်း ကမ္ဘာ့စီမံ ခန့်ခွဲမှုအတိုင်ပင်ခံကုမ္ပဏီ Hay Group ရဲ့ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ပြည်သူ့ဆက်ဆံရေးကို ခိုင်ခိုင်မာမာ နားလည်တဲ့ ဝန်ထမ်းတွေက ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဂယက်ရိုက်ခတ်မှုကို ပိုမိုဖြစ်ပေါ်စေကြောင်း ယုံကြည်သူမှာ ၁၀ ဦးတွင် ကိုးဦးရှိပြီး ပြည်သူ့ဆက်ဆံရေးနဲ့ဆိုင်တဲ့ သဘောထားအယူအဆရှိသူတွေက အလွန်တန်ဖိုးရှိတယ်လို့ လက်ခံယုံကြည်သူက ၈၈ ရာခိုင်နှုန်းရှိပါတယ်။

ဘွဲ့ရတွေက မိမိကိုယ်ကိုသိမြင် နားလည်မှု၊ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်မှု အဖွဲ့လိုက်ဆောင်ရွက်မှုနဲ့ စာနာစိတ်ရှိမှုတွေမှာ စီနီယာမန်နေဂျာတွေနီးပါးလောက်ရှိကြောင်း Hay Group ဌာနခွဲ တစ်ခုဖြစ်တဲ့ Talent Q က ကမ္ဘာတစ်ဝန်းရှိဝန်ထမ်းပေါင်းလေးသောင်းကျော်ကို လေ့လာဆန်းစစ်ပြီးနောက် ပြောကြားပါတယ်။

ပညာရေးစနစ်မှာ ကွဲပြားခြားနားမှုတွေရှိပေမယ့် ကမ္ဘာ့တစ်လွှားမှာရှိတဲ့ ဘွဲ့ရတွေရဲ့ ယေဘုယျအသိအညာဏ်အဆင့်နဲ့ လူမှုရေးနားလည်ကျွမ်းကျင်မှုအလားအလာတွေကတော့ တော်တော်လေးတူညီတယ်လို့ ဆိုပါတယ်။ ဘွဲ့ရတွေမှာ အလားအလာကောင်းတွေရှိနေပေမယ့် လုပ်ငန်းခွင်ထဲကိုဝင်နိုင်ဖို့ အသင့်မဖြစ်သေးကြောင်း တုံ့ပြန်ဖြေကြားသူရဲ့ ၇၅ ရာခိုင်နှုန်းက ပြောပါတယ်။

လိုအပ်တဲ့ Soft Skill ရှိသူဘွဲ့ရတွေကိုရှာဖွေတဲ့အခါမှာ အခက်အခဲရှိကြောင်း ၈၀ ရာခိုင်နှုန်းကပြောကြားပြီး ဒီလိုဘွဲ့ရမျိုးတွေကို လုပ်ငန်းခွင်ထဲမှာဆက်လက်ထိန်းထားဖို့ အခက်အခဲရှိကြောင်း ၈၆ ရာခိုင်နှုန်းက ပြောပါတယ်။



## ဗီယက်နမ်စီးပွားရေးလုပ်ငန်းများရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံ မှုနှေးကွေး

ဗီယက်နမ်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုတွေက အောင်မြင်မှုတွေရရှိနေပေမယ့် သူတို့ရဲ့တိုးတက်မှုကဖြစ်နိုင်တဲ့အလားအလာနဲ့ လိုအပ်ချက်တို့နှိုင်းယှဉ်ရင် ကျဆင်းနေသေးကြောင်း ဇွန်လ ၂၈ ရက်နေ့က ဟန္ဒိုင်းမြို့မှာ ကျင်းပတဲ့ ကွန်ဖရင့်မှာ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးကာအိုဒပ်ဖတ်ရဲ့ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

ဒီနယ်ပယ်မှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေရဲ့ရင်းနှီးမြှုပ်နှံမှုက ၂၀၀၉ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ၁ ဒသမ ၉ ဆပိုမိုတိုးတက်လာကြောင်း ဝန်ကြီးကပြောပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီအရေအတွက်က ၂၀၀၇ ခုနှစ်မှာ ၂၄၀၀ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ ၃၆၃၅ ခုရှိခဲ့တဲ့အတွက် တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၃ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေရဲ့ ပါဝင်မှုက ၉၀ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်ပေါင်း ၂၆၅၀၀ ကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။

Vinamilk, TH Truemilk, Minh Phu ပင်လယ်စာလုပ်ငန်းနဲ့ အိမ်ခြံမြေလုပ်ငန်းဖြစ်တဲ့ Hoan An Gia Lai ကုမ္ပဏီတွေဟာ နိုင်ငံဒေသ အနှံ့အပြားမှာရှိနေတဲ့ လယ်ယာကဏ္ဍတွေမှာ အဆင့်မြင့်နည်းပညာနဲ့ အသုံးပြုရေးနဲ့ ဈေးကွက်ချဲ့ထွင်ရေးအတွက် အဓိကကျတဲ့မောင်းနှင်အားတွေ ဖြစ်နေပါတယ်။ အိမ်ခြံမြေလုပ်ငန်းကြီးဖြစ်တဲ့ Vin group၊တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်း ဗီယက်တဲလ်နဲ့ လုပ်ငန်းစုံစီးပွားရေးလုပ်ငန်းဆောင်ရွက်နေတဲ့ FLC စတဲ့ စီးပွားရေးလုပ်ငန်းတွေကလည်း ဒီနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားကြောင်း ပြသလာကြပါတယ်။ အစိုးရအနေနဲ့ ၂၀၁၄ ခုနှစ်အတွင်းက သီးခြားဆုံးဖြတ်ချက်တွေချမှတ်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ ရရှိအောင်ဆောင်ရွက်ပေးနိုင်ဖို့အတွက်ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးအေဂျင်စီတွေနဲ့ အဓိကစီးပွားရေးလုပ်ငန်း ၃၀ မှ အဖွဲ့ဝင်တွေပါဝင်တဲ့ လုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုတွေက အကန့်အသတ်တွေရှိနေသလို တည်ငြိမ်မှုလည်းမရှိဘူးလို့ ဖတ်ကပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### စင်ကာပူ

စင်ကာပူမှာ Total Oil Asia Pacific ရဲ့အကြီးမားဆုံးသော ချောဆီစက်ရုံကို ဇူလိုင် ၃ ရက်က ဖွင့်လှစ်ခဲ့ရာ ကုမ္ပဏီချောဆီရောင်းချမှုရဲ့ ၂၅ ရာခိုင်နှုန်းကို ဖြန့်ဖြူးပေးလျက်ရှိတဲ့ အာရှပစိဖိတ်ဒေသမှာ ထပ်မံတိုးမြှင့် ဖြန့်ဖြူးပေးနိုင်မှာဖြစ်ကြောင်း စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ဆန်သိုလှောင်ရုံများရှိ ပျက်စီးနေတဲ့ဆန်တန် ၅ ဒသမ ၈၉ သန်းကို ဝန်လျှော့ရန်အတွက် ပထမအဆင့်အနေဖြင့် ဆန်တန်၁ ဒသမ ၃ သန်းကို အီသနောလောင်စာဆီထုတ်လုပ်ရန်နဲ့ လက်ကျန်ကို ဇီဝမီးသွေး (Biochar) အဖြစ်ထုတ်လုပ်ရန် ထိုင်းအစိုးရက စွမ်းအင်ဝန်ကြီးဌာနကို တာဝန်ပေးအပ်ကြောင်းနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

တောင်ကိုရီးယား နိုင်ငံရဲ့ တရားဝင်အရန်ငွေကြေးက မေလမှာ အမေရိကန်ဒေါ်လာ ၃၇၁ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ဇွန်လမှာ အမေရိကန်ဒေါ်လာ ၃၇၄ ဒသမ ၇ ဘီလီယံထိ တိုးတက်လာခဲ့ကြောင်းနဲ့ စာချုပ်စာတမ်းများတန်ဖိုးက အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ ၅ ဘီလီယံမှ ၃၃၉ ဒသမ ၂ ဘီလီယံသို့ တိုးတက်ပြောင်းလဲလာကြောင်း တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ ဇူလိုင် ၃ ရက်နေ့က ကြေညာချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

### ကွာလာလမ်ပူ

မလေးရှားနိုင်ငံရဲ့ ပို့ကုန်ကို နှစ်အလိုက်နှိုင်းယှဉ်ရင် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းထားပေမယ့် စာရင်းအင်းဌာနရဲ့ ဇွန်လ ၃ ရက်နေ့က ထုတ်ပြန်ချက်အရ ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာတာကိုတွေ့ရတဲ့အတွက် မူလခန့်မှန်းချက်အောက် ကျဆင်းခဲ့ကြောင်း အီကော်နောမစ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

## SOUTH ASIA

# အိန္ဒိယဆေးဝါးကုမ္ပဏီများ ရပ်တည်နိုင်ရေးအတွက် စံနှုန်းများကိုမြှင့်တင်

အိန္ဒိယနိုင်ငံရဲ့ ဆေးဝါးကုမ္ပဏီငယ်ကလေးများဟာ အမေရိကန်နိုင်ငံမှာ နာမည်ပျက်ခဲ့ရတဲ့အတွက် တင်းကျပ်တဲ့စည်း မျဉ်းဥပဒေများနဲ့ ရင်ဆိုင်နေရပြီး အမြတ်အစွန်း နည်းပါးတဲ့စျေးကွက်များကို ပြောင်းရွှေ့ရန်သို့မဟုတ် ပြိုင်ဘက်ကြီးများထံ လက်လွှဲရောင်းချရတော့မယ့် အခြေအနေကို ရောက်ရှိနေကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါ တယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကို ချိုးဖောက်ခဲ့တဲ့အတွက် အိန္ဒိယဆေးဝါးကုမ္ပဏီ Rambaxy ကို အမေရိကန်ဒေါ်လာသန်း ၅၀၀ ဒဏ်ရိုက်ခဲ့ပါတယ်။ အဲဒီနောက် နှစ်နှစ်အကြာအထိ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဝင်ငွေရှိနေတဲ့ အိန္ဒိယဆေးဝါးလုပ်ငန်းက အမေရိကန်စျေးကွက်မှာ သူရဲ့ပုံရိပ်ကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းနေရဆဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု အစားအစာနဲ့ ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA) က ဆေးဝါးစစ်ဆေးတာနဲ့ အတည်ပြုချက်လက်မှတ် ထုတ်ပေးတာကိုတင်းတင်းကျပ်ကျပ် ဆောင်ရွက်နေတဲ့အတွက် အိန္ဒိယထိပ်တန်းလုပ်ငန်းကြီးတွေရဲ့ တချို့စက်ရုံတွေဟာ အရေးယူပိတ်ဆို့မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ပြည်တွင်းမှာလည်း အစိုးရကစျေးနှုန်းတွေကိုထိန်းချုပ်လျက်ရှိတဲ့အတွက် လုပ်ငန်းငယ်ကလေးတွေမှာ ဖိအားပေးမှုတွေနဲ့ တွေ့ကြုံနေရပါတယ်။

"အပြည်ပြည်ဆိုင်ရာစျေးကွက်ကို ဝင်ချင်တယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှု လုပ်ရမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ဘူးဆိုရင်တော့ တခြားစျေးကွက်တွေကိုအဓိကဦးတည်ပြီး ဝင်ရောက်ရပါမယ်။ ဒီလိုမလုပ်နိုင်ရင် အိန္ဒိယအနေနဲ့ ပြင်ပစျေးကွက်ကိုဝင်မယ့် စိတ်ကူးကို ပြန်လည်ရုပ်သိမ်းရပါမယ်"လို့ ဝင်ငွေအရ အိန္ဒိယနိုင်ငံမှာ စတုတ္ထမြောက်အကြီးဆုံး ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကြီးဖြစ်တဲ့ Cipla ရဲ့အမှုဆောင်အရာရှိချုပ် ဆူဘာနူဆက်ဇနာက ပြောပါတယ်။ သူနဲ့လုပ်ငန်းတူ တချို့ဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတယ်လို့ စျေးကွက်တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၁၆၇ သန်းရှိ မွမ်ဘိုင်းအခြေစိုက် ဆေးဝါးလုပ်ငန်းတစ်ခုဖြစ်တဲ့ Hikal ရဲ့ဥက္ကဋ္ဌအာရှုတ်အာနန်က ပြောပါတယ်။

"တင်းကျပ်တဲ့ စည်းမျဉ်းတွေကို မလိုက်နာနိုင်ရင် သူတို့လုပ်ငန်းတွေကို ရောင်းထုတ်ပစ်ရပါလိမ့်မယ်"လို့ သူက ပြောပါတယ်။

## SOUTH EAST ASIA

# ဗီယက်နမ်လက်ဖက်ခြောက်အတွက် ကမ္ဘာ့အသိအမှတ်ပြုလက်မှတ်လိုအပ်

ဗီယက်နမ်လက်ဖက်ခြောက်ထုတ်ကုန်တွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်ဖို့အတွက်နဲ့ လက်ဖက်ခြောက်ရဲ့ ပို့ကုန်တန်ဖိုးကိုမြှင့်တင်ပေးနိုင်ဖို့အတွက် ဗီယက်နမ် လက်ဖက်ခြောက်ထုတ်လုပ်သူတွေက အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအဖွဲ့ Fairtrade International ရဲ့ အသိအမှတ်ပြုလက်မှတ်စံနှုန်းတွေနဲ့ ကိုက်ညီအောင်ဆောင်ရွက်ဖို့လိုကြောင်း ကျွမ်းကျင်သူတွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။



ဗီယက်နမ်နိုင်ငံရဲ့ လက်ဖက်ခြောက်တင်ပို့မှုက ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် ယခုနှစ်ပထမနှစ်ဝက်မှာ ပမာဏအရ ၆ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၅၄၀၀၀ နဲ့တန်ဖိုးအရ ၄ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ သန်း ၉၀ ရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရသိရပါတယ်။ ဗီယက်နမ်နိုင်ငံက လက်ဖက်ခြောက်ထုတ်လုပ်ရာမှာ ကမ္ဘာ့ပဉ္စမနေရာမှာရှိနေပြီး နိုင်ငံပေါင်း ၁၂၀ ကို တင်ပို့လျက်ရှိရာ အဲဒီနိုင်ငံတွေမှာ တရုတ် (တိုင်ပေ)၊ ပါကစ္စတန်၊ တရုတ်ပြည်မ၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေလည်းပါဝင်ပါတယ်။

ဗီယက်နမ် လက်ဖက်ခြောက်ထုတ်ကုန်တွေက ကမ္ဘာ့လက်ဖက်ခြောက် အချိုခြောက် (Black Tea) ထုတ်လုပ်မှုရဲ့ ၆၀ ရာခိုင်နှုန်းနဲ့အကြမ်းခြောက် (Green Tea) ထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒါပေမဲ့ ဗီယက်နမ်ကထုတ်လုပ်တဲ့ လက်ဖက်ခြောက်ကို တင်ပို့ရာမှာအများအားဖြင့် ကုန်အမှတ်တံဆိပ်မပါဘဲအိတ်ကြီးတွေနဲ့ ထုပ်ပိုးထားတဲ့ထုတ်ကုန်တွေသာဖြစ်ကြောင်း၊ ဗီယက်နမ်လက်ဖက်ခြောက်တင်ပို့သူတွေမှာ ကုန်အမှတ်တံဆိပ်အမည် (Brand Name) သို့မဟုတ် စားသုံးသူလက်ထဲကို တိုက်ရိုက်ရောက်တဲ့ ထုတ်ကုန်တွေ မဟုတ်တဲ့အတွက် ပို့ကုန်တန်ဖိုး ကျဆင်းနေကြောင်း ဗီယက်နမ်လက်ဖက်ခြောက်လုပ်ငန်းအသင်း စီမံအုပ်ချုပ်မှုရုံးမှ ဦးစီးဌာနမှူး ဟောင်ဘင်းလောင်းက ပြောပါတယ်။

## EU

# အေတီအမ်ငွေထုတ်စက်တွေမှာ ငွေပြတ်သွားပြီးနောက် ဘဏ်များကိုပိတ်ထားဖို့ ဂရိအစိုးရက အမိန့်ပေး

ဂရိနိုင်ငံရဲ့ ကြွေးမြီအကျပ်အတည်းထူးထူးကဲကဲမြင့်တက်လာတဲ့ အတွက် စိုးရိမ်စိတ်မြင့်မားနေတဲ့ ဂရိနိုင်ငံသားတွေက အေတီအမ်ငွေထုတ်စက်များမှာရှိတဲ့ ငွေများအားလုံးကိုထုတ်ယူခဲ့ပြီးနောက် ဘဏ်များကို တစ်ပတ်ကြာပိတ်ထားမှာဖြစ်ကြောင်းနဲ့ ငွေကြေးထိန်းချုပ်မှုတွေ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဂရိအစိုးရက ဇွန်လ ၂၉ ရက်မှာ ကြေညာခဲ့ပါတယ်။

ကယ်တင်မှုချေးငွေ အဆိုပြုချက်အတွက် ဆန္ဒခံယူပွဲအပြီး နောက်တစ်ရက်ဖြစ်တဲ့ဇူလိုင် ၆ ရက်နေ့အထိ ဘဏ်များကို ပိတ်ထားမှာဖြစ်ပြီး အေတီအမ်မှ ယူရို ၆၀ (အမေရိကန် ဒေါ်လာ ၆၅) အထိသာ ထုတ်ယူနိုင်ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ဒါပေမယ့် ဂရိနိုင်ငံရဲ့ စီးပွားရေးမှာ အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေတဲ့ နိုင်ငံခြားခရီးသည်တွေကိုတော့ ကင်းလွတ်ခွင့်ပေးထားမှာဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရပါတယ်။

ဂရိနိုင်ငံ ယူရိုဇုန်မှ နှုတ်ထွက်နိုင်တဲ့ အန္တရာယ်ကြောင့်ဖြစ်ပေါ်ရတဲ့ ပထမဆုံးစျေးကွက်တုံ့ပြန်မှုမှာ ဇွန်လ ၂၉ ရက်နေ့ စျေးဖွင့်ချိန်က တိုကျိုနဲ့ ဆစ်ဒနီ စတော့စျေးကွက်တွေ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ယူရိုငွေကြေးတန်ဖိုးကလည်း တစ်ခဏအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ အထိ ကျဆင်းခဲ့ပါတယ်။ ဂရိဘဏ်လုပ်ငန်းတွေမှာ ကသောင်းကနင်းဖြစ်မယ့်လက္ခဏာတွေ တွေ့နေရပေမယ့် ဂရိငွေချေးဘဏ်တွေကို ဘဏ္ဍာရေးထပ်မံ တိုးမြှင့်ပေးတော့မှာ မဟုတ်ကြောင်း ဥရောပဗဟိုဘဏ် (အီးစီဘီ) ကပြောကြားပြီးနောက်ပိုင်း ဂရိဘဏ်စနစ်ကို ကာကွယ်ဖို့ ပြင်းပြင်းထန်ထန်စီမံဆောင်ရွက်ခဲ့ရပါတယ်။

ဘရပ်ဆဲလ်မြို့တွင် ကယ်တင်မှုချေးငွေဆွေးနွေးပွဲများ ပြိုကွဲပြီးနောက်ပိုင်း မြီရှင်တွေ တင်ပြလာတဲ့ နောက်ဆုံးအဆိုပြုချက်တွေနဲ့ပတ်သက်ပြီး ဇူလိုင် ၅ ရက်နေ့မှာ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမှာဖြစ်ကြောင်း ဂရိဝန်ကြီးချုပ်ကရုတ်တရက်ကြေညာလိုက်ပါတယ်။ ဒီကြေညာချက်ကြောင့် ဂရိနိုင်ငံရဲ့ ကြွေးမြီအကျပ်အတည်းဟာ အဆိုးရွားဆုံးအခြေအနေသို့ဆိုက်ရောက်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ကြေညာချက်ကို တုံ့ပြန်တဲ့အနေနဲ့ အီးယူနဲ့ အိုင်အမ်အက်ဖ် မြီရှင်တို့က ကြွေးမြီပေးဆပ်ရက်ကို ဇွန်လ ၃၀ ရက်ထက်တိုးပေးဖို့ပန်ကြားချက်ကိုငြင်းဆန်ခဲ့ပါတယ်။

## EAST ASIA

# ဂရိနိုင်ငံကြွေးမြီအကျပ်အတည်းကို တောင်ကိုရီးယားက စျေးကွက် စောင့်ကြည့် အကဲခတ်နေ

ဂရိနိုင်ငံက ကြွေးမြီပေးဆပ်ရန်ပျက်ကွက်ပါက ဖြစ်ပေါ်လာမယ့်အကျိုးဆက်ကိုစိုးရိမ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံက စျေးကွက်ကို အကဲခတ်စောင့်ကြည့်လျက်ရှိပြီး ထိခိုက်မှုဒဏ်ကိုလျှော့ချနိုင်ဖို့အတွက် သင့်တော်တဲ့ အစီအမံတွေချမှတ်ဆောင်ရွက်ဖို့ အသင့်ရှိကြောင်း ဇွန်လ ၂၉ ရက်နေ့က အစိုးရအရာရှိတစ်ဦးရဲ့ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ဂရိအစိုးရနဲ့ အပြည်ပြည်ဆိုင်ရာမြီရှင်တွေသဘောတူညီချက်မရဘူးဆိုရင်ဖြစ်ပေါ်လာမယ့်အခက်အခဲတွေကိုဖြေရှင်းဖို့အတွက် အရေးပေါ်စီမံချက်အမျိုးမျိုးကို အစိုးရကစီစဉ်ထားပြီးဖြစ်ကြောင်း မေခရိုစီးပွားရေးနဲ့ ဘဏ္ဍာရေးမူဝါဒအစည်းအဝေးမှာ ဘဏ္ဍာရေးဒုတိယဝန်ကြီး ဂျူးဟွန်ဝှမ်က ပြောပါတယ်။ ယခင်ရက်သတ္တပတ်ကတည်းက ဂရိနိုင်ငံမှာ ဖြစ်ပေါ်နေတာတွေကို တောင်ကိုရီးယားအစိုးရက အချိန်နဲ့တစ်ပြေးညီ လေ့လာအကဲခတ်နေပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ တောင်ကိုရီးယားဗဟိုဘဏ်၊ ဘဏ္ဍာရေးလုပ်ငန်းကော်မရှင်နဲ့ ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်းတို့မှ အရာရှိများပါဝင်တဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ကိုထူထောင်ထားပြီးဖြစ်ကြောင်း သူကပြောပါတယ်။ ဒီအဖွဲ့က ပြင်ပအထိတ်တလန့်ဖြစ်မှုတွေ၊ ပြည်တွင်းစျေးကွက်နဲ့ ဘဏ္ဍာရေးကဏ္ဍတို့ရဲ့ ဆက်နွှယ်မှုကိုလေ့လာဆန်းစစ်လျက်ရှိပါတယ်။

"စျေးကွက် တည်ငြိမ်ရေးအစီအမံတွေကို ဆောင်ရွက်ရာမှာ အရေးပေါ်စီမံချက်တွေနဲ့အညီဖြစ်အောင် အလျင်အမြန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"လို့ဂျူးကပြောပါတယ်။ ဒါပေမယ့် လက်ရှိဆောင်ရွက်နေတဲ့ အလားအလာတွေနဲ့နောက်ဆုံးသတ်မှတ်ရက်ကလည်းနီးကပ်လာတဲ့ အခြေအနေတွေကိုထည့်သွင်းတွက်ချက်ကြည့်ရင် ကြွေးမြီပေးဆပ်ဖို့ ပျက်ကွက်နိုင်စရာတော့မရှိနိုင်ဘူးလို့ သူကပြောပါတယ်။

ညာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန် အလုပ်ရှင်တို့ ဇွန်လအတွင်းမှာ ခန့်ထားခဲ့တဲ့ အလုပ်အကိုင်အရေအတွက်က ၂၂၃၀၀၀ ရှိခဲ့တဲ့အတွက် စီးပွားရေးပညာရှင်တွေခန့်မှန်းထားတဲ့ ၂၃၀၀၀၀ အောက်ကို ကျဆင်းနေတာကို တွေ့ရပါတယ်။ အမေရိကန် အလုပ်အကိုင်ခန့်ထားမှုကျဆင်းလာတဲ့အတွက် ဇူလိုင် ၃ ရက်မှာ တခြား အဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် တရုတ်ယွမ်ငွေကြေးနဲ့ ဖလှယ်ရာမှာတော့ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ အမေရိကန် အလုပ်အကိုင်အစီရင်ခံစာ အခြေအနေကြောင့်အမေရိကန်ဗဟိုဘဏ်က ယခုနှစ်မှာ အတိုးနှုန်းမြှင့်တင်ပေးမယ့် အစီအစဉ်ဟာ မရေမရာဖြစ်စေခဲ့ပါတယ်။

ဂရိနိုင်ငံရဲ့ မြီရှင်တွေက ကြွေးမြီပြဿနာဖြေရှင်းရေးနဲ့ ပတ်သက်ပြီး အဆိုပြုချက်တွေ တင်ထားပါတယ်။ ဒီအဆိုပြုချက်တွေကြောင့် ဂရိနိုင်ငံရဲ့ နိုင်ငံရေးနဲ့ ဘဏ္ဍာရေးအနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်တဲ့ အခြေအနေရှိနိုင်တယ်လို့လည်း ယူဆကြပါတယ်။ ဒါကြောင့် ဒီအဆိုပြုချက်တွေနဲ့ ပတ်သက်လို့ဂရိနိုင်ငံမှာ ဆန္ဒခံယူပွဲကျင်းပဖို့ အစီအစဉ်ရှိတဲ့အတွက် ကုန်သည်တွေက ဒီအစီအစဉ်ကို စောင့်ကြည့်အကဲခတ်နေပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ယွမ်ငွေတန်ဖိုးကိုတိုးမြှင့်သတ်မှတ်ပေးခဲ့ပေမယ့် ကော်ပိုရေးရှင်းကြီးတွေရဲ့ ဒေါ်လာဝယ်လိုအား မြင့်မားလာတဲ့အတွက် ဒေါ်လာနဲ့ ဖလှယ်ရာမှာ တရုတ်ယွမ်ငွေတန်ဖိုးကျဆင်းခဲ့ကြောင်း ကုန်သည်တွေကပြောပါတယ်။ တရုတ်ဗဟိုဘဏ်ကယွမ်ငွေကြေးတန်ဖိုးကို ယခင်နေ့က တစ်ဒေါ်လာကို ၆ ဒသမ ၁၁၇၁ ယွမ်နှုန်းရှိခဲ့ရာမှ ဇူလိုင် ၃ ရက်နေ့မှာ သုည ဒသမ ၀၂ ရာခိုင်နှုန်းတိုးပြီးတစ်ဒေါ်လာကို ၆ ဒသမ ၁၁၆၀ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။

လက်ငင်းဈေးကွက်မှာ ဈေးဖွင့်ချိန်ကတစ်ဒေါ်လာကို ၆ ဒသမ ၂၀၄၄ ယွမ်နှုန်းမှ နေ့လယ်ဘက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၂၀၆၂ ယွမ်နှုန်းဖြင့် ယွမ်တန်ဖိုး သုည ဒသမ ၀၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ပင်လယ်ရပ်ခြားရှိ တရုတ်စီးပွားရေး လုပ်ငန်းတွေက ဇူလိုင်လမှာ အစုပေါ်အမြတ်တွေထုတ်ပေးလေ့ရှိတဲ့အတွက် ကော်ပိုရေးရှင်းတွေမှာ ဒေါ်လာလိုငွေ များတတ်ပါတယ်။ ယွမ်တန်ဖိုးက ရေတိုမှာ အတက်အကျနည်းလိမ့်မယ်လို့ ကုန်သည်တွေကခန့်မှန်းပါတယ်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကို ပိုမိုရောင်းချလာကြတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဈေးကွက်မှာ ဇူလိုင် ၃ ရက်နံနက်ပိုင်းမှာရှိတဲ့ ရူပီးတန်ဖိုးက သုည ဒသမ ၁၁ ရူပီးနှုန်းပိုမိုမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၄၀ ရူပီးနှုန်းရှိခဲ့ရာ စတုတ္ထမြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ အလုပ်အကိုင် ကိန်းဂဏန်းတွေကျဆင်းမှုနဲ့ ပြည်တွင်းရှယ်ယာဈေးကွက်မှာ ရှယ်ယာဈေးတွေမြင့်တက်လာခြင်းကလည်း ရူပီးတန်ဖိုးမြင့်တက်လာစေရန် အထောက်အကူဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးတို့ရဲ့ဖလှယ်နှုန်းမှာ ဇူလိုင် ၃ ရက်နေ့က တိုကျိုမှာတစ်ဒေါ်လာကို ၁၂၃ ယန်းကျော်ရုံမျှသာရှိပြီး နယူးယောက်တွင် ဇူလိုင် ၂ ရက်နေ့က ဈေးအတိုင်း အပြောင်းအလဲမရှိသလောက် ဖြစ်ခဲ့ပါတယ်။

ဒေါ်လာ-ယန်း ဖလှယ်နှုန်းမှာ ဇူလိုင် ၂ ရက်နေ့က နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၀၀ ယန်းနှုန်းနဲ့ တိုကျိုမှာ ၁၂၃ ဒသမ ၄၈ ယန်းနှုန်းရှိရာမှ ဇူလိုင် ၃ ရက်နေ့ နံနက် ၉ နာရီမှာတစ်ဒေါ်လာကို ၁၂၃ ဒသမ ၀၆ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးက နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၈၂ ဒေါ်လာနဲ့ ၁၃၆ ဒသမ ၃၇ ယန်းနှုန်းဖြင့်လည်းကောင်း တိုကျိုမှာ တစ်ယူရိုကို ၁ ဒသမ ၁၀၅၈ ဒေါ်လာနဲ့ ၁၃၆ ဒသမ ၅၅ ယန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ ဇူလိုင် ၃ ရက်မှာ တိုကျို၌ တစ်ယူရိုကို ၁ ဒသမ ၁၀၈၅ ဒေါ်လာနှုန်းနဲ့ ၁၃၆ ဒသမ ၄၁ ယန်းနှုန်းသို့ ပြောင်းလဲခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ဝယ်လက်တွေက ရင်းဂစ်ငွေကြေးကို ဝယ်ယူခြင်းမရှိသေးဘဲ အကဲခတ်နေကြဆဲဖြစ်တဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကအတက်အကျမရှိတန့်နေခဲ့ပါတယ်။

ဇူလိုင် ၃ ရက်ညနေ ၅ နာရီဈေးပိတ်ချိန်မှာ ရင်းဂစ်တန်ဖိုးက ဇူလိုင် ၂ ရက်နေ့ ဈေးပိတ်ချိန်ကအတိုင်း တစ်ဒေါ်လာကို ၃ ဒသမ ၇၇၆၀ ရင်းဂစ်နှုန်းအတိုင်းရှိနေခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်ငွေကြေးတန်ဖိုးက အနည်းငယ်ကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ရင်းနှီးမြှုပ်နှံသူတွေက ဇူလိုင် ၅ ရက်နေ့မှာ ပြုလုပ်မယ့် ဂရိနိုင်ငံကယ်တင်မှုချေးငွေနဲ့ပတ်သက်တဲ့ ဆန္ဒခံယူပွဲကို သတိထားစောင့်ကြည့်နေတဲ့အတွက် ဇူလိုင် ၃ ရက်နေ့မှာ တောင်ကိုရီးယား စတော့ရှယ်ယာတန်ဖိုးတွေကျဆင်းခဲ့ပါတယ်။ ဒါပေမယ့်ပြည်တွင်းသုံးဝမ်ငွေကြေးက အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒေါ်လာနဲ့ တောင်ကိုရီးယားဝမ်တို့ရဲ့ ဖလှယ်နှုန်းက ဇူလိုင် ၂ ရက်နေ့ဈေးပိတ်ချိန်ကထက် ၂ ဒသမ ၀ ဝမ်နှုန်းမြင့်မားပြီး တစ်ဒေါ်လာကို ၁၁၂၃ ဒသမ ၀၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ဒေါ်လာငွေကြေးတန်ဖိုးက အာရှပစိဖိတ်ငွေကြေးများနဲ့ ဖလှယ်ရာမှာ အများအားဖြင့် တန်ဖိုးမြင့်တက်ခဲ့တဲ့နည်းတူ ဘတ်ငွေနဲ့ ဖလှယ်ရာမှာလည်း ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ဒေါ်လာနဲ့ ဘတ်ငွေ ဖလှယ်နှုန်းက ဇူလိုင်လ ၂ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၃ ဒသမ ၇၆ ဘတ်နှုန်းရှိခဲ့ရာမှ ဇူလိုင် ၃ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၃ ဒသမ ၇၈ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## စင်ကာပူမှာဘဏ်မှ ထုတ်ချေးငွေများ လေးလအတွင်း အနိမ့်ဆုံးကို ကျဆင်းရာမှ ပြန်လည်မြင့်တက်

စင်ကာပူနိုင်ငံမှာ ဘဏ်များမှ စုစုပေါင်းထုတ်ချေးငွေက လေးလဆက်တိုက်ကျဆင်းခဲ့ပြီးနောက် မေလမှာပထမဆုံးအကြိမ်အဖြစ် မြင့်တက်လာခဲ့ပါတယ်။ အဓိကအားဖြင့် အထွေထွေကူးသန်းရောင်းဝယ်ရေး၊ ဘဏ်လုပ်ငန်းအဖွဲ့အစည်းများနဲ့ ချေးငွေကတ်ထုတ်ပေးတဲ့ကုမ္ပဏီတွေမှာ ချေးငွေဝယ်လိုအား မြင့်မားလာခဲ့တာဖြစ်ကြောင်း စီအင်အေသတင်းမှာ ဖော်ပြထားပါတယ်။ ပြည်တွင်းဘဏ်တွေက စုစုပေါင်း ထုတ်ချေးငွေနဲ့ ကြိုတင်ထုတ်ပေးငွေ စုစုပေါင်းကမေလမှာ သုည ဒသမ ၅ ရာခိုင် နှုန်းမြင့်တက်ပြီး စင်ကာပူဒေါ်လာ ၅၉၇ ဘီလီယံထိရောက်ရှိခဲ့ကြောင်း ဇွန်လ ၃၀ ရက်ကထုတ်ပြန်တဲ့ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ရဲ့ အစီရင်ခံစာမှာ တွေ့ရပါတယ်။

ဒါပေမယ့် ဘဏ်ထုတ်ချေးငွေက ၂၀၁၄ ခုနှစ်မေလကရှိခဲ့တဲ့ စင်ကာပူဒေါ်လာ ၅၉၇ ဒသမ ၅ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို ထုတ်ချေးတဲ့ စုစုပေါင်းချေးငွေနဲ့ ကြိုတင်ထုတ်ပေးငွေက လအလိုက်နှိုင်းယှဉ်ရင် သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး စင်ကာပူဒေါ်လာ ၃၅၉ ဒသမ ၇ ဘီလီယံနဲ့ အထွေထွေကူးသန်းရောင်းဝယ်မှုအတွက် ချေးငွေက ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး စင်ကာပူဒေါ်လာ ၇၂ ဒသမ ၈ ဘီလီယံရှိခဲ့ပါတယ်။

စားသုံးသူချေးငွေက သုည ဒသမ ၀၂ ရာခိုင်နှုန်းကျဆင်းပြီး စင်ကာပူဒေါ်လာ ၂၃၇ ဒသမ ၃၇ ဘီလီယံရှိခဲ့ပါတယ်။ ဒါပေမယ့် ချေးငွေကတ်အတွက်ထုတ်ပေးငွေက ဧပြီလမှာ ၉ ဒသမ ၆၁ ဘီလီယံရှိခဲ့ရာမှ သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး စင်ကာပူဒေါ်လာ ၉ ဒသမ ၆၃ ဘီလီယံရှိခဲ့ပါတယ်။ အိမ်ရာနဲ့ပေါင်းကူးချေးငွေက ယခင်နှစ် စင်ကာပူဒေါ်လာ ၁၇၀ ဒသမ ၇ ဘီလီယံရှိခဲ့ရာမှ မေလမှာ ၅ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး စင်ကာပူဒေါ်လာ ၁၇၉ ဒသမ ၄ ဘီလီယံထိရှိခဲ့ပါတယ်။

## ဥရောပကော်မရှင်ဥက္ကဋ္ဌက ဂရိနိုင်ငံကိုနောက်ဆုံးမိနစ်ကမ်းလှမ်း

ဥရောပကော်မရှင်ဥက္ကဋ္ဌ ယွန်ကလောယွန်ကာက ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးရက်မတိုင်မီကယ်တင်မှုချေးငွေအတွက် သဘောတူညီချက်ရဖို့ နောက်ဆုံးကမ်းလှမ်းချက်ကို ဂရိနိုင်ငံအားပေးအပ်ခဲ့ကြောင်း ဥရောပသမဂ္ဂ (အီးယူ) နဲ့ ဂရိအစိုးရသတင်းရပ်ကွက်မှပြောကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဥရောပကော်မရှင်ရဲ့ ကမ်းလှမ်းချက်ကို ဂရိဝန်ကြီးချုပ် အလက်ဇစ်ဆီပရပ်က လက်ခံကြောင်း စာဖြင့်ရေးသားပြီး အကြောင်းပြန်ရမှာ ဖြစ်ပါတယ်။ အဲဒီပြန်ကြားချက်ကို ဇူလိုင်လ ၅ ရက်မှာ ပြုလုပ်မယ့် ဆန္ဒခံ ယူပွဲမတိုင်မီကျင်းပမယ့် ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများရဲ့ အစည်းအဝေးမတိုင်မီ ပြန်ကြားပေးရမှာ ဖြစ်ပါတယ်။

ဒီအဆိုပြုချက်တွေက ဂရိနိုင်ငံရဲ့ ဂုဏ်သိက္ခာကိုကျဆင်းစေတယ်ဆိုပြီး ကယ်တင်မှုချေးငွေနဲ့ပတ်သက်တဲ့ငြင်းပယ်မှုတွေကို ဂရိနိုင်ငံကစွန့်လွှတ်ဦးမှာမဟုတ်ဘူးဆိုတဲ့ လက္ခဏာတွေတွေ့နေရပါတယ်။

ကမ်းလှမ်းချက်ကို လက်ခံမယ်ဆိုရင် ၂၀၁၂ ခုနှစ်ကထားခဲ့တဲ့ ချေးငွေကာလကုန်ဆုံးရက်ကို တိုးချဲ့ပေးဖို့၊ အတိုးနှုန်းတွေကိုလျှော့ချပေးဖို့နဲ့ ဂရိနိုင်ငံကိုထုတ်ချေးထားတဲ့ ယူရိုဇုန်ချေးငွေအတိုးနှုန်းပေးဖို့ရပ်ဆိုင်းထားတာကို ရက်ထပ်တိုးပေးဖို့လိုကြောင်း ယူရိုဇုန် ဘဏ္ဍာရေး ဝန်ကြီးတွေက ကြေညာချက်ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။

# ချစ်သူတွေဖြစ်သွားကြပြီလို့ ပွင့်ပွင့်လင်းလင်း ပြောလာကြတဲ့ ရိန်းနဲ့ကင်တေဟီး



ကေပေ့ါရဲ့အဆိုတော်သရုပ်ဆောင် မင်းသားချော ရိန်းနဲ့ မင်းသမီးချော ကင်တေဟီးတို့က သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်သွားကြပြီလို့ ကမ္ဘာတစ်လွှားမှာရှိတဲ့ သူတို့နှစ်ဦးရဲ့ ပရိသတ်တွေကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောကြားလိုက်ပြီလို့ kpop မှာ ဖော်ပြထားပါတယ်။ ယခုနှစ်အစောပိုင်းက သူတို့နှစ်ဦးဟာ တိတ်တဆိတ်ဆက်သွယ်နေခဲ့ကြတာကို မီဒီယာတွေက စာမျက်နှာထက်ကနေ ရေးသား ဖော်ပြခဲ့ကြပေမယ် သူတို့နှစ်ဦးစလုံးက မဟုတ်ပါဘူးလို့ ငြင်းဆိုခဲ့ကြပါတယ်။

ဇန်နဝါရီလ ၂၉ရက်နေ့မှာ ကင်တေဟီးကစပြီး သူနဲ့ရိန်းတို့ ချစ်ကြိုက်နေကြတယ်လို့ ကိုရီးယားရိုးရာဝတ်စုံချုပ်လုပ်တဲ့ဆိုင်မှာ အမှတ်မထင် ပြောကြားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူတို့နှစ်ဦးရဲ့လှုပ်ရှားမှုတွေကို သတင်းသမားတွေက စောင့်ကြည့်နေခဲ့ကြပါတယ်။ ကင်တေဟီးနဲ့ ရိန်းတို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက အမေရိကန်နိုင်ငံ၊လော့စ်အိန်ဂျလိစ်မြို့ရဲ့Six Flags Magic Mountain ပန်းခြံမှာ တွေ့ဆုံခဲ့ကြပါတယ်။ အဲဒီနောက်မှာ သူတို့နှစ်ဦးဟာ တကယ့်ချစ်သူတွေ ဖြစ်သွားကြပြီလို့ မီဒီယာတွေကတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လ ၂၈ရက်နေ့က ကင်တေဟီးနဲ့ ရိန်းတို့ဟာဆိုးလ်မြို့ရဲ့ ဂန်နမ်ရပ်ကွက်မှာရှိတဲ့ စားသောက်ဆိုင်မှာ ချိန်းတွေ့ခဲ့ကြတယ်လို့ဆိုပါတယ်။ ဒ့ါပြင် ဇူလိုင်လ ၄ရက်နေ့ကလည်း သူတို့နှစ်ဦးဟာ ဂန်နမ်ရပ်မှာရှိတဲ့ကော်ဖီဆိုင်မှာ တွေ့ဆုံခဲ့ကြပြီး နှစ်ဦးသား ဓာတ်ပုံအရိုက်ခံခဲ့ကြတယ်လို့ ဆိုပါတယ်။



## ဇန်မာလစ်မပါသော်လည်း ကမ္ဘာတစ်လွှားခရီးစဉ် ပရိသတ်တွေရဲ့ အားပေးမှုကို အပြည့်အဝရခဲ့တဲ့ One Direction

One Direction အဖွဲ့ဟာ သူတို့ရဲ့ကမ္ဘာတစ်လွှား လှည့်လည်ဖျော်ဖြေတဲ့ ခရီးစဉ်မှာ ဇန်မာလစ်မပါဝင်ပေမယ့်လည်း ပရိသတ်တွေရဲ့အားပေးမှုကိုအပြည့်အဝ ရရှိခဲ့တယ်လို့ဆိုပါတယ်။

ဇန်မာလစ်ဟာ One Direction အဖွဲ့ကနေ ယခုနှစ်ဇန်နဝါရီလအတွင်းက နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ ဇန်မာလစ်ဟာ အဖွဲ့ကနေ ရုတ်တရက်နုတ်ထွက်သွားခဲ့တဲ့အတွက် အဖွဲ့ဝင်တွေအားလုံး အံ့အားသင့်ခဲ့ရပါတယ်။

One Direction အဖွဲ့ဟာ အမေရိကတိုက်မြောက်ပိုင်းတစ်ခွင်မှာ လှည့်လည်ဖျော်ဖြေခဲ့တဲ့ခရီးစဉ်မှာ ပရိသတ်တွေက ဇန်မပါတဲ့အတွက် အဖွဲ့ရဲ့ ထူးထူးခြားခြားပြောင်းလဲသွားတာကို သိမြင်ခံစားခဲ့ကြပါတယ်။

"ဇန်မပါတဲ့အတွက် ကျွန်တော်တို့ လေးယောက်တည်းနဲ့ သီချင်းတွေကို သီဆိုခဲ့ရတာပါ။ သီချင်းတွေဆိုတဲ့အခါတိုင်း ဇန်က ထူးခြားတာ တစ်ခုခုတော့ လုပ်ပြနေကြ။ အဲဒါကြောင့်လည်း ပရိသတ်တွေက တစ်ခုခုလိုနေတယ်လို့ ခံစားနေကြရတာပါ"လို့ ဟယ်ရီက ပြောကြားခဲ့ပါတယ်။

သူဟာ အဲဒီအဖွဲ့မှာ အထင်ရှားဆုံးသော သူတစ်ဦးဖြစ်ပြီး ပရိသတ်တွေဟာ သူ့ရဲ့ထူးခြားတဲ့ သီဆိုဖျော်ဖြေမှုတွေကြောင့် ထူးထူးကဲကဲ အားပေးခဲ့ကြတယ်လို့ ဆိုပါတယ်။

One Direction အဖွဲ့ဟာ ခုချိန်မှာ အယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီး မကြာခင်မှာ ထွက်ရှိလာတော့မှာဖြစ်တယ်လို့ ဆိုပါတယ်။

"သူမရှိပေမယ့်လည်း သူရှိစဉ်က စီစဉ်ထားခဲ့တဲ့ ဒီအယ်လ်ဘမ်သစ်အတွက် ကျွန်တော်တို့ ဆက်ပြီးလုပ်ဆောင်နေကြပါတယ်။ မကြာခင်မှာ ထွက်ရှိလာတော့မှာပါ"လို့ ဟယ်ရီက ပြောကြားခဲ့ပါတယ်။

# အယ်လ်ဘမ်အသစ် Swish ကို မပယ်ဖျက်ပါဘူးလို့ ငြင်းဆိုလိုက်တဲ့ ကင်ယေးဝက်စ်



အမေရိကန်ရက်ပါအဆိုတော် ကင်ယေးဝက်စ်ရဲ့အယ်လ်ဘမ်အသစ်ဖြစ်တဲ့ Swish ကို ပယ်ဖျက်လိုက်ပြီဆိုတဲ့သတင်းဟာ မဟုတ်ပါဘူးလို့ ငြင်းဆိုလိုက်ပါတယ်။ ကင်ယေးဝက်စ်ဟာ အဲဒီအယ်လ်ဘမ်ကို အက်ပဲလ်ကုမ္ပဏီနဲ့ချိတ်ဆက်ပြီး အွန်လိုင်းကနေ စတင်ဖြန့်ချိနိုင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။

အဲဒီသီချင်းဟာ ၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့တဲ့ Yeezus သီချင်းအယ်လ်ဘမ်လိုပဲ အောင်မြင်မှုတွေရရှိလိမ့်ဦးမယ်လို့ ဆိုပါတယ်။

Yeezus အယ်လ်ဘမ်ထွက်ရှိစဉ်က အွန်လိုင်းကနေ ဝယ်ယူမှုဟာ စံချိန်တင်လောက်တဲ့အရေအတွက်မျိုး ရရှိခဲ့သလို အယ်လ်ဘမ်ချပ်ရေ သန်းနဲ့ချီပြီး ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

ကင်ယေးဝက်စ်ဟာ သူ့ရဲ့အယ်လ် ဘမ်သစ်ကို အက်ပဲလ်ရဲ့အစီအစဉ်သစ်ဖြစ်တဲ့ Music Timeline အစီအစဉ်နဲ့အတူ စတင်မှာဖြစ်ပါတယ်။ အက်ပဲလ်ရဲ့ Music Timeline အစီအစဉ်က iTune သီချင်းတစ်ပုဒ်ဝယ်ယူပါက လက်ဆောင်များပါ ပါဝင်မယ့်အစီအစဉ်သစ်ဖြစ်ပါတယ်။

အဲဒီအစီအစဉ်ကို ကင်ယေးဝက်စ်ရဲ့ အယ်လ်ဘမ်သစ်နဲ့အတူ စတင်ဖွင့်လှစ်မှာဖြစ်တယ်လို့ဆိုပါတယ်။ အမေရိကန် ရက်ပါအဆိုတော်ဟာ ဂရမ်မီဆုအပါအဝင် ဆုပေါင်းများစွာကို ရရှိထားသူတစ်ဦးဖြစ်ပါတယ်။ အဲဒါကြောင့် သူ့အနေနဲ့ ဆုပေးပွဲဆိုတာတွေကို မုန်းလာပြီလို့လည်း ထုတ်ဖော်ပြော ကြားခဲ့ပါသေးတယ်။

အသက် ၃၈နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကင်ယေးဝက်စ်က သူ့ရဲ့ဂီတ၊ သူရဲ့အနုပညာကို နှစ်သက်လို့ သူ့ကို ဆုတွေ ချီးမြှင့်ကြပေမယ့် သူ့အနေနဲ့အဲဒီလိုပွဲတွေကို တက်ရတာကို ငြီးငွေ့လာပြီလို့ ဆိုပါတယ်။

# ကောလာဟလတွေကို ချေဖျက်ဖို့ ဟန်းနီးမွန်းထွက်ခဲ့တဲ့ မီလီမက်ကင်တော့ရှ်



Made in Chelsea တီဗွီအစီအစဉ်ရဲ့ အစီအစဉ်တင်ဆက်သူတစ်ဦး ဖြစ်တဲ့ မီလီမက်ကင်တော့ရှ်ဟာ သူနဲ့ခင်ပွန်းဖြစ်သူတို့ကြားမှာဖြစ်ပေါ်နေတဲ့ ကောလာဟလတွေကိုချေဖျက်ဖို့အတွက် လန်ဒန်မြို့မှာရှိတဲ့ Broadgate Circle ကို ဟန်းနီးမွန်းခရီးထွက်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့လအတွင်းက မီလီနဲ့ဂရင်းတို့နှစ်ယောက် ကတောက်ကဆဖြစ်ခဲ့ကြပြီးနောက် မီလီက ခင်ပွန်းဖြစ်သူ ပရော်ဖက်ဆာဂရင်းကို လမ်းခွဲဖို့တောင်းဆိုခဲ့တယ်ဆိုတဲ့ သတင်းဟာ ပါပါရာဇီတွေရဲ့စာမျက်နှာထက်မှာ နေရာယူခဲ့ပါတယ်။

အဲဒီသတင်းတွေမှာ မီလီဟာဂရင်းကို အစ္စတန်ဘူလ်ကိုရောက်ရှိစဉ် တရားဝင်လမ်းခွဲဖို့ တောင်းဆိုခဲ့တယ်လို့ဆိုပါတယ်။

ရက်ပါအဆိုတော်တစ်ဦးဖြစ်တဲ့ ပရော်ဖက်ဆာဂရင်းနဲ့ မီလီတို့ လက်ထပ်ခဲ့ကြတာဟာ ၂၁ လသာရှိပါသေးတယ်။

မီလီဟာ အစ္စတန်ဘူကို အလည်အပတ်သွားရောက်စဉ် သူတို့နှစ်ဦးကို လာရောက်ကြည့်ရှုနေကြတဲ့ပရိသတ်တွေရဲ့ရှေ့မှာ လမ်းခွဲဖို့ ဂရင်းကို ပြောကြားခဲ့တာပါလို့ သည်ဆန်းသတင်းစာက ထုတ်ဖော်ရေးသားခဲ့ပါတယ်။

သည်ဆန်းသတင်းစာက "လူတွေ အများကြီးက သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြတယ်။ သူ(မီလီ)ဟာ ကြောက်လန့်တကြား ပြေးထွက်လာပြီး ကွာရှင်းပေးဖို့အကြောင်းကို အော်ဟစ်ပြောခဲ့တာပါ"လို့ ဖော်ပြထားပါတယ်။

အဲဒီလိုသတင်းတွေ ထွက်ပေါ်လာခဲ့ပြီး တစ်ပတ်အကြာမှာ မီလီနဲ့ ဂရင်းတို့ဟာ ဟန်းနီးမွန်းခရီးသွားခဲ့ကြပြီး သူတို့နှစ်ဦးနဲ့ပတ်သက်ပြီး ထွက်ပေါ်ခဲ့တဲ့ ကောလာဟလတွေကို ချေဖျက်ခဲ့တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံတွင် အကောင်းဆုံးသော ကျန်းမာရေးဆိုင်ရာကုန်စည်ပြပွဲကြီး

# MYANMAR PHAR-MED EXPO 2015

**The 3rd International Exhibition and Conference on Pharmaceutical and Medical Industry for Myanmar**

တတိယအကြိမ် မြန်မာ့ နိုင်ငံတကာ ဆေးဝါး နှင့် ဆေးပစ္စည်းဆိုင်ရာကုန်စည်ပြပွဲ နှင့်ဟောပြောပွဲအခမ်းအနား

**9 - 11 July 2015**

၉ ရက်နေ့ မှ ၁၁ ရက်နေ့ ထိ၊ ၂၀၁၅

Myanmar Convention Center (MCC)
YANGON, MYANMAR

Daily Opens: 09:00am - 05:00pm (Free Entrance)
နေ့စဉ် - မနက် ၉ နာရီ မှ ညနေ ၅ နာရီ
(ဝင်ကြေးအခမဲ့)

စီစဉ်သူ

တွဲဖက်ပူးပေါင်းစီစဉ်သူ

www.pharmed-myanmar.com
www.veas.com.vn

ပူးပေါင်းစီစဉ်သူများ

လာရောက်လိုသူများ
ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။
(ဝင်ကြေး အခမဲ့)

**Tel:**
+95 1 377 854/
+95 1 240 677
**Mobile:**
+95 94 2002 5684
**Fax:**
+95 1 240 677
**Email:**
info@minhvi.com

## Connecting Healthcare Professionals/ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများ နှင့်တွေ့ ဆုံခြင်း

Cordially invite you to the Opening Ceremony of Myanmar Phar-Med Expo
10:00 AM 9th July 2015 at Main Stage, Myanmar Covention Center (MCC)

မြန်မာ့နိုင်ငံတကာဆေးဝါးဆိုင်ရာကုန်စည်ပြပွဲ၏ ဖွင့်ပွဲအခမ်းအနားသို့ လူကြီးမင်းများအား လေးစား စွာ ဖိတ်ကြားအပ်ပါသည်
ဇူလိုင်လ ၉ ရက်နေ့၊ ၂၀၁၅ ခုနှစ်၊ MCC ခန်းမ ၏ စင်မြင့်

+ Meet healthcare suppliers worldwide
Germany, Singapore, Malaysia, Vietnam, Japan, China, Taiwan, Indonesia, India, Sri Lanka, Myanmar, etc.

+ HIGHLIGHT SEMINAR PROGRAM

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနတွင် ထုတ်ကုန်များမှတ်ပုံတင်ခြင်း
မြန်မာနိုင်ငံရှိ ဆေးခန်းနှင့်ဆေးရုံများဖွံ့ ဖြိုးမှုအကြောင်း
မြန်မာနိုင်ငံ၏ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ နှင့် အခွင့်အရေးများလေ့လာခြင်း
ကျန်းမာရေးဆိုင်ရာကိရိယာ အသစ်အဆန်းများအကြောင်း
မြန်မာနိုင်ငံ၏ Spirulina ထုတ်ကုန်အကြောင်း
ကျန်းမာရေးဆိုင်ရာ ရိုက်ကူးရေးနည်းစနစ်များအကြောင်း




ထောက်ပံ့ထားသူများ

မြန်မာနိုင်ငံဆေး နှင့် ဆေးပစ္စည်းကုန်သည်များ နှင့်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံလုပ်ငန်းရှင်များအသင်း

မီဒီယာ ကမကထပြုသူများ

Trade Winds, IndianMedical.in, IndianPharma.in, Proven Trade Contacts, INFOMEDIX, ICPC.biz, MEDICAL EVENTS — Your Best Partner to Promote Your Events



## စိုက်ပျိုးရေးသမားများအားထားရာ .........

# မာလာမြိုင်

## စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၄၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နှင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ X ၃၂ နှင့် ၇၇ X ၇၈ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

# COMMERCE INTERNATIONAL

## ဗီယက်နမ်သီဟိုဠ်စေ့တင်ပို့မှု တစ်ဟုန်ထိုးမြင့်တက်

ယခုနှစ် ပထမနှစ်ဝက်မှာ ဗီယက်နမ်နိုင်ငံရဲ့ သီဟိုဠ် ပြည်ပတင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံဖိုးရှိတဲ့အတွက် နှစ်အလိုက်နှိုင်းယှဉ်ရင် ၂၈ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဗီယက်နမ်သီဟိုဠ်အသင်း (Vinacas) ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

နိုင်ငံအများအပြားမှာ ကာလရှည်ကြာစွာ မိုးခေါင်ခြောက်သွေ့မှုကြောင့် သီဟိုဠ်စေ့အပါအဝင် သစ်စေ့အမျိုးမျိုးရဲ့ဈေးနှုန်းတွေ မြင့်တက်လာစေခဲ့ကြောင်း၊ ဒါကြောင့် သီဟိုဠ်စေ့ပို့ကုန်ဈေးနှုန်းကလည်း ဤကာလအတွင်းမှာ ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် ပိုမိုမြင့်မားလာခဲ့ကြောင်း သီဟိုဠ်အသင်း ဥက္ကဋ္ဌ ငုယင်သန်းက ဟိုချီမင်းစီးတီးမှာ ဇူလိုင် ၂ ရက်ကကျင်းပတဲ့ အစည်းအဝေးမှာ ပြောပါတယ်။ အဲဒီကာလအတွင်းမှာ ဗီယက်နမ်ရဲ့ ပို့ကုန်က ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။



အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံနဲ့ နယ်သာလန်နိုင်ငံတို့ဟာ ဗီယက်နမ်သီဟိုဠ်စေ့ကို အများဆုံးဝယ်ယူတဲ့နိုင်ငံတွေဖြစ်ပြီး စုစုပေါင်းဝယ်ယူမှုရဲ့ ၃၅ ဒသမ ၅၇ ရာခိုင်နှုန်း၊ ၁၄ ဒသမ ၆၆ ရာခိုင်နှုန်းနဲ့ ၁၀ ဒသမ ၄၉ ရာခိုင်နှုန်းကို အသီးသီးဝယ်ယူကြပါတယ်။

သီဟိုဠ်အပါအဝင်သစ်စေ့တွေရဲ့ သိုလှောင်လက်ကျန်က မြောက်အမေရိကနဲ့ ဥရောပဒေသတွေမှာ ပထမခြောက်လအတွင်း ကျဆင်းလျက်ရှိနေပြီး သစ်စေ့တွေရဲ့ ကမ္ဘာ့ဝယ်လိုအားက ခိုင်ခိုင်မာမာမြင့်မားလျက်ရှိပါတယ်။ ဒီလိုအလားအလာကြောင့် ယခုနှစ်မှာ သီဟိုဠ်စေ့လုပ်ငန်းအတွက် အလားအလာကောင်းတွေဖြစ်ကြောင်း သူက ပြောပါတယ်။

သီဟိုဠ်စေ့ တင်ပို့မှုလုပ်ငန်းမှ တန်ချိန် ၃၀၀၀၀၀ တင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိခဲ့ပြီး သီဟိုဠ်ခွံမှ ထုတ်တဲ့ အဆီတင်ပို့မှုက နောက်ထပ်ဒေါ်လာ ၂၀၀၀၀၀ မှ ၃၀၀၀၀၀ အထိ ရရှိမယ်လို့ ခန့်မှန်းထားပါတယ်။

လာမယ့် စက်တင်ဘာမှ မတ်လအထိ သစ်စေ့ဆံများရဲ့ ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာမယ်လို့ ခန့်မှန်းကြောင်းနဲ့ ယခုနှစ်နောက်ပိုင်းလများအတွက် ပို့ကုန်အမှာစာများကို ရရှိထားပြီးဖြစ်ကြောင်း Hoang Son I Co., ကုမ္ပဏီရဲ့ ဒါရိုက်တာ ကွမ်ဟူယင်က ပြောပါတယ်။

ပို့ကုန်တိုးမြှင့်နိုင်ဖို့အတွက် ထုတ်ကုန်အရည်အသွေးတွေ တိုးတက်အောင်ဆောင်ရွက်ဖို့နဲ့ ပိုးမွှားကင်းစင်အောင် ယခုဆောင်ရွက်နေတာထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ဖို့လိုကြောင်း သန်းနဲ့ဟူယင်တို့နှစ်ဦးစလုံးက ပြည်တွင်းကြိတ်ခွဲပြုပြင်သူတွေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေကို တိုက်တွန်းပါတယ်။

ကြိတ်ခွဲပြုပြင်သူတွေအတွက် အစိုးရက စံနှုန်းတွေသတ်မှတ်ပေးဖို့လည်း ဟူယင်က တိုက်တွန်းပါတယ်။

**UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE : 6th July 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | | | S/O CUT | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | | | S/O CUT | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | | | S/O CUT | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | | | S/O CUT | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | | | S/O CUT | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | | | S/O CUT | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

GLE

Andaman Lines Sailing Schedule

Date : 6.7.2015

SAILING SCHEDULE FOR IMPORT

| VOYAGE | ETD/ETA | |
|---|---|---|
| | RANONG | YANGON( AIPT ) |
| RY-1507-018N | 9-Jul-15 | 11-Jul-15 |
| RY-1507-019N | 16-Jul-15 | 18-Jul-15 |
| RY-1507-1VN | 20-Jul-15 | 23-Jul-15 |
| RY-1507-020N | 23-Jul-15 | 25-Jul-15 |
| RY-1507-2VN | 28-Jul-15 | 30-Jul-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1507-018S | 12-Jul-15 | 15-Jul-15 |
| MV. MOONLIGHT | RY-1507-1VS | 17-Jul-15 | 19-Jul-15 |
| MV. JRS CARINA | RY-1507-019S | 19-Jul-15 | 22-Jul-15 |
| MV. MOONLIGHT | RY-1507-2VS | 24-Jul-15 | 27-Jul-15 |
| MV. JRS CARINA | RY-1507-020S | 26-Jul-15 | 29-Jul-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797
Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Agility Project Logistics
TransOffshore Logistics Pte Ltd
NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED
Dee Delight Maritime & Consultants Co Ltd